# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၂၅)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

## နိုင်ငံတကာနှင့် ပြည်တွင်းမှ မိမိတို့နိုင်ငံ တွေ့ကြုံရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ပကတိအခြေအနေမှန်ကို ကောင်းစွာနားလည်ပြီး ဝိုင်းဝန်းကူညီပံ့ပိုးပေးစေလိုကြောင်း နိုင်ငံတော်သမ္မတ ပြောကြား



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့်ကော်မရှင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များအပေါ် မြန်မာနိုင်ငံ၏ ရေရှည် အမျိုးသားအကျိုးစီးပွားကို မျှော်မှန်းလျက် နိုင်ငံတော်၏ ဥပဒေ၊ မူဝါဒများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိရေးအပါအဝင် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ပထမဆုံးအကြိမ် Video Conferencing Meeting ပြုလုပ်** — စာ ၃

**ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ရန်ကုန်မြို့တွင်း သန့်ရှင်းသာယာလှပမှု ပိုမိုတိုးတက်လာဟု သုံးသပ်ပြောကြား** — စာ ၅

**တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်သို့ ၁၃ ခုမြောက် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်** — စာ ၁၄


# အိန္ဒိယ၏ ပဲတင်သွင်းမှုမူဝါဒအရွေ့နှင့် ပစ္စက္ခ မြန်မာ့ပဲလောက၏ဂယက်

**သတင်းဆောင်းပါး-မင်းသစ်(MNA)**

**ဓာတ်ပုံ - ဇော်မင်းလတ်**



**ရန်ကုန် ဩဂုတ် ၂၃**

အိန္ဒိယအစိုးရက ဩဂုတ် ၅ ရက်တွင် မြန်မာနိုင်ငံမှ အဓိက တင်ပို့နေသည့် ပဲစင်းငုံကို တန်ချိန် နှစ်သိန်းထိသာ ကန့်သတ် တင်သွင်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင်လည်း မတ်ပဲနှင့် ပဲတီစိမ်းကို တန်ချိန် သုံးသိန်းအထိသာ တင်သွင်းခွင့်ပြုရန် ကန့်သတ်ခဲ့မှုတို့က မြန်မာ့ပဲဈေးကွက်ကို ကြီးမားသော ဂယက်များ ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိက ပြည်ပပို့ကုန် ပဲသုံးမျိုးကို ယင်းသို့ ကန့်သတ်ကုန်စည်အဖြစ် ဆုံးဖြတ်ခဲ့မှုကြောင့် ပြည်တွင်း ပဲကုန်သည်များ လက်ထဲတွင် ပဲစင်းငုံ တန်ချိန် တစ်သိန်းနီးပါးခန့်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❍




မြန်မာ့အလင်း

# အာဆီယံစီးပွားရေးရိပ်မြုံ၏ ၂၀၂၅ လမ်းပြမြေပုံ

အာဆီယံစီးပွားရေးရိပ်မြုံ (**ASEAN Economic Community -AEC**) ၏၂၀၂၅ လမ်းပြမြေပုံ (**Blueprint 2025**) ကို ၂၀၁၅ခုနှစ်က ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံစီးပွားရေးရိပ်မြုံ (**AEC**) ကို အာဆီယံဒေသတစ်ခုလုံးအား နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ပေါင်းစည်းမှုမြှင့်တင်ရေးအတွက် ရည်ရွယ်ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံစီးပွားရေးရိပ်မြုံ၏ပင်မရည်ရွယ်ချက်သည် အရှေ့တောင်အာရှဒေသအား တစ်ကမ္ဘာလုံးအတိုင်းအတာအရ ယှဉ်ပြိုင်နိုင်စွမ်းရှိသော တစ်ခုတည်းသော ဈေးကွက်နှင့် ကုန်ထုတ်လုပ်ရေးရပ်ဝန်းတစ်ခုအဖြင့် ဖန်တီးရန်ဖြစ်ပါသည်။ တစ်ခုတည်းသော ကုန်ထုတ်လုပ်ရာရပ်ဝန်းဆိုရာ၌လည်း ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့အပါအဝင် ကျွမ်းကျင်လုပ်သားတို့ အာဆီယံ ၁၀ နိုင်ငံအကြား အပြန်အလှန်လွတ်လွတ်လပ်လပ်စီးဆင်းခွင့်ရှိသော ရပ်ဝန်းမျိုးဖြစ်ပါသည်။ ဤကဲ့သို့ အပြန်အလှန်လွတ်လွတ်လပ်လပ်စီးဆင်းရာ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးတို့လည်း အကျုံးဝင်ပါဝင်မည် ဖြစ်ပါသည်။

အာဆီယံစီးပွားရေးရိပ်မြုံ (**AEC**) ၏ ၂၀၂၅ လမ်းပြမြေပုံ အောင်မြင်မှုကို မြောက်မြားစွာသော ကုမ္ပဏီတို့က အာဆီယံကို တစ်ခုတည်းသောဈေးကွက်အဖြစ် သတ်မှတ်ချဉ်းကပ်နေသည်ဟူသော ရိုးစင်းသော အချက်က သက်သေပြနေပါသည်။ အာဆီယံစီးပွားရေး ရိပ်မြုံ၏ အောင်မြင်မှုတို့ကို အသေးစိတ်အချက်အလက်တို့ဖြင့် ထပ်မံသက်သေပြပါမည်။ ၂၀၁၄ ခုနှစ် ကိန်းဂဏန်းအရ အာဆီယံသည် ကမ္ဘာပေါ်၌ သတ္တမမြောက်အကြီးမားဆုံး စီးပွားရေးအင်အားပိုင်ရှင် ဖြစ်ပါသည်။

အာဆီယံဒေသတစ်ခုလုံး၏ စုပေါင်းထုတ်ကုန်တန်ဖိုး (**GDP**) သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိ၍ အာရှ၌ တတိယမြောက်အကြီးမားဆုံး စီးပွားရေး ဖြစ်ပါသည်။ ဤစုပေါင်း ထုတ်ကုန်တန်ဖိုးပမာဏသည် အိန္ဒိယနိုင်ငံထက်ပင် များပြားပါသည်။ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၄ခုနှစ်အကြား အာဆီယံဒေသ၏ ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုပမာဏသည် အမေရိကန်ဒေါ်လာ တစ်ထရီလီယံ အထိပင်ရှိပါသည်။ အဆိုပါကုန်သွယ်မှုတိုးတက်မှုပမာဏ၏ ၂၄ ရာခိုင်နှုန်းကို အာဆီယံနိုင်ငံများကြား အပြန်အလှန်ကုန်သွယ်မှုမှ ရရှိခြင်းဖြစ်ပါသည်။ ဤကာလ၌ပင် အာဆီယံဒေသ၏ ကမ္ဘာတစ်လွှား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရရှိမှုအချိုးအစားသည် ငါးရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ တိုးပွားခဲ့ပါသည်။ လူဦးရေ ၆၂၂ သန်းရှိသော အာဆီယံသည် ကမ္ဘာကြီး၏ တတိယမြောက်အကြီးမားဆုံးဈေးကွက် ဖြစ်ပါသည်။

သို့သော် အာဆီယံ ၁၀ နိုင်ငံအကြား အခြေခံအဆောက်အအုံကအစ၊ နည်းပညာကအလယ်၊ ဖွံ့ဖြိုးတိုးတက်မှုကအဆုံး ကိစ္စရပ်များစွာ၌ ဆူကြုံနိမ့်မြင့် ကွာခြားနေသည်ဖြစ်၍ တစ်ခုတည်းသော ဈေးကွက်အဖြစ်ဖန်တီးရန် စိန်ခေါ်မှုများစွာကို ကျော်လွှားရဦးမည်ဖြစ်ပါသည်။ ဤစိန်ခေါ်မှုတို့ကို ကျော်လွှားနိုင်ရန်အတွက် ဘုံမူဝါဒ မူဘောင်တစ်ရပ်ကို ရှင်းလင်းတိကျသော လုပ်ထုံးလုပ်နည်းတို့ဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ အဆိုပါဘုံမူဝါဒ မူဘောင်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတို့ကို မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တို့က ကျွမ်းကျွမ်းကျင်ကျင်နားလည်မှသာ တိုင်းပြည်အတွက် စီးပွားရေးအကျိုးအမြတ်တို့ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကဲ့သို့ကျွမ်းကျွမ်းကျင်ကျင်နားလည်ရေးကို အထောက်အပံ့ဖြစ်စေမည့် အာဆီယံစီးပွားရေးရိပ်မြုံ၏ ၂၀၂၅ လမ်းပြမြေပုံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းကို လှိုက်လှဲစွာကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၈-၂၀၁၇(ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၉း၁၀ | - | "ရာသီတုပ်ကွေးကင်းစင်ရေး ဆင်ခြင်မနေးလိုက်နာပေး" |
| ၉း၃၅ | - | ASEAN Spotlight |
| | | (က) အာဆီယံပါလီမန်များ အထွေထွေညီလာခံ (မြန်မာ) |
| | | (ခ) ဂျာဗာ၏ လင်းရောင်ခြည် (အင်ဒိုနီးရှား) |
| ၁၃း၀၀ | - | ဆေးရောင်စုံရုပ်ရှင် "သံယောဇဉ် ယာဉ်စွန်းတန်း" (ပထမပိုင်း) ကျော်ဟိန်း၊ နိုင်းနိုင်း၊ ထက်ထက်မိုးဦး ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | "အန္တရာယ်ကိုသတိနဲ့စားကွမ်းယာကြိုက်သူများ" |
| ၁၇း၃၀ | - | လူမှုစီးပွားမြင်ကွင်းများ |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ"(အပိုင်း- ၉၇) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | "(၂၉)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအစီအစဉ်" |

# (၆) ကြိမ်မြောက် မဲခေါင်ဒေသလေကြောင်းသွားလာမှု စီမံခန့်ခွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

(၆) ကြိမ်မြောက် မဲခေါင်ဒေသ လေကြောင်းသွားလာမှု စီမံခန့်ခွဲရေးညှိနှိုင်းအစည်းအဝေး (6th Mekong ATM Coordination Group Meeting (MK-ATM/CG/6)) ကို ယမန်နေ့က ရန်ကုန်မြို့ချက်ထရီယံဟိုတယ်၌ကျင်းပရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင် တက်ရောက် အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးသည် မဲခေါင်ဒေသ လေကြောင်းသွားလာမှု စီမံခန့်ခွဲရေးကို အဖွဲ့ဝင်နိုင်ငံများက တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလာခဲ့ရာ ယခု (၆) ကြိမ်မြောက် အစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။




အစည်းအဝေးသို့ မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ မြို့ပြလေကြောင်းအာဏာပိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ၊ လေကြောင်းလိုင်းကိုယ်စားလှယ်များ၊ IATA (International Air Transport Association) မှ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသည် မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများ၊ လေကြောင်းလိုင်းများနှင့် လေပိုင်နက်အသုံးပြုသူများအကြား လေကြောင်းလမ်းညွှန်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးဖြစ်သည်။ ယင်းအစည်းအဝေးကို ကျင်းပခြင်းအားဖြင့် မဲခေါင်ဒေသအတွင်းတွင် လေကြောင်းပျံသန်းမှုများ တစ်ပြေးညီအဆင်ပြေချောမွေ့စေရေး ရည်ရွယ်၍ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ လေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်များ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ပါဝင်ညှိနှိုင်းဆွေးနွေးကြ၍ မဲခေါင်ဒေသလေကြောင်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး**

ထင်သာမြင်သာပွင့်လင်းမြင်စရာ

# စာသင်ကျောင်းအနီး ရွှေချက်ကန်မှ စွန့်ပစ်အရည်များ တားမြစ်ထိန်းသိမ်းပေးစေလို

ဖန်းမောက်မြို့နယ်နှင့် မိုင် ၂၀ ခန့်ဝေးသော ပင့်စင်တဲကျေးရွာအုပ်စု လယ်ကျင်းကျေးရွာရှိ စာသင်ကျောင်းအနီး၌ ကျောက်ရွှေများ တူးဖော်လျက်ရှိပြီး ရွှေရရှိရေးအတွက် ရွှေပျော်ဝင်နိုင်ဆေးဖြင့် ပြုလုပ်ရာ ရွှေချက်ကန်မှ စွန့်ပစ်ပြဒါးအရည်များ လှည်းလမ်းမပေါ်သို့ စီးဆင်းနေသဖြင့် တားမြစ်ထိန်းသိမ်းပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လယ်ကျင်းရွာမှာ လူဦးရေ ၂၃၀ ကျော်၊ အိမ်ခြေ ၄၀ ရှိပါတယ်။ တောင်သူ လယ်ယာလုပ်ငန်းကို အဓိကအားထား လုပ်ကိုင်သူတွေဖြစ်ပါတယ်။ နိုင်ငံတော်က ထောက်ပံ့ကူညီမှုနဲ့ စာသင်ကျောင်းတည်ဆောက်ပေးပါတယ်။ ဒါပေမယ့် အနီးမှာ တရားမဝင်သတ္တုကျောက်ရွှေတူးဖော်သူတွေက ရွှေချက်ကန်တည်ပြီး ရွှေရှာဖွေလုပ်ကိုင်ကြတယ်။ အဲ့ဒီရွှေချက်ကန်ကအရည်တွေ စီးကျလာလို့ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ၊ လယ်မြေတွေမှာ သီးနှံပျက်စီးမှုတွေဖြစ်လာတယ်။ ပိုဆိုးတာက ဘုန်းကြီးကျောင်းနဲ့ဆိုရင် ကိုက် ၂၀၀ ကျော်၊ စာသင်ကျောင်းနဲ့ ကိုက် ၄၀၀ ကျော်သာဝေးပါတယ်။ စွန့်ပစ်အရည်တွေ ရောက်ရှိလာတာကြောင့် လူတွေ၊ တိရစ္ဆာန်တွေအပေါ် ဆိုးကျိုးတွေ သက်ရောက်လာပါတယ်။ ရွာနဲ့တစ်မိုင်ခွဲခန့်မှာ ကေများစွာပိုင်ဆိုင်တဲ့ ထာဝရကုမ္ပဏီ အကျိုးတူရွှေတူးဖော်ရေးရှိပေမယ့် ကျေးရွာအပေါ် ထိခိုက်မှုမရှိပါဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။



ဖန်းမောက်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အရှိန်မြှင့်တင်ကာ တက်ကြွလှုပ်ရှားသူများအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်သူများ ပူးပေါင်း၍ ပတ်ဝန်းကျင်ပျက်စီးမှုပမာဏမြင့်တက်လာခြင်းမရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ သစ်တောများတွင် သားရဲတိရစ္ဆာန်များ၊ မျိုးကွဲငှက်များ ပျောက်ဆုံးသွားခြင်းရှိရာ ရွှေချက်ကန်မှ စွန့်ပစ်အရည်နှင့် ဆက်နွယ်ခြင်းရှိနိုင်သောကြောင့် တာဝန်ရှိသူများက တားမြစ်ထိန်းသိမ်းပေးရန် ဒေသခံများလိုလားလျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၃-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၉ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ ·၃၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၂၃ |
| တရုတ် | တစ်ယွမ် | ၂၀၄ ·၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၁၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✲ ရှေ့ဖုံးမှ

ပညာရေးကဏ္ဍ၌ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စနစ်တကျလက်ခံနေမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး အစီအမံများ၊ မူးယစ်ဆေးဝါးပြဿနာများ၊ သတင်းမီဒီယာရယူခွင့်ဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ပေးအပ်ခဲ့ရာ နိုင်ငံတော်သမ္မတက ယခု အစီရင်ခံစာကို အလေးအနက်ထား စဉ်းစားသွားမည်ဖြစ်ကြောင်း၊ အစိုးရ၏ ရခိုင်ပြည်နယ်ဆိုင်ရာလုပ်ငန်းစဉ်များအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ အချိန်အခါသည် နိုင်ငံတကာအသိုက်အဝန်းနှင့် မိမိတို့နိုင်ငံအကြား ယုံကြည်မှု ပိုမိုတိုးမြှင့်ရရှိစေရန် ကြိုးပမ်းနေရသည့် အချိန်ကာလလည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ မိမိတို့နိုင်ငံ တွေ့ကြုံရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ပကတိအခြေအနေမှန်ကို ကောင်းစွာနားလည်ပြီး ဝိုင်းဝန်းကူညီပံ့ပိုးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဒေါက်တာဝင်းမြတ်အေး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိုးပိုလာနိုင်

**နေပြည်တော် သြဂုတ် ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ပထမဆုံးအကြိမ် Video Conferencing Meeting ပြုလုပ်

**မကွေး သြဂုတ် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့ ပထမဆုံးအကြိမ်အဖြစ် Video Conferencing Meeting ကို ယနေ့နံနက် ၁၀ နာရီခန့်က ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်တာများအား တိုက်ရိုက်တင်ပြနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Conferencing လုပ်တယ်။ အွန်လိုင်းမှာ ဗီဒီယိုနဲ့ အမေးအဖြေလုပ်တာပေါ့။ ဒီနေ့ကျတော့ စစ်ကိုင်းတိုင်းဒေသကြီးရယ်၊ မကွေးတိုင်းဒေသကြီးရယ်၊ မန္တလေးတိုင်းဒေသကြီးရယ် လုပ်တယ်။ လိုအပ်ချက်တွေကို တင်ပြတယ်။ သူက ဘာလုပ်ဆိုပြီးတော့ ညွှန်ကြားတယ်။ မကွေးတိုင်းဒေသကြီးနဲ့ ပတ်သက်ပြီး တင်ပြတာက ငါးခုရှိတယ်" ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ၎င်း၏ ရုံးခန်း၌ မီဒီယာများအား တွေ့ဆုံရှင်းပြခဲ့သည်။

တင်ပြခဲ့သည့် အချက် ငါးချက်တွင် မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်နေသော အလျားမိုင် ၂၀၊ အနံ ၃မိုင်ခန့်ရှိ အလွန်အလားအလာကောင်းမွန်သော ရေနံမြေတစ်ခုကို တွေ့ရှိထားခြင်းကိစ္စ၊ မြေသိမ်းထားပြီး စီမံကိန်းများ အကောင်အထည်မဖော်ခြင်း၊ အကောင်အထည်ဖော်သော်လည်း မအောင်မြင်ခြင်းတို့နှင့်သက်ဆိုင်သည့် သိမ်းမြေများ အမြန်ဆုံးပြန်ပေးနိုင်ရေးကိစ္စ၊ ယခင်တိုင်းအစိုးရလက်ထက်မှ ရရန်ရှိပြီး ပြန်လည်ရရှိခဲ့သော ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းရန်ပုံငွေကျပ်သန်းပေါင်း ၃၂၇၀ အား မည်သည့်ကဏ္ဍများတွင် သုံးစွဲသွားရန် လျာထားခြင်းကိစ္စ၊ ကျေးရွာအနှံ့တွင် မော်တော်ဆိုင်ကယ်နှင့်ကားများ ရှိနေသည့်အပြင်



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို

ရေသန့်ဘူးကောက် ခတ်ဆီရောင်းရုံဖြင့် ထောင်ကျရသည့် ဘဝမျိုးများရှိနေသည့်အတွက် မီနီပန့်ခတ်ဆီဆိုင်လေးများ ဖွင့်ခွင့်ပေးရန်ကိစ္စ၊ ချင်းပြည်နယ်ကန်ပက်လက်နှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်စပ်တွင် အလွန်အလားအလာကောင်းသည့် သတ္တုကြောတွေ့ရှိမှုအတွက် သတ္တုသိုက်ကို သုတေသနပြုနိုင်ရေးကိစ္စတို့ဖြစ်ကြောင်း ဝန်ကြီးချုပ်က အသေးစိတ်ရှင်းပြသည်။

Video Conferencing ဆိုသည်မှာ ဗီဒီယို Call တစ်မျိုးဖြစ်ပြီး Group Chat ကဲ့သို့ ပုံစံမျိုးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး၌ ချိတ်ဆက်ထားသည့်လိုင်းမှာ 4M Speed အမြင့်ဆုံးဖြစ်သည့်အတွက် တစ်ကြိမ်မှာ လေးဦးထက်မကပြောလျှင် အနည်းငယ်ပုံရိပ်ဝါးကြောင်း၊ Central တစ်လိုင်းနှင့် Branch သုံးလိုင်းရှိသည့်အတွက် လေးဦးပြောလျှင် ကြည်လင်ပြီး e-Government လုပ်ငန်းစဉ်၏ အစလည်းဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့်တွေ့ဆုံ၊ အပြီးသတ်အစီရင်ခံစာဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် သြဂုတ် ၂၃**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေ ၆ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





❍ ရှေ့ဖုံးမှ

မတ်ပဲ တန်ချိန် သုံးသိန်းနီးပါးခန့် ကျန်ရှိနေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ နှမ်းကုန်သည်များအသင်းမှ သိရသည်။

"ပုံမှန်ပို့နေတဲ့ပဲတွေ အဝယ်ရပ်သွားတယ်။ ရောင်းဝယ်ထားပြီး သင်္ဘောတင်ပို့ထားတဲ့ ပဲတွေကလည်း အိန္ဒိယဆိပ်ကမ်းမှာ သင်္ဘောပေါ်က ချရမယ်၊ မချရဘူးဆိုတာ အဖြေက ထွက်မလာသေးဘူး"ဟု မြန်မာနိုင်ငံပဲမျိုးစုံ နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

ပဲစိုက်တောင်သူများ အနေဖြင့် မူလစိုက်ပျိုးနေကျအတိုင်း ပဲမျိုးစုံကို ဆောင်းသီးနှံအဖြစ် ယခုနှစ်တွင်လည်း စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံစိုက်ပျိုးမှုမှာ နှစ်လခန့်ရှိခဲ့ပြီး ပဲတီစိမ်းနှင့် မတ်ပဲကိုလည်း စိုက်ပျိုးရန် စီစဉ်လျက်ရှိနေချိန်တွင် အိန္ဒိယက ပဲတင်ပို့မှုကို ယခုကဲ့သို့ ရုတ်တရက်ကန့်သတ်လိုက်သဖြင့် အခက်ကြုံနေမှုများလည်းရှိကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ကမူ အခြားအစားထိုးသီးနှံ စိုက်ပျိုးရန်အဖြေရှာလျက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ နှမ်းကုန်သည်များအသင်းမှ သိရသည်။

"အိန္ဒိယက ပဲတင်သွင်းမှု မူဝါဒ သတ်မှတ်လိုက်တယ်။ သတ်မှတ်လိုက်တဲ့အပေါ် ပဲနှမ်းအသင်းကလည်း တင်ပြလာတယ်။ ဒီကိစ္စ တရားဝင်ဟုတ် မဟုတ် နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ အကြောင်းကြားပြီး မေးထားတယ်။ အခြေအနေအရပ်ရပ်ကိုလည်း သမ္မတရုံးကို တင်ပြထားတယ်။ ကျွန်တော်တို့ဆီကိုတော့ တရားဝင်စာပို့ထားတာမရှိဘူး၊ အိန္ဒိယဝန်ကြီးချုပ်မိုဒီ မြန်မာနိုင်ငံကို လာမယ့်ခရီးစဉ်မှာလည်း ဒီကိစ္စအတွက် တင်ပြသွားမယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်ကို နှစ်ပေါင်း ၃၀ နီးပါး တင်ပို့လျက်ရှိခဲ့သည့်နည်းတူ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံသို့ ဆေးဝါး၊ သကြားနှင့် လယ်ယာသုံးစက်ပစ္စည်းများ တင်ပို့နေသည့် အဓိကကုန်သွယ်ဖက်နိုင်ငံများ ဖြစ်ကြသည်။

ယခုကဲ့သို့ အိန္ဒိယ၏ ပဲတင်ပို့မှုကန့်သတ်လိုက်ခြင်းအပေါ် မကြာမီ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ ခရီးစဉ်အတွင်း ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံ ပဲမျိုးစုံ နှမ်းကုန်သည်များအသင်းက မျှော်လင့်ထားသည်။

"အိန္ဒိယဝန်ကြီးချုပ်မိုဒီ မြန်မာနိုင်ငံကိုလာတဲ့အခါ နောက်တစ်နှစ်အထိ မြန်မာနိုင်ငံက ပဲကိုဝယ်ယူဖို့ တာဝန်ရှိသူတွေက တိုက်တွန်းသွားမယ်လို့ သိရတယ်။ တိုက်တွန်းတာ အောင်မြင်၊ မအောင်မြင်တာကတော့ အိန္ဒိယဝန်ကြီးချုပ်ရဲ့ဆုံးဖြတ်ချက်အပေါ် မူတည်တယ်" ဟု အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံသို့ နှစ်စဉ်ပဲမျိုးစုံ မက်ထရစ်တန်ချိန် ၁၀ သိန်းကျော် တင်ပို့ခဲ့သည့်အနက် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို မက်ထရစ်တန်ချိန် ကိုးသိန်း၊ တန်ဖိုးအားဖြင့် မြန်မာငွေကျပ် ၁ ဒသမ ၄ ဘီလီယံခန့်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပဲတင်ပို့မှုအပိုင်းတွင်မူ ကနေဒါနိုင်ငံသည် ပထမနေရာတွင်ရှိနေပြီး သြစတြေးလျနိုင်ငံက ဒုတိယ၊ မြန်မာနိုင်ငံက တတိယအများဆုံး တင်ပို့လျက်ရှိကြသည်။ မြန်မာနိုင်ငံသည် ပဲမျိုးစုံတင်ပို့မှုကို အိန္ဒိယနိုင်ငံအပြင် တရုတ်၊ ဂျပန်၊ ဥရောပနိုင်ငံများနှင့် အာဆီယံနိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

"အိန္ဒိယဘက်က တင်ပို့တဲ့ပစ္စည်းကို မြန်မာနိုင်ငံဘက်က လက်ခံပြီး မြန်မာနိုင်ငံဘက်က တင်ပို့တဲ့ပစ္စည်းကို အိန္ဒိယဘက်က လက်မခံဘူးဆိုတော့ ကုန်သွယ်ရေး မညီမျှမှုဖြစ်တာပေါ့။ နှစ်ပေါင်း ၃၀ နီးပါး တင်ပို့နေတဲ့ပဲကို အကြောင်းမကြားဘဲ ပိတ်လိုက်တဲ့အတွက် ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း စည်းဖောက်ရာလည်းကျတယ်"ဟု အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

အိန္ဒိယနိုင်ငံက ပဲတင်ပို့မှုကန့်သတ်လိုက်ခြင်းကြောင့် ပဲဈေးကွက်အတွင်း မလိုလားအပ်သော ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်၍ အရောင်းအဝယ်ကို ခေတ္တယာယီရပ်ဆိုင်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ နှမ်းကုန်သည်များအသင်းမှ သိရသည်။

သို့သော် မန္တလေးမြို့တွင်မူ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့မှုရှိနေသောကြောင့် ပဲမျိုးစုံအရောင်းအဝယ်များ ပုံမှန်လည်ပတ်လျက်ရှိနေပြီး လတ်တလောလူမှုကွန်ရက်စာမျက်နှာများတွင် ထွက်ပေါ်နေသော ပဲလောက ငွေရေးကြေးရေး အရှုပ်အရှင်းများ ဖြစ်ပေါ်နေပြီဟူသည့် သတင်းများကလည်း ကောလာဟလများသာဖြစ်ကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံမှ ကုန်သည် ဦးစိုးဝင်းမြင့်က ပြောသည်။

မြန်မာ့ပဲဈေးကွက်သည် အိန္ဒိယနိုင်ငံတွင် အရှိန်အဟုန်မြင့် ထိုးဖောက်နေရာယူခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်မှုကို သင်ခန်းစာရယူပြီး ဈေးကွက်ကို ကျယ်ပြန့်စွာ ဖြန့်ကြက်နိုင်ရန်လည်း ပဲကုန်သည်များက အကြံပြုထားသည်။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်း IRI ၏ Senior Advisor Ms. Johanna Kao နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် သြဂုတ် ၂၃ -** ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် International Republican Institute (IRI) ၏ Senior Advisor Ms. Johanna Kao နှင့် အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိလွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် IRI အဖွဲ့ကို ၂၀၀၇ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် လူပေါင်း ၃၀၀၀ အား ကောက်ယူခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လူထုစစ်တမ်းကောက်ယူခြင်းကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်ခင် အနည်းဆုံးလူထုစစ်တမ်းတစ်ခု ထပ်မံကောက်ယူမည်ဖြစ်ကြောင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ ကိုယ်ရေးအကျဉ်း


မစ္စတာ ငုယင်ဖူးကျောင့်

မစ္စတာ ငုယင်ဖူးကျောင့်ကို ၁၉၄၄ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Dong Hoi ရပ်ကွက်၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး နိုင်ငံရေးဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ကို ရရှိခဲ့ပါသည်။

**စတင်ဝင်ရောက်ခဲ့**

မစ္စတာ ငုယင်ဖူးကျောင့်သည် ၁၉၆၇ ခုနှစ်တွင် ဗီယက်နမ် ကွန်မြူနစ်ပါတီသို့ စတင်ဝင်ရောက်ခဲ့ပြီး Communist Review ၌ အရာရှိအဖြစ် လည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပါတီတည်ထောင်ဖွဲ့စည်းရေးဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ မစ္စတာ ငုယင်ဖူးကျောင့်သည် ၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ Communist Review စာတည်းအဖွဲ့ဝင်၊ ဒုတိယစာတည်းမှူးချုပ်၊ စာတည်းမှူးချုပ်အဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဟနွိုင်းပါတီကော်မတီ၏ ဒုတိယအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ နိုင်ငံရေးဗျူရို သဘောတရားရေးရာ၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ၏ ကြီးကြပ်သူအဖြစ် လည်းကောင်း၊ ထို့နောက် ၂၀၀၁ ခုနှစ်အထိ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီ၏ အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**ခန့်အပ်ခြင်းခံရ**

မစ္စတာ ငုယင်ဖူးကျောင့်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ဟနွိုင်းပါတီ ကော်မတီ၏ (၁၂)ကြိမ်၊ (၁၃)ကြိမ်နှင့် (၁၄) ကြိမ် သက်တမ်းအတွင်း အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ထို့ပြင် ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အယူဝါဒရေးရာလေ့လာရေးဗဟိုကောင်စီ၏ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌနှင့် ပါတီ၏အယူဝါဒရေးရာ လုပ်ငန်းများတွင် ကြီးကြပ်သူအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၁၁)ကြိမ်မြောက်နှင့် (၁၂)ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**တာဝန်ထမ်းဆောင်လျက်ရှိ**

မစ္စတာ ငုယင်ဖူးကျောင့်သည် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ (၁၁)ကြိမ်နှင့် (၁၂)ကြိမ်မြောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yuan Guiren နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yuan Guiren နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# စင်ကာပူနိုင်ငံ၌ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ငွေလွှဲဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ DBS Mobile Banking ဖြင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆောင်ရွက်နိုင်သည့် ငွေလွှဲဝန်ဆောင်မှုအား မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)မှ ဆောင်ရွက်ပေးလျက်ရှိသည်။ ငွေလွှဲပို့မည့် စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာလူမျိုးများအနေဖြင့် DBS, Singapore တွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ပြီး DBS ဘဏ်၏ Internet Banking သို့မဟုတ် Mobile Banking ကို အသုံးပြု၍ MFTB မှတစ်ဆင့် မြန်မာနိုင်ငံရှိ မိသားစု(ဇနီး၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ ဆွေမျိုး)များထံသို့ ငွေလွှဲပို့နိုင်သည်။

ဝန်ဆောင်မှုအား ရယူသူသည် တစ်ကြိမ်လျှင် အများဆုံးစင်ကာပူဒေါ်လာ ၅၀၀၀ အထိ လွှဲပို့နိုင်ပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ နေ့စဉ်သတ်မှတ်ပေးသောငွေလဲနှုန်းဖြင့် မြန်မာကျပ်ငွေကို ငွေလက်ခံရရှိမည့်သူ၏ MPU Card Account သို့ ထည့်သွင်းပေးခြင်း၊ ငွေလက်ခံရရှိမည့်သူသည် MPU Card Account ကို MFTB တွင် ဖွင့်ထားပြီးပါက MFTB ရှိ ATM စက်များနှင့် မြန်မာတစ်နိုင်ငံလုံးရှိ မည်သည့် ATM စက်များတွင်မဆို ၂၄ နာရီ ပိတ်ရက်မရှိ ငွေကို ထုတ်ယူနိုင်ခြင်း၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များရှိ ငွေလက်ခံရရှိမည့်သူ၏ ငွေစာရင်းများသို့လည်း လွှဲပြောင်းထည့်ဝင်နိုင်ခြင်း စသည့် ဝန်ဆောင်မှုများကို ရရှိမည်ဖြစ်သည်။

အထူးဝန်ဆောင်မှုပေးခြင်းဖြစ်၍ စင်ကာပူနိုင်ငံ၌ ဘဏ်စရိတ် စင်ကာပူဒေါ်လာ ငါးဒေါ်လာကိုသာ လွှဲပို့ခအဖြစ် ပေးရမည်ဖြစ်ပြီး ယခုလောလောဆယ်တွင် စင်ကာပူရောက် မြန်မာအလုပ်သမားများအတွက် MFTB မှ ဘဏ်စရိတ် ကောက်ခံခြင်းမပြုဘဲ အထူးအစီအစဉ်အဖြစ် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

အသေးစိတ် အချက်အလက်များအား Hotline No.95-01-375324, 01-385034, Fax-95-01-254586 နှင့် Email.mftbygn1@myanmar.com.mm ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ရမ်းဗြဲ ဩဂုတ် ၂၃**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်း (လောင်းချောင်း) ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရမ်းဗြဲမြို့နယ် သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာကောင်းမြတ်ကျော်က ကျောင်းကျန်းမာရေးနှင့် ပတ်သက်သော ဗဟုသုတများ၊ သွားနှင့် ခံတွင်းအား သန့်ရှင်းအောင်ထားရှိရန်နှင့် အစာစားပြီးတိုင်း သွားတိုက်ရန်ပြောကြားခဲ့ပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးဆရာမက ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွား ကူးစက်တတ်ပုံကို ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းနှင့် လက်ဆေးနည်းများ သင်ပြပေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# ကျေးရွာလည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**သံတွဲ ဩဂုတ် ၂၃**

သံတွဲမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံချက် လေးယူနစ်အနက် နှစ်ယူနစ်ဖြစ်သည့် ကျွန်းပေါက်၊ ချောင်းဝကျေးရွာနှင့် ပဒဲကောကျေးရွာတို့ကို မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ တစ်ယူနစ်လျှင် ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၆၀၀ ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးတို့က လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များက လက်ခံယူကြသည်။

ထို့နောက် ကျေးရွာကော်မတီများက ချေးငွေများထုတ်ပေးရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။
**သန့်ဇင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း သစ်မျိုးသန့်ပြန့်ပွားရေး သင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၃**

သစ်တောဦးစီးဌာနမှ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းသစ်မျိုးသန့်ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက သစ်တောသုတေသနဌာန (ရေဆင်း) စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အမှာစကားပြောကြားပြီး သစ်တောအရာရှိကြီးများ၊ သုတေသီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှ တောအုပ်ကြီးအဆင့် သင်တန်းသား ၂၀၊ မြန်မာ့သစ်လုပ်ငန်းမှ သစ်အုပ်ကြီးအဆင့် သင်တန်းသား ငါးဦး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်း ကိုယ်စားလှယ် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကျွမ်းကျင်သည့် သင်တန်းဆရာများ၊ သစ်မျိုးသန့်မျိုးကောင်းများ မျိုးပွားခြင်းလက်တွေ့လုပ်ငန်းဆောင်ရွက်နေသည့် သုတေသီများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခြင်းနှင့် လက်တွေ့လုပ်ငန်းရလဒ်များ ရရှိလာစေရေးအတွက် မိုးစွေဒေသ၌ သင်တန်းသားများအား မျိုးကောင်း မျိုးသန့် သစ်စေ့များ၊ အပင်၏အစိတ်အပိုင်းများ စုဆောင်းနိုင်မည့် မျိုးသန့်ပင်များအား လက်တွေ့ရွေးချယ်စေခြင်း၊ သင်တန်းပြီးဆုံး၍ မိမိတာဝန်ကျရာနေရာများတွင် သဘာဝတော၊ စိုက်ခင်းများမှ မျိုးရိုးဗီဇကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ပင်များအား ရွေးချယ်စေ၍ နမူနာအစိတ်အပိုင်းများအား စုဆောင်း၍ သစ်တောသုတေသနဌာနသို့ ပေးပို့စေပြီး ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေမည်ဖြစ်ကြောင်း အဆိုပါသင်တန်းမှ သိရသည်။
**(သတင်းစဉ်)**

**ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လျှောက်ထားနိုင်**

**ရန်ကုန် ဩဂုတ် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီး သင်တန်းကျောင်း(ရန်ကုန်)၌ အသက် ၁၈ နှစ် မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် ၂၀၁၇-၂၀၁၈ ခုနှစ်၏ ဒုတိယအပတ်စဉ်အဖြစ် သုံးလသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၅၀၃၄၆၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား သင်တန်းတက်ရောက်စဉ်ကာလအတွင်း သင်ထောက်ကူပစ္စည်းများအခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေစားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဥပဒေပြုရေး၊ နိုင်ငံရေး၊ စီမံအုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် International Republican Institute (IRI) မှ Senior Advisor ဖြစ်သူ Johanna Kao နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Yuan Guiren နှင့် အဖွဲ့အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

International Republican Institute (IRI) မှ Senior Advisor ဖြစ်သူ Johanna Kao နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ International Republican Institute (IRI) ၏ ဖွဲ့စည်းမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ကာလအတွင်း IRI ၏ ပူးပေါင်းဆောင်ရွက်မှု၊ လူထုစစ်တမ်းကောက်ယူမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ လွှတ်တော်များဖွဲ့စည်းမှု၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းထားမှုများ၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် CPPCC ၏ ဖွဲ့စည်းမှု၊ ကော်မတီများဖွဲ့စည်းထားမှု၊ ဥပဒေပြုရေး၊ နိုင်ငံရေး၊ စီမံအုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Yuan Guiren အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ရန်ကုန်မြို့တွင်း သန့်ရှင်းသာယာလှပမှု ပိုမိုတိုးတက်လာဟု သုံးသပ်ပြောကြား



ဦးဇော်ဝင်းနိုင်
လက်ထောက်ဌာနမှူး

**ရန်ကုန် ဩဂုတ် ၂၃**

လူဦးရေထူထပ်များပြားသော မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့တွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကြောင့် မြို့တွင်း သာယာလှပမှုတွင် ယခင်ထက် ပိုမိုသန့်ရှင်းသာယာလှပမှု တိုးတက်လာပြီး အမှိုက်သိမ်းဆည်းရရှိမှုတွင်လည်း လျော့နည်းကျဆင်းလာကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးဇော်ဝင်းနိုင်က ပြောသည်။

"ရန်ကုန်မြို့တော်ကြီးမှာ အရင်ကဆို မနက်မိုးလင်းတာနဲ့ အမှိုက်တွေ များပြားနေတာတွေ့ရတယ်။ အခုနောက်ပိုင်း ပြည်သူတွေအနေနဲ့ ကားလမ်းမတွေမှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေ အရင်ကလိုမဟုတ်တော့ဘဲ တဖြည်းဖြည်း လျော့နည်းလာတယ်။ ဒါကလည်း ပြည်သူတွေကို စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု အသိပညာပေးတာတွေက တစ်စိတ်တစ်ဒေသ အောင်မြင်လာတယ်လို့ ယူဆလို့ရတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ဌာနအနေနဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကို ပြည်သူတွေကိုအသိပညာပေးမှုတွေ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိပါတယ်"ဟု ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၌ ကျင်းပသော Clean Yangon Campaign မီဒီယာရှင်းလင်းမှုတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးဇော်ဝင်းနိုင်က ပြောသည်။

ရန်ကုန်မြို့တွင် ယခုနှစ်အတွင်း ပြည်သူများပူးပေါင်းဆောင်ရွက်သော Clean Yangon Campaign ကို သုံးကြိမ်မြောက်ကျင်းပခဲ့ပြီး လာမည့် အောက်တိုဘာ ၂၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်းရေးဌာနနှင့် မင်္ဂလာပါပရဟိတ Clean Yangon အဖွဲ့တို့ ပူးပေါင်းကာ မြို့သန့်ရှင်းသာယာလှပရေးအတွက် ထပ်မံဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ Clean Yangon Campaign တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့်အတူ မင်္ဂလာပါ ပရဟိတ Clean Yangon က ဦးဆောင်ကာ စုစုပေါင်း ပရဟိတအဖွဲ့ ၄၀ ဝန်းကျင် ပါဝင်လှုပ်ရှားကြမည်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကမာရွတ်မြို့နယ် လှည်းတန်း တက္ကသိုလ်ရိပ်သာလမ်း၌ရှိသော တက္ကသိုလ်ဓမ္မာရုံရှေ့တွင် စုရပ်အဖြစ် ထားရှိသွားမည်ဖြစ်သည်။ လမ်းကြောင်းအနေဖြင့်လည်း လေးခုခွဲထားပြီး ပြည်လမ်း-ကန်ပေါင် လမ်းကြောင်း၊ အင်းစိန်လမ်း- ကန်လမ်း၊ ဦးထွန်းလင်းခြံလမ်း-လှည်းတန်းဈေး-စိန်ဂေဟာ-လှည်းတန်းဘူတာနှင့် AGD Bank ရှေ့လမ်း-စကိတ်ကွင်းထိ ခွဲခြားကာ လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် Clean Yangon Campaign နှင့် ပတ်သက်၍ ဦးဆောင်လှုပ်ရှားမည့် မင်္ဂလာပါ Clean Yangon အဖွဲ့မှ ကိုစိုင်းမောင်မောင်က "ရန်ကုန်မြို့ သန့်ရှင်းသာယာလှပဖို့ကို တစ်ဖွဲ့ချင်း လုပ်တယ်ဆိုတာထက် အခုလို သက်ဆိုင်ရာနဲ့ ပေါင်းပြီးလုပ်တာ ပိုထိရောက်မှု ရှိလာတယ်လို့ မြင်တယ်။ ကျွန်တော်တို့ ပရဟိတအဖွဲ့ ၄၀ ရှိတယ်။ လိုချင်တဲ့အနေအထားတစ်ခုတော့ မရောက်သေးဘူး။ ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်မှ လိုချင်တဲ့အနေအထားတစ်ခုကို ရောက်မှာပါ။ အရင်နဲ့စာရင်တော့ သန့်ရှင်းမှုအပိုင်းမှာ တိုးတက်မှုတော့ ရှိလာတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ဆီမှာက ပြဿနာတစ်ခုဆိုရင် သူများကိုပဲ လက်ညှိုးထိုးကြတာ၊ ကိုယ်တိုင်လိုက်နာမှု ရှိရဲ့လားဆိုတာတော့ မဝေခွဲတတ်ကြဘူး။ ခုဆိုရင် ကွမ်းစားတဲ့သူကအစ ပြီးစလွယ်ထွေး၊ ကွမ်းထည့်တဲ့အိတ်ကအစ ပြီးစလွယ် လွှတ်ပစ်လိုက်ကြတာ။ ဒီအကျင့်ဆိုးတွေက နိုင်ငံကြီးသားပီသစွာနဲ့ အမှန်တကယ်ပြင်ဖို့ လိုအပ်နေပါပြီ။ ပူးပေါင်းပါဝင်မှု မရှိဘူးလို့ ပြောတာမဟုတ်ပါဘူး။ လိုအပ်နေပါသေးတယ်ဆိုတာကို ပြောချင်တာပါ"ဟု သူ့အမြင်ကို သုံးသပ်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ၃၃ မြို့နယ်ရှိကာ ယင်းမြို့နယ်များအတွင်း အမှိုက်သိမ်းဆည်းဆောင်ရွက်မှုများကို နေ့စဉ် ခရိုင်လေးခုအောက်ရှိ မြို့နယ်စည်ပင်ရုံးဝန်ထမ်းများက နေ့စဉ်အမှိုက်သိမ်းဆည်းပေးလျက်ရှိရာ နေ့စဉ်အမှိုက်သိမ်းဆည်းရရှိသော တန်ချိန်မှာ ၂၇၀၀ ကျော် ၂၈၀၀ ဝန်းကျင်ရှိသော်လည်း တိုးပွားလာသည့် လူဦးရေထူထပ်မှုနှင့် နှိုင်းယှဉ်ပါက စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမှာ ပြည်သူများကြား လျော့နည်းမှုရှိလာကြောင်း သိရသည်။



စံနမူနာပြ နိုင်ငံကြီးသားပီသမှု

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# နှမ်းပါးသူများနှင့် အမျိုးသမီးများ စီးပွားရေးစွမ်းရည်မြှင့်မားစေရန် အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် နည်းပညာနှင့် ဈေးကွက်အကူအညီပေးမည်

**မော်လမြိုင် ဩဂုတ် ၂၃**

မွန်ပြည်နယ်ဒေသထွက် လက်မှုပစ္စည်းများ၊ အစားအသောက်များ စသည့်ကုန်ပစ္စည်းများကို နိုင်ငံတကာအရည်အသွေးမီ အဆင့်မြှင့်တင်ခြင်းတွင် ဒေသခံများအား နည်းပညာသင်ကြားပေးခြင်းနှင့် ဈေးကွက်ဖော်ဆောင်ပေးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဟောက်ကျင်မုန်က ပြောသည်။

"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေဖို့၊ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာစေဖို့၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ဖို့ ရည်ရွယ်ပြီးတော့ အာရှဖွံ့ဖြိုးရေးဘဏ်က အကူအညီပေးထားတာပါ။ အလုပ်အကိုင်ရရှိမှုမှာ အမျိုးသမီး ၇၅ ရာခိုင်နှုန်း ပါဝင်လာပြီးတော့ ရွှေ့ပြောင်းနေထိုင်တဲ့မိသားစုတွေ အလုပ်လက်မဲ့နှုန်းနည်းသွားစေဖို့ ရည်ရွယ်ချက်လည်း ပါပါတယ်"ဟု အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ၂၀၁၆ ခုနှစ် မေ ၁၇ ရက်က နှစ်ဖက်သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့စဉ်က ရည်ရွယ်ချက်ကို ဦးဟောက်ကျင်မုန်က ရှင်းပြသည်။

အရှေ့အနောက် စီးပွားရေးလမ်းကြောင်းတစ်လျှောက်တွင် နေထိုင်ကြသော နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေးလုပ်ဆောင်မှုစွမ်းရည်မြှင့်တင်နိုင်ရေး စီမံကိန်းတစ်ရပ် ချမှတ်ကာ အာရှဖွံ့ဖြိုးရေးဘဏ်၏ အမေရိကန်ဒေါ်လာ သုံးသန်းအကူအညီဖြင့် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် စီမံကိန်း စတင်ပြီး သုံးနှစ်အကြာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် စီမံကိန်းအကောင်အထည်ပေါ်လာမည်ဟု ရည်ရွယ်ထားကြောင်းလည်း သိရသည်။

အဆိုပါစီမံကိန်းက မွန်ပြည်နယ်တွင်း ကျိုက်ထို၊ မော်လမြိုင်၊ ချောင်းဆုံ၊ မုဒုံ စသည့် လေးမြို့နယ်ရှိ အိမ်ထောင်စု ၉၀၀ တို့ကို လွှမ်းခြုံနိုင်လိမ့်မည်ဖြစ်ကြောင်း၊ မိုက်ခရိုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်းဖြစ်ကြောင်း၊ လက်မှုပစ္စည်းထုတ်လုပ်မှုနှင့် စားသောက်ကုန်ထုတ်လုပ်မှုများတွင် ကျွမ်းကျင်မှုများနှင့် အရည်အသွေးပြည့် ထုတ်ကုန်များ ပေါ်ထွက်လာနိုင်မည်ဖြစ်ပြီး ဆက်စပ်နေသော ထုတ်လုပ်မှုများအတွက် ဒေသခံများ အလုပ်အကိုင်ရရှိလာကြမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးနိုင်က စီမံကိန်းကရလာမည့် အကျိုးရလဒ်ကို ဆွေးနွေးခဲ့သည်။

မွန်ပြည်နယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားနေပြီး ပြည်နယ်တွင်း အမျိုးသမီးစုစုပေါင်း၏ ထက်ဝက်ကျော်မှာ အလုပ်လက်မဲ့များဖြစ်ကြသည်ဟုလည်း ၂၀၁၄ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအရ သိရသည်။ ပြည်နယ်ဦးစီးမှူးက "ဥပမာ ယိုလုပ်ငန်းလိုမျိုး ဒေသထွက်စားသောက်ကုန်တွေရှိတယ်။ ပြည်ပခရီးသည်တွေရဲ့ အကြိုက်ဖြစ်စေမယ့် အရသာနဲ့ ထုပ်ပိုးမှုပုံစံဖြစ်လာအောင် လုပ်ငန်းရှင်တွေကို နည်းပညာတွေပေးမယ်။ ပြီးတော့ ဒေသထွက်ကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာရနိုင်တဲ့ ဈေးကွက်တစ်ခုလည်း တည်ဆောက်မယ်။ နည်းပညာနဲ့ ဈေးကွက်ဖော်ဆောင်ပေးမယ်။ အကယ်၍ အရင်းအနှီးအနေနဲ့ လိုအပ်တယ်ဆိုရင်တော့ ချေးပေးနိုင်တဲ့ ဘဏ်လုပ်ငန်းတွေနဲ့ ချိတ်ဆက်ပေးပါမယ်"ဟု မွန်ပြည်နယ်ဒေသတွင်း အိမ်တွင်းလက်မှုနှင့် အသေးစားလုပ်ငန်းရှင်များအတွက် နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်ပေးနိုင်မှုကို ဆက်လက်ရှင်းပြသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ်ပိုင်ပြဌာန်းခွင့်၊ ခွဲထွက်ခွင့်နှင့် တန်းတူရည်တူခွင့်

ဆင်ဖြူကျွန်းသန်းထွန်း

၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့သော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာ အခြေခံမူများကို ဆွေးနွေးခဲ့ကြရာ၌ ဖက်ဒရယ် ပြည်ထောင်စုမှ ခွဲထွက်ခြင်းဆိုသော စကားရပ်သုံးစွဲရေးနှင့်ပတ်သက်ပြီး အကြိတ်အနယ် ဆွေးနွေးခဲ့ကြကြောင်း၊ မပြီးပြတ်နိုင်ဘဲ ရပ်တန့်ထားခဲ့ကြောင်း၊ ယင်းစကားရပ်နှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးရန်ရှိကြောင်း စသည့်များကို ကြားသိရပါသည်။

ခွဲထွက်ခွင့် အယူအဆသည် တန်းတူရည်တူ ဖြစ်သည်၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည် ဆိုသော အယူအဆနှစ်ခုကို အခြေခံပြီး ဖြစ်တည်လာသည်ဟု လေ့လာသူအချို့က ဆိုကြသော်လည်း ယင်းတို့သည် တစ်ခုနှင့်တစ်ခု အလွန်နီးကပ်စွာ အပြန်အလှန် အကြောင်းပြုနေပါသည်။

ယခုဆောင်းပါးတွင် ဖက်ဒရယ်နိုင်ငံစနစ်၌ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ခွဲထွက်ခွင့်နှင့် တန်းတူရည်တူဟူသော အယူအဆများအကြောင်းကို စာရေးသူ လက်လှမ်းမီသမျှ တင်ပြထားပါသည်။

**ကိုယ်ပိုင်ပြဌာန်းခွင့်**

ကိုယ်ပိုင်ပြဌာန်းခွင့် စကားရပ်သည် self-determination စကားရပ်ကို ဘာသာပြန်သုံးစွဲခြင်း ဖြစ်ပါသည်။ ယခင်က ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဟုလည်း ဘာသာပြန်သုံးစွဲခဲ့ကြဖူးပါသည်။

ကိုယ်ပိုင်ပြဌာန်းခွင့် self-determination စကားရပ်သည် ပထမကမ္ဘာစစ်ကြီးအတွင်း ထင်ရှားလာသော စကားရပ်ဖြစ်ပါသည်။ အမေရိကန်သမ္မတ ဝီလဆင်သည် ၁၉၁၇ ခုနှစ်တွင် မူဝါဒ ၁၄ ချက်ကို ကြေညာရာတွင် လူမျိုးတိုင်း ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရန်ဟူသော အချက်ပါဝင်လာပါသည်။ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျာမနီတို့သည် ကိုလိုနီနယ်မြေများနှင့် လူမျိုးများအရေးကြောင့် စစ်ကြီးဖြစ်လာကြောင်း၊ စစ်ကြီးအပြီးတွင် ကိုလိုနီဖြစ်နေသော တိုင်းပြည်နှင့်လူမျိုးများအား ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရမည် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် စစ်ကြီးဖြစ်လာမည်ကို တားဆီးနိုင်ကြောင်း ပြောဆိုရပ်တည်သော သဘောထားဖြစ်ပါသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လာသော အမေရိကန်နိုင်ငံသည် ကိုလိုနီနယ်မြေများအတွက် ရှေ့နေလိုက်ခဲ့ပါသည်။

ထို့အပြင် ရုရှားခေါင်းဆောင် စတာလင်ကလည်း ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ ထူထောင်ရာတွင် ပါဝင်သော ပြည်နယ်နှင့်နိုင်ငံငယ်များအား ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရမည်ဟူသော အယူအဆကို ဖော်ထုတ်မြှင့်တင်ပေးခဲ့ပါသည်။ ကွန်မြူနစ်ဝါဒအရ နယ်ချဲ့စနစ်ကို ဆန့်ကျင်ပြီး ဗြိတိသျှအင်ပါယာနှင့် ပြင်သစ်အင်ပါယာလက်အောက်တွင် ရှိနေသော လက်အောက်ခံနိုင်ငံ နယ်ပယ်များကို ရည်ညွှန်းလျက် လူမျိုးတိုင်း ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရမည်ဟူသော သဘောထားကို ဖော်ထုတ်ခဲ့ပါသည်။ ယင်းသို့ ဖော်ထုတ်ရာတွင် ဆိုဗီယက်ပြည်ထောင်စုအတွင်း အတင်းသွတ်သွင်းထားသော ပြည်နယ်များအား ၎င်းတို့ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်အလိုရှိလျှင် ခွဲထွက်နိုင်သည်ဆိုသော ရပ်တည်ချက်ကို ဖော်ထုတ်ထားခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိရေးကို အားပေးခဲ့ပါသည်။ ကိုလိုနီလက်အောက်ခံ နိုင်ငံနှင့် လူမျိုးများ၏ လွတ်လပ်ရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရေးကို ဖော်ထုတ်မြှင့်တင်ခဲ့ပါသည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ လွတ်လပ်သောနိုင်ငံအဖြစ် သီးခြားတည်ထောင်ခွင့်ဟု နားလည်ခဲ့ကြပါသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် အာရှ၊ အာဖရိကတိုက်ဒေသတွင် လွတ်လပ်သော နိုင်ငံငယ်များ ပေါ်ပေါက်ခဲ့ပါသည်။

နောက်ပိုင်းကာလများတွင် ကိုယ်ပိုင်ပြဌာန်းခွင့် self-determination စကားရပ်ကို တဖြည်းဖြည်းပိုမိုသုံးစွဲလာကြပြီး အခြေခံမူ principle သဘောထားတစ်ခုထက်ပိုလျက် ရပိုင်ခွင့် right တစ်ခုအဖြစ် ပြောင်းလဲလက်ခံလာကြပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းတွင် အကျယ်အပြန့် လက်ခံထားသော စကားရပ်ဖြစ်လာပြီး နိုင်ငံတကာ သဘောတူညီချက်များ (ဥပမာ- UN Declaration on the Granting of Independence to Colonia; Peoples 1960 ; UNGA Resolution 2625-The Declaration on Principles of International Law concerning Friendly Relations and Cooperations among States1970) တွင် ထည့်သွင်းသုံးစွဲလာပါသည်။ သို့သော် ယင်းစကားလုံးကို သုံးစွဲထားသော နိုင်ငံတကာသဘောတူညီချက်များတွင်ပင် မည်သို့ အဓိပ္ပာယ်သက်ရောက်သည်ကို ဖော်ပြထားခြင်း မရှိသောကြောင့် အငြင်းပွားမှုများ ဖြစ်လျက်ရှိပါသည်။

ဖော်ပြပါ self-determination စကားလုံးကို Oxford Dictionary က the right of a nation or people to decide what form of government it will have or whether it will be independent of another country or not ဟု အနက်ဖွင့်ပေးပါသည်။ (လူမျိုးစု သို့မဟုတ် ပြည်သူများ) a nation or people က မည်သို့သော အုပ်ချုပ်ရေးအစိုးရတည်ထောင်ရေးကို ဆုံးဖြတ်နိုင်သော အခွင့်အရေး သို့မဟုတ် လွတ်လပ်သောနိုင်ငံ ထူထောင်နိုင်သောအခွင့်အရေးဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် self-determination သည် ကိုယ်ပိုင်အုပ်ချုပ်ရေး တည်ထောင်နိုင်ခွင့် သို့မဟုတ် သီးခြားလွတ်လပ်သောနိုင်ငံ ထူထောင်ခွင့်ဖြစ်ပြီး ဆင့်ပွားအဓိပ္ပာယ်မှာ မူလနိုင်ငံမှ ခွဲထွက်ခွင့် secession ဟု အနက်ဖွင့်ကြပါသည်။

လွတ်လပ်ခွင့်၊ သီးခြားနိုင်ငံထူထောင်နိုင်သော အခွင့်အရေးကို မည်သူများ ( nation or people) က သုံးစွဲနိုင်သည်ဟူသောအချက်နှင့်ပတ်သက်ပြီး အချို့လေ့လာသူများက ကိုလိုနီလက်အောက်ကျရောက်နေသော တိုင်းပြည်များနှင့် လူမျိုးများအား ရည်ညွှန်းကြောင်း၊ လွတ်လပ်ရေးရပြီးသော နိုင်ငံများရှိ လူမျိုးများအား မရည်ညွှန်းကြောင်း ဆိုကြပါသည်။

လွတ်လပ်ရေးရပြီးဖြစ်သော နိုင်ငံများတွင် နောက်ထပ် နိုင်ငံငယ်များ အသစ်ထူထောင်ခွင့်ပြုလိုက်ပါက နိုင်ငံတကာ ဆက်ဆံရေးတွင် လက်ခံထားပြီးဖြစ်သော အခြေခံမူကြီးတစ်ခုဖြစ်သည့် territorial integrity: inviolability of sovereigntyကို ချိုးဖောက်ရာရောက်နိုင်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးသော နိုင်ငံများတွင် တိုင်းရင်းသား လူမျိုးစုတစ်ခုက self-determination စကားရပ်ကို အသုံးပြုပြီး နိုင်ငံသစ်ထူထောင်ရေးကို လက်မခံနိုင်ကြောင်း ပြောဆိုမှုများ ရှိပါသည်။

သို့စေကာမူ လွတ်လပ်သောနိုင်ငံတွင် လက်ရှိအုပ်ချုပ်သော အစိုးရက ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမျိုးရေးအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဖိနှိပ်ချုပ်ချယ်မှုများ ဖြစ်လာပါက၊ ဖိနှိပ်ချုပ်ချယ်မှုများ ခံစားနေရသော လူမျိုးအုပ်စုများသည် self-determination အရ မူလနိုင်ငံမှ ခွဲထွက်နိုင်သည်၊ နိုင်ငံသစ် ထူထောင်နိုင်သည်ဟူသော အယူအဆမှာလည်း အပြိုင်ဖြစ်နေပါသည်။

ဖက်ဒရယ်နိုင်ငံစနစ် တည်ဆောက်ရာတွင် ပါဝင်ကြသော ပြည်နယ်ဒေသများက ကိုယ်ပိုင်ပြဌာန်းခွင့် အယူအဆကို ရှေ့တန်းတင်ပြီး ခွဲထွက်ခွင့် တောင်းဆိုခြင်းသည် ကိုလိုနီစနစ်အောက်မှ လွတ်မြောက်လိုသောနိုင်ငံနှင့် လူမျိုးများက ကိုယ်ပိုင်ပြဌာန်းခွင့် အယူအဆကို အခြေခံပြီး သီးခြားလွတ်လပ်သော နိုင်ငံအဖြစ် ထူထောင်ရန် ကြိုးစားခြင်းနှင့် အနှစ်သာရ မတူညီသည်ကိုတွေ့နိုင်ပါသည်။

**မြန်မာနိုင်ငံ အတွေ့အကြုံ**

မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေးကြိုးပမ်းရာတွင် တိုင်းရင်းသားလူမျိုးများလည်း တစ်ပါတည်းပါဝင်ရန် ကြိုးစားခဲ့ကြပါသည်။ တိုင်းရင်းသားများ စည်းလုံးရေးအတွက် ဖဆပလ ခေါင်းဆောင်များက ပြောဆိုရေးသားကြရာတွင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်ပြဌာန်းခွင့်စသော အယူအဆများ၊ လူမျိုးတိုင်း တန်းတူရည်တူ ဖြစ်သည် ဆိုသော အယူအဆများကို ဖော်ထုတ်ခဲ့ကြပါသည်။ ယင်းအယူအဆ အသုံးအနှုန်းများသည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေး ကြိုးပမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးရေးကို များစွာ အထောက်အကူပြုခဲ့ပါသည်။

ပင်လုံညီလာခံတွင်ရှမ်းစော်ဘွားများနှင့်ကချင်ဒူးဝါးများက အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရရန် ဗမာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီနိုင်သော်လည်း လွတ်လပ်ရေးရပြီးနောက်တွင် ဗမာများ၏ အုပ်ချုပ်ရေးအောက်သို့ ကျရောက်သွားမည်ကို စိုးရိမ်နေခဲ့ကြပါသည်။ ရှမ်း၊ကချင်၊ နှင့် ချင်းတိုင်းရင်းသားခေါင်းဆောင်များက ၎င်းတို့ နယ်ပယ်များတွင် ၎င်းတို့၏အစဉ်အလာအုပ်ချုပ်ရေးကို ဆက်လက်ကျင့်သုံးနိုင်ရေးကို လိုလားနေခဲ့ပါသည်။

ကချင်ခေါင်းဆောင်များက ကချင်ပြည်နယ် ဖွဲ့စည်းရေး၊ ကချင်ပြည်နယ် ဖွဲ့စည်းရေးတွင် မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင် ထည့်သွင်းပေးရေးကို တောင်းဆိုရုံသာမက ပြည်ထောင်စုမှ ခွဲထွက်ခွင့်ကို တောင်းဆိုခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက အခြေခံအားဖြင့် မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်ပါဝင်သော ကချင်ပြည်နယ်ဖွဲ့စည်းရေးကို တိုင်းပြည်ပြု လွှတ်တော်သို့ ထောက်ခံတင်ပြပေးမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ကချင်ပြည်နယ် ခွဲမထွက်ဘူးဆိုမှသာ ယင်းခရိုင်များ ပါဝင်ဖွဲ့စည်းရေးကို လက်ခံနိုင်မည်ဖြစ်ကြောင်းစသည့် သဘောထားဖြင့် ရပ်တည်ခဲ့ပါသည်။

ချင်းခေါင်းဆောင်များက ပြည်နယ်ဖွဲ့စည်းရေးကို မတောင်းဆိုဘဲ အထူးတိုင်းဒေသတစ်ခုအဖြစ် ဖွဲ့စည်းရန်၊ တိုးတက်ဖွံ့ဖြိုးရေးတွင် အကူအညီပေးရန်သာ တင်ပြခဲ့ပါသည်။ ကယားတို့က အင်္ဂလိပ်နှင့်မင်းတုန်းမင်းလက်ထက် ချုပ်ဆိုသော စာချုပ်အရ ၎င်းတို့အတွက် ပြည်နယ်ရှိပြီးဖြစ်သောကြောင့် ပင်လုံညီလာခံသို့ လေ့လာသူ အဖြစ်သာ တက်ရောက်ခဲ့ကြပါသည်။

ပင်လုံသဘောတူညီချက်တွင် ကိုယ်ပိုင်ပြဌာန်းခွင့် self-determination စကားရပ် လုံးဝမပါဘဲ ကိုယ်ပိုင်အုပ်ချုပ်ရေး autonomy စကားရပ်ကို နှစ်ကြိမ်သာ သုံးစွဲထားပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်လွန်နှစ်များ အဦးပိုင်းကာလတွင် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ချင်း၊ မွန်နှင့်ရခိုင်လူမျိုးတို့၏ ပြည်နယ်ဖွဲ့စည်းပေးရေး တောင်းဆိုချက်များသည် ၁၉၅၀ ပြည့်လွန်နှစ်များ အကုန်ပိုင်းတွင် ပိုမိုထင်ရှားလာခဲ့ပါသည်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များဟု ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပါသည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်းနှင့် ဓနု၊ ကိုးကန့်၊ ပလောင်၊ ပအိုဝ်း၊ နာဂလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

အင်န်အယ်ဒီပါတီ၊ ပြည်ခိုင်ဖြိုးပါတီတို့က ၎င်းတို့၏ မူဝါဒ ကြေညာချက်များတွင် တိုင်းရင်းသားလူမျိုးများအရေးနှင့် ပတ်သက်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ကို သဘောတူကြောင်း ထုတ်ဖော်ခဲ့ကြပြီး ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသော စကားရပ်ကို အကျယ်အပြန့် အလွယ်တကူ သုံးစွဲနေကြပါသည်။ ယင်းစကားရပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပေးနိုင်လျှင် သဘောထားများ ပိုမိုရှင်းလင်းလာမည် ဖြစ်သည့်အပြင် ဆက်လက်လုပ်ကိုင်ရာတွင် ပိုမိုရှင်းလင်း လွယ်ကူလာမည်ဟု မျှော်လင့်ရပါသည်။

**အခြေခံအားဖြင့် ဖက်ဒရယ်နိုင်ငံဟု ဖွဲ့စည်းတည်ဆောက်ရာတွင် ပြည်နယ်များက မိမိတို့ ဆန္ဒအလျောက် ပူးပေါင်းပါဝင် စုစည်းတည်ဆောက်ကြသည်ဟု နားလည်ထားကြပါသည်။ ယင်းသို့သော ဖက်ဒရယ်တည်ဆောက်ထားသော ဖြစ်စဉ်ကို coming together ဟု ဆိုကြပြီး အမေရိကန်နိုင်ငံကို ရည်ညွှန်းလေ့ရှိပါသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လိုကြသော အမေရိကန် ကိုလိုနီများက မိမိတို့ ဆန္ဒအလျောက် အချင်းချင်း ပူးပေါင်းစည်းလုံးပြီး အင်္ဂလိပ်အား တော်လှန်ကာ လွတ်လပ်ရေးရပြီးနောက် ဖက်ဒရယ်နိုင်ငံစနစ် စုပေါင်းထူထောင်ခြင်းကို ရည်ညွှန်းခြင်းဖြစ်**

**ခွဲထွက်ခွင့်**

အခြေခံအားဖြင့် ဖက်ဒရယ်နိုင်ငံဟု ဖွဲ့စည်းတည်ဆောက်ရာတွင် ပြည်နယ်များက မိမိတို့ ဆန္ဒအလျောက် ပူးပေါင်းပါဝင် စုစည်းတည်ဆောက်ကြသည်ဟု နားလည်ထားကြပါသည်။ ယင်းသို့သော ဖက်ဒရယ်တည်ဆောက်ထားသော ဖြစ်စဉ်ကို coming together ဟု ဆိုကြပြီး အမေရိကန်နိုင်ငံကို ရည်ညွှန်းလေ့ ရှိပါသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လိုကြသော အမေရိကန် ကိုလိုနီများက မိမိတို့ ဆန္ဒအလျောက် အချင်းချင်း ပူးပေါင်းစည်းလုံးပြီး အင်္ဂလိပ်အား တော်လှန်ကာ လွတ်လပ်ရေးရပြီးနောက် ဖက်ဒရယ်နိုင်ငံစနစ် စုပေါင်းထူထောင်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

အချို့သော ဖက်ဒရယ်နိုင်ငံများ ဖွဲ့စည်းဖြစ်ပေါ်လာသော ဖြစ်စဉ်တွင် ပြည်နယ်ဒေသများအား အတင်းပါဝင်စေရန် ကြိုးစားမှုများ ရှိခဲ့ပါသည်။ ယင်းသို့သော ဖက်ဒရယ်နိုင်ငံဖြစ်စဉ်ကို holding together ဟု ဖော်ပြပြီး အိန္ဒိယနိုင်ငံဖြစ်စဉ်ကို ရည်ညွှန်းလေ့ရှိကြပါသည်။

ဖက်ဒရယ်နိုင်ငံထူထောင်ရာတွင် ပြည်နယ်ဒေသများ ပါဝင်သောကြောင့် ၎င်းတို့ ဆက်လက်မပါဝင်လိုသော အခြေအနေ၊ အချိန်အခါများတွင် ဖက်ဒရယ်နိုင်ငံမှ သီးခြား ခွဲထွက်နိုင်ခွင့် ရှိ/မရှိ ဆိုသော အရေးကိစ္စကို နိုင်ငံရေးခေါင်းဆောင်များ သာမက နိုင်ငံရေးသိပ္ပံပညာရှင်များ၊ ဖက်ဒရယ်ရေးရာ ပညာရှင်များက အလေးထားလေ့လာပြောဆိုနေကြပါသည်။

ခွဲထွက်ခွင့်ကို ထောက်ခံတင်ပြသော အချက်တစ်ခုမှာ ဖက်ဒရယ်နိုင်ငံတွင် ပါဝင်သောပြည်နယ်ဒေသများသည် ကိုယ်ပိုင်ပြဌာန်းခွင့် self-determination ရှိသောကြောင့် ဖက်ဒရယ်နိုင်ငံမှ အချိန်မရွေး ခွဲထွက်နိုင်ခွင့်ရှိသည်ဟု ဆိုပါသည်။ တစ်ပြိုင်တည်းမှာပင် လူတိုင်း၊ လူမျိုးတိုင်းသည် တန်းတူရည်တူ တူညီသည်ဟူသော အယူအဆအရ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် လူမျိုးတစ်ခုက မည်သည့်အကြောင်းကြောင့် အင်အားကြီးမား ခြယ်လှယ်နေသည်ဖြစ်စေ အခြားပြည်နယ်ဒေသများအနေဖြင့် တန်းတူရည်တူ သဘောရှိနေကြောင်း၊ ယင်းပြည်နယ်ဒေသများသည် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့က ဖက်ဒရယ်နိုင်ငံဖွဲ့စည်းမှုမှ ခွဲထွက်လိုလျှင် ခွဲထွက်ခွင့်ပေးရမည်ဟု ပြောဆိုကြပါသည်။

ယင်းတွင် စဉ်းစားရန် အချက်တစ်ခုမှာ ဖက်ဒရယ်နိုင်ငံများတွင်ပါဝင်သော ပြည်နယ်ဒေသတို့သည် လူမျိုးရေးကို အခြေခံပြီး ဖွဲ့စည်းထားသည်ဟု ယတိပြတ်ဆိုရန် ခဲယဉ်း ပါသည်။ ယင်းသို့ လူမျိုးကိုအခြေခံပြီး ဖွဲ့စည်းထားသည်ဆိုလျှင်လည်း လူမျိုးတစ်မျိုးတည်း နေထိုင်သည်မဟုတ်ဘဲ အခြားလူမျိုးငယ်များစွာလည်း အတူနေထိုင်လျက်ရှိကြပါသည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် ပြည်နယ်ဒေသများသည် ပထဝီအနေအထားအရ ပိုင်းခြားဖြစ်တည်နေကြပါသည်။

ထိုသို့ဆိုလျှင် မည်သည့်အချက်ကို ထောက်ထားပြီး ခွဲထွက်ခွင့်ပေးမည်နည်းကို စဉ်းစားရန် ရှိလာပါသည်။ အလားတူ ပြည်နယ်ဒေသအားလုံး(အားလုံး)ကို ခွဲထွက်ခွင့်ပေးမည်လား၊ ပြည်နယ်ဒေသအချို့ (အချို့) ကိုသာ ပေးမည်လား စသည်ဖြင့် စဉ်းစားစရာများ ရှိလာပါသည်။

ခွဲထွက်ခွင့်ပေးရေးကို ဆန့်ကျင်သောဘက်က ဖက်ဒရယ်နိုင်ငံအဖြစ်ထူထောင်ရန် ကနဦး သဘောတူသည့် အချိန်မှာပင် အတူတကွ ပူးပေါင်းနေထိုင်ကြရန် သဘောတူပြီးဖြစ်သောကြောင့် ခွဲထွက်ရေးကို စွန့်လွှတ်ခဲ့ပြီး ဖြစ်ကြောင်း၊ ခွဲထွက်ခွင့်ကို အခြေခံဥပဒေတွင် ရေးသားဖော်ပြရန်မလိုကြောင်း၊ ခွဲထွက်ခွင့်လည်းမရှိကြောင်း ပြောဆိုရပ်တည်ကြပါသည်။

ခွဲထွက်ခွင့်ကို မပေးသင့်ကြောင်း ပြောဆိုကြသူများက အကယ်၍သာ ခွဲထွက်ခြင်းကို ဥပဒေကြောင်းအရ ခွင့်ပြုမည်ဆိုပါက ပြည်နယ်များသည် ခွဲထွက်ခွင့်ကို အသုံးပြုနိုင်ခြင်းကြောင့် ဗဟိုပြည်ထောင်စု အစိုးရအပေါ် အမြဲခြိမ်းခြောက်နိုင်သော အနေအထားကို ရရှိသွားနိုင်ကြောင်း၊ နိုင်ငံစည်းလုံးရေး၊ တည်တံ့ရေးကို ထိခိုက်နိုင်ကြောင်း၊ ထို့အပြင် ဖက်ဒရယ်စနစ်၏ အခြေခံသဘောမှာ ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းလုံးခြင်း သဘောတရားဖြစ်ကြောင်း၊ ပြည်နယ်များ၏ခွဲထွက်ခွင့်မှာ ယင်းအခြေခံသဘောတရားနှင့် ဆန့်ကျင်နေကြောင်း ပြောဆိုကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်

## နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ဩဂုတ် ၂၄ ရက်တွင် ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ မေးခွန်းခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ **မြို့တော်ခန်းမ အဝိုင်း လမ်းဆုံ(ရပ်ကွက်-၂)၊ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ(ရပ်ကွက်-၅)၊ သိန်းနီလမ်းနှင့် ကွတ်ခိုင်လမ်းဆုံရာ သုံးမြောင့်ရေပန်းလမ်းဆုံ (ရပ်ကွက်-၈)၊ သိန်းနီလမ်းနှင့် ဟတ်ကာလမ်းဆုံ (ရပ်ကွက်-၁၂)၊ သိန်းနီလမ်းနှင့် ဟူးမွန်ဆည်လမ်းဆုံ (ရပ်ကွက် ၈၊ ၁၂ မန်ဆူဘုရားအနီး) နေရာများတွင် မီးပွိုင့်များတပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လားရှိုးမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမနှင့် အဝိုင်းလမ်းဆုံတွင် အဝိုင်းပတ်ရှိပြီးဖြစ်၍ မီးပွိုင့်ထားရှိရန် မလိုအပ်ပါကြောင်း၊ ယာဉ်သွားယာဉ်လာထူထပ်ချိန်တွင် ယာဉ်ထိန်းတစ်ဦးချထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်ရှိ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံတွင် မီးပွိုင့်တပ်ဆင်မည်ဆိုပါက အဆိုပါနေရာသည် လမ်းအနေအထားကျဉ်းမြောင်းခြင်း၊ ယာဉ်ထိန်းရုံးခန်း Control Box ဆောက်လုပ်ရန် နေရာမရှိခြင်း၊ လက်ရှိတပ်ဆင်ထားပြီးသော မန္တလေးလမ်းဆုံမီးပွိုင့်နှင့် ပေ ၃၀၀ ခန့်သာ ကွာဝေးသည့်အတွက် မီးပွိုင့်ထားရှိရန် မလိုအပ်ပါကြောင်း၊ လားရှိုးမြို့ အမှတ် (၈)ရပ်ကွက်ရှိ ပြည်ထောင်စုလမ်းမကြီး (သိန်းနီလမ်း)နှင့် ကွတ်ခိုင်လမ်းဆုံရာ သုံးမြောင့်ရေပန်းလမ်းဆုံတွင် မီးပွိုင့်တပ်ဆင်မည်ဆိုပါက အဆိုပါနေရာသည် တောင်ပေါ်လမ်းအနေအထားအရ ကုန်းတက်၊ ကုန်းဆင်းဖြစ်ပြီး လမ်းကြောအကွေ့အကောက်များသောကြောင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မောင်းနှင်လာသော ယာဉ်မောင်းများမှ မီးပွိုင့်အား ကြိုတင်မြင်နိုင်ခြင်းမရှိဘဲ မီးပွိုင့်အနီးရောက်မှသာ ရုတ်တရက်မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းလမ်းဆုံ၌ မီးပွိုင့်ထားရှိရန် မသင့်ပါကြောင်း၊ လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ပြည်ထောင်စုလမ်းမကြီး(သိန်းနီလမ်း)နှင့် ဟတ်ကာလမ်းဆုံသည် လက်ရှိတပ်ဆင်ထားသည့် လားရှိုးလမ်းဆုံမီးပွိုင့်၊ ခိုလောင်လမ်းဆုံမီးပွိုင့်တို့နှင့် နီးကပ်နေပြီး ဟတ်ကာလမ်းသွယ်နှင့် ကောင်းဆာလမ်းတို့မှာ ပြည်ထောင်စုလမ်းမကြီးအား ထောင့်မှန်အတိုင်းဖြတ်သွားခြင်းမျိုးမဟုတ်ဘဲ တစောင်းဖြတ်လျက် ပေ ၂၀၀ ခန့် အကွာစီတွင် တည်ရှိနေသဖြင့် မီးပွိုင့်တပ်ဆင်ပါက ယာဉ်မောင်းသူများက မီးပွိုင့်အားတွေ့မြင်ရန် အခက်အခဲများရှိနေသောကြောင့် မီးပွိုင့်တပ်ဆင်ရန် မသင့်ပါကြောင်း၊ လားရှိုးမြို့ အမှတ်(၈) ရပ်ကွက်နှင့် အမှတ် (၁၂)ရပ်ကွက်ဆုံရာ မန်ဆူဘုရားအနီးရှိ ပြည်ထောင်စုလမ်းမကြီး(သိန်းနီလမ်း)နှင့် ဟူးမွန်ဆည်လမ်းဆုံနေရာတွင် မီးပွိုင့်တပ်ဆင်မည်ဆိုလျှင် မန်ဆူဘုန်းကြီးကျောင်းနှင့်ကပ်လျက် ဖောက်လုပ်ထားသောလမ်း၏ သိန်းနီဘက်သို့ အသွားတစ်လမ်း(အလွတ်ယာဉ်ကြော) Free Line ပေးပြီးမှသာ မီးပွိုင့်တပ်ဆင်နိုင်မည်ဖြစ်ပြီး Free Line သတ်မှတ်ပေးပါက ပြည်ထောင်စုလမ်းမကြီးမှလာသော ယာဉ်များဖြင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ပါသဖြင့် မီးပွိုင့်တပ်ဆင်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကျင်းပစဉ်

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ **ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာရှိ ရဲကင်းအား ရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ပြီး လုံလောက်သော ရဲဝန်ထမ်းအင်အား ခန့်ထားပေးနိုင်ရေး** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာတွင် အရေးကြီး အဆောက်အအုံများရှိခြင်း၊ လူနေထူထပ်ခြင်း၊ ရဲကင်းစခန်းဆောက်လုပ်ရန်အတွက် မြေနေရာရရှိထားပြီးဖြစ်ခြင်းတို့ကြောင့် နယ်မြေလုံခြုံရေး

*စာမျက်နှာ ၈ သို့*

# လာမည့်ကာလတွင် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအကောင်အထည်ဖော်မှုလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဗိုလ်မှူးကြီးအောင်လွင်၊ ဗိုလ်မှူးကြီးကျော်ကျော်၊ ဗိုလ်မှူးကြီးနိုင်ဦး၊ ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ ဗိုလ်မှူးကြီးထိန်လင်း၊ ဗိုလ်မှူးကြီးတင်အောင်ထွန်းနှင့် ဗိုလ်မှူးကြီးစိုးမိုးအောင်တို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံ ကတိသစ္စာပြုကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **သရက်မြို့နယ် ပျဉ်းအိုင်၊ ကန်ဇွန်းမြောင်၊ ဆတ်လည်၊ အောက်မနိမ့်၊ အောက်မမြင့်၊ ဆင်ကော်၊ မြို့လှ ရွာချင်းဆက်လမ်းအား ကျောက်ချောမြေနီလမ်းအဖြစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မေးခွန်းပါလမ်း၏ လက်ရှိအခြေအနေမှာ မြေသားလမ်းအဆင့်ဖြစ်ပြီး အရှည် ၁၂ မိုင် ၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပါက ငွေကျပ် ၇၂၉ ဒသမ ၅၁၂ သန်းခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ သရက်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ ဒသမ ၀၀ သန်းဖြင့် ကွန်ကရစ်တံတား ငါးစင်း၊ ရေကျော်တစ်စင်းတို့ကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပါဝင်ခြင်းမရှိ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ် လျာထားတင်ပြမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကျေးလက် လမ်း၊ တံတားများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများကို လွှဲပြောင်းပေးအပ်ထားပြီး လာမည့်ကာလတွင် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ အကောင်အထည်ဖော်မှုလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဘမျိုးသိန်း၏ **မြန်မာနိုင်ငံရှိ လယ်ထွန်စက်ကြီးများကို သက်သာသောနှုန်းထားဖြင့် ယာဉ်မှတ်ပုံတင် စာရင်းသွင်းပြီး ယာဉ်နံပါတ်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်အတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များက ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ခာတ်မြေသြဇာ၊ လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ပိုးသတ်ဆေးများအား သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါကြောင်း၊ ထို့အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ **၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေပုဒ်မ-၆(ဂ)**အရ မှတ်ပုံတင်ရန်မလိုသော မော်တော်ယာဉ်များတွင် လယ်ယာလုပ်ငန်းအတွက်သာလျှင် သီးသန့်အသုံးပြုသော ထရက်တာ(လယ်ထွန်စက်များ) ပါဝင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် လယ်ထွန်စက်ကြီးများသည် လယ်ယာလုပ်ငန်းခွင်တွင်သာ သုံးစွဲသည့် စက်တပ်ယာဉ်များဖြစ်၍ **၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေပုဒ်မ-၆(ဂ)**အရ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနအနေဖြင့် မှတ်ပုံတင်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။


ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)


ဒေါ်သန်းသန်းအေး
မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးရှေးရယ်ရှုမောင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က အကြံပြုဆွေးနွေးကြသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး**က ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ အခြေခံလိုအပ်သော နည်းပညာများ၊ ကျွမ်းကျင်မှုအဆင့်မီပညာရပ်များအား ပံ့ပိုးပေးရန် လိုအပ်နေပါကြောင်း၊ လက်ရှိတွင် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်မရှိဘဲ ရန်ကုန်နှင့် မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များတွင် သတ္တဗေဒဌာနအောက်၌ မစ္ဆဗေဒ(ငါးအထူးပြု) ဘာသာရပ်အနေဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ အဏ္ဏဝါသိပ္ပံ ဘာသာရပ်သည် ငါးလုပ်ငန်းမပါဝင်ဘဲ ရေနှင့် ပင်လယ်သမုဒ္ဒရာအကြောင်းကို အဓိကသင်ကြားနေပါကြောင်း၊ ထို့အတူ ငါးလုပ်ငန်းဦးစီးဌာနမှ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါကြောင်း၊ ငါးမွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ရာတွင် ငါးမျိုးစနစ်တကျ ထိန်းသိမ်းကာကွယ်ခြင်း၊ စူးစမ်းရှာဖွေသုတေသနပြုခြင်း၊ ငါးဖမ်းခြင်း၊ ရောင်းဝယ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ငါးမွေးခြင်း၊ ငါးသားဖောက်ခြင်း၊ တန်ဖိုးမြှင့်ပို့ကုန်အဖြစ် ထုပ်ပိုးခြင်းများကို စနစ်တကျ သင်ကြားပို့ချပေးရန် လိုအပ်နေပါကြောင်း၊ ထို့ကြောင့် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်တစ်ခုဖွင့်လှစ်နိုင်ရန် နိုင်ငံအနေဖြင့် လိုအပ်လျက်ရှိပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ဩဂုတ် ၂၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်**

# မန္တလေး၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အာဟာရဆိုသည်မှာ မစားမဖြစ်စားရသည့် လိုအပ်သောအရာတစ်ခုဖြစ်ကြောင်း၊ နေ့စဉ်စားနေသည့် အစားအစာများတွင် အာဟာရဓာတ်များရှိကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူ့သက်တမ်းသည် ပျမ်းမျှ ၆၅ နှစ်ရှိကြောင်း၊ သက်တမ်းရှည်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဤအချက်ကို ကျော်လွှားရန် ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သင့်တင့်မျှတအောင် စားရမည်ဖြစ်ပြီး မိခင်နှင့် ကလေးများကို အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကလေးများ အာဟာရပြည့်ပြည့်ဝဝဖြင့် ဖွံ့ဖြိုးကြီးပြင်းရန်မှာ မိမိတို့နိုင်ငံ၏ အခြေခံအကျဆုံးအချက်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်တို့က ၂၀၁၇ ခုနှစ်တွင် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများ၊ မြို့နယ်များအလိုက် စံပြမိခင်ဆုများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ခရိုင်အဆင့် ဆုရရှိကြသူများကို ဆုများချီးမြှင့်ကြပြီး အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့မှ နို့တိုက်မိခင်များ၊ ခြောက်လမှ တစ်နှစ်အထိနှင့် တစ်နှစ်မှ ငါးနှစ်အထိ ရင်သွေးကလေးငယ်များအား ဗီတာမင်ဆေးလုံးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ ဖြန့်ဝေခြင်း၊ အိုင်အိုဒင်းဆားများကို အရည်အသွေးစစ်ဆေးခြင်းတို့ကို ကြည့်ရှုပြီး ပြခန်းများအတွင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



---

_ပြည်သူ့လွှတ်တော်မှ_

နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကြာနီကန် လုံခြုံရေးရဲကင်း (ဖွဲ့စည်းပုံပြင်ပ)အား ဖွဲ့စည်းပုံခွင့်ပြုရဲကင်းရဲစခန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရဲကင်းရဲစခန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပြီးပါက လိုအပ်သော အင်အားများ ချထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးနှင့် မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်းတို့၏ ပညာရေး၊ ပြည်ထဲရေးနှင့် တရားရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းထားသည့် **ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က "ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ စတုရန်းမိုင် ငါးသောင်းကျော် ကျယ်ပါတယ်။ လူဦးရေက ၁၆၃ သန်းကျော်ရှိပါတယ်။ မြန်မာနိုင်ငံဟာ စတုရန်းမိုင် ၂၆၀၀၀၀ ကျော်ကျယ်ပြီး လူဦးရေ ၅၃ သန်းရှိပါတယ်။ သူတို့ဆီက ဘင်္ဂါလီတွေ ကျွန်တော်တို့ နိုင်ငံဘက်ကို စိမ့်ဝင်ပျံ့နှံ့လာတာဟာ မထူးဆန်းပါဘူး။ဒါဆိုရင် ဘင်္ဂလားဒေ့ရှ်ကနေ အိန္ဒိယဘက်ကို ဘာကြောင့် မစိမ့်ဝင်တာလဲလို့ မေးစရာရှိပါတယ်။ သူတို့နှစ်နိုင်ငံအကြားမှာ ခြံစည်းရိုးကို အပြီးကာထားပြီး အိန္ဒိယဘက်က တပ်ရင်း ၃၀၀ ကျော်နဲ့ စောင့်ကြပ်ထားပါတယ်။ ခိုးဝင်လာရင် Shoot to Kill ပါပဲ။ တောင်ဘက်မှာ ဘင်္ဂလားပင်လယ်အော်ရှိတော့ ရာသီဥတုကောင်းတဲ့အချိန်တွေမှာ Boat People အနေနဲ့ ထိုင်း၊ မလေးရှားတို့ကို ရှက်လှေ့င့်ကြတာလည်း အားလုံးအသိပါပဲ။ မပြီးသေးတဲ့ ခြံစည်းရိုး၊ မလုံခြုံတဲ့ အစောင့်အရှောက်တွေရှိတဲ့ မြန်မာနိုင်ငံကို ခိုးဝင်တာ မဆန်းပါဘူး။ ပြီးခဲ့တဲ့ အစိုးရ နှစ်ဆက်မှာ နယ်စပ်ခြံစည်းရိုး ကာရံမှုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် အပြီးမသတ်သေးပါဘူး။ မိုင် ၄၀ ကျော်ကျန်သေးတယ်လို့ သိရပါတယ်။ ဒါကို အမြန်ဆုံးအပြီးသတ်နိုင်ဖို့ လိုပါတယ်။ ခြံစည်းရိုးကာရံရုံနဲ့ မပြီးပါဘူး။ ခြံစည်းရိုးတစ်လျှောက်မှာ လုံလုံခြုံခြုံနဲ့ လုံခြုံရေးရှိဖို့လိုပါတယ်။

"မျိုးစောင့်ဥပဒေတွေကို ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ တင်ပြအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဥပဒေတွေကို နည်းဥပဒေ ထုတ်ပြန်ဖို့နဲ့ လက်တွေ့ကျင့်သုံးဖို့ လိုအပ်နေပါပြီ။ ဒါ့အပြင် Rule of Law အကောင်အထည်ဖော်ဖို့၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့အညီ ဘင်္ဂါလီတွေကို စိစစ်ဖို့၊ တပ်မတော်အနေနဲ့ လိမ္မာပါးနပ်စွာ ဥပဒေနဲ့အညီ ထိန်းကျောင်းဆောင်ရွက်ဖို့၊ ရခိုင်ဒေသတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ဖို့ စတဲ့အချက်တွေကို နိုင်ငံတော်အစိုးရအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်" ဟု ဆွေးနွေးသည်။

မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်က "မောင်တော မြို့နယ်တစ်မြို့နယ်လုံးရဲ့ လူဦးရေဟာ တိုင်းရင်းသားအပါအဝင် ဘင်္ဂါလီပါပေါင်းလိုက်ရင် ၅၂၉၆၆၁ ဦး ရှိနေပါတယ်။ တိုင်းရင်းသားအနေနဲ့ လူဦးရေအားလုံးရဲ့ ၆ ရာခိုင်နှုန်းသာ ရှိနေတဲ့အတွက်ကြောင့် ပထဝီနိုင်ငံရေးအရ ဆုံးရှုံးမှုရှိနေပါတယ်"ဟု ဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က "ပြည်ထောင်စုအစိုးရအဖွဲ့၊ တပ်မတော်၊ ပြည်နယ်အစိုးရအဖွဲ့တွေက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်မှုရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်နေကြပါတယ်။ လက်ရှိအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ အပ်နှင်းထားတဲ့ တာဝန်အရ မိမိလုပ်ဆောင်ရမယ့် နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးတို့ကို လုပ်ဆောင်နေတာဖြစ်လို့ တာဝန်ကျေတယ်လို့ ထင်မြင်မိပါတယ်။ တစ်စုံ တစ်ယောက် အဖွဲ့အစည်းတစ်ခုကို တိုက်တွန်းတယ်ဆိုတာ သူ့တာဝန်ကို သူမလုပ်တဲ့အခါမှသာ တိုက်တွန်းရတာဖြစ်ပါတယ်။ ဒီကိစ္စမှာတော့ အစိုးရအနေနဲ့ မိမိလုပ်ဆောင်သင့်တာတွေကို စဉ်ဆက်မပြတ် အလေးထား လုပ်ဆောင်နေတာ ဖြစ်တဲ့အတွက် ထပ်ပြီးတိုက်တွန်းဖို့ မလိုအပ်ပါကြောင်း သုံးသပ်တင်ပြပါတယ်" ဟု ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ မြစ်ကြီးနား မဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်နှင့် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်တို့က ဆွေးနွေးခဲ့ကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက် (သတင်းစဉ်)**

---

## ပြည်ထောင်စုလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်း

**ပုသိမ် ဩဂုတ် ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး /ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ တိုင်းဒေသကြီးအဆင့် ပြန်လည်ရှင်းလင်းပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းတို့ဆောင်ရွက်ပြီး တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသည့် ဒေါ်သိန်းသိန်းညွန့်၊ ဦးကျော်မင်း၊ ဦးမျိုးညွန့်နှင့် ဦးဝင်းမြင့်တို့က တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

---



## လှိုင်မြို့နယ်အတွင်းရှိလမ်းများ၌ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရှိ မီးသုံးစွဲသူ အများပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် လှိုင်မြို့နယ်အတွင်း လူသွားလူလာများပြားသော နေရာများတွင် ရှည်လျားဆားဗစ်ကြိုးများ၊ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်အတွင်းရှိ ဘုရင့်နောင်လမ်း၊ ဘုရင့်နောင် လမ်းသွယ်၊ ဗေယျသိဒ္ဓိ (၄)လမ်း၊ ပိတောက်ရွှေဝါ(၂)လမ်း၊ ပိတောက်ရွှေဝါ (၃)လမ်းနှင့် သီတာလမ်းများတွင် 400 V, (4 C x 70 $mm^2$) ABC Cable ဖြင့် အခန်းပေါင်း ၂၆ ခန်း၊ ၂၄၃၇ ပေ အသစ်ဆွဲခြင်း၊ ရှည်လျားရှုပ်ထွေးဆားဗစ်ဝိုင်ယာကြိုး ၃၁၈ ချောင်း ရှင်းလင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင် (၂) ဦးရန်လင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အနောက်ပိုင်းခရိုင်) ဦးခိုင်ဇော်ငြိမ်း၊ ခရိုင် လျှပ်စစ်မန်နေဂျာ(အင်/ယာ)(အနောက်ပိုင်းခရိုင်) ဦးဆန်းလွင်တို့ ဦးစီး၍ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အရာထမ်း ၁၇ ဦး၊ အမှုထမ်း ၈၃ ဦးတို့ဖြင့် ဩဂုတ် ၂၂ ရက်က နေ့ချင်းပြီး ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့အတွင်း ကျန်ရှိသော နေရာ များတွင် ရှည်လျားဆားဗစ်ကြိုးများ၊ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းကို စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## ကြိုင်လှျမ်း၏ အမေရိက ရောက်တတ်ရာရာစာစုများ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူ ကြိုင်လှျမ်း၏ **အမေရိက ရောက်တတ်ရာရာ စာစုများ** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာစုများမှာ ကမ္ဘာ့အရေးမြန်မာ့အရေးမှအစ တိုးတက်သော ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် မြန်မာအိုင်ဒေါမှသည် မအေးသောင်းအဆုံး သုတရသစုံလင်သည့် အနုပညာပန်းတစ်ခင်း ရောက်တတ်ရာရာ အတွေးအမြင်စာစုများဖြစ်သည်။




ယင်းစာအုပ်တွင် ရွှေတို့ဌာနေ အမိမြေမှ ယန်းကီးတို့ဌာနေသို့၊ ကယ်လီဖိုးနီးယားမှာ မိုးတွေရွာနေပြီ မေ၊ မုန်တိုင်းထန်သော ကယ်လီဖိုးနီးယား၊ ချစ်စရာကောင်းသော ရပ်ဆိုင်းဘုတ်ကလေးများ၊ ပညာဉာဏ်ရောင်ထွန်းလင်းပြောင် ပညာရဲရင့် ပွဲလယ်တင့်၊ ဆန်ရေနှင့် ပီတိ၊ တန်ဖိုးရှိသော အချိန်များ၊ ဒုတိယအရွယ်၏ တတိယဝေဒနာ၊ အေဖစ်ကို မသွေပစ်၍ နလုံးသားအသစ်နှင့် လူဖြစ်ရသူ၊ ကျွန်တော့်ချစ်သူ ကြည်ဖြူခဲ့သည့် ဒုတိယလက်တွဲဖော် လေးဖြူ၊ ကလျာဏမိတ်ကောင်းရှိခြင်းသည် မင်္ဂလာတစ်ပါး၊ နှလုံးသားကို အလှဆင်ပါ၊ အစားအသောက်ဘေးကင်းရေးနှင့် အမ်မလီ၊ ရယ်လီစတိုးနှင့် ယန်းကီးမြေမှ သူခိုး၊ တကယ်တော့ ဆူရှီသမားများဟာ လောပန်းလောင်းတွေပါ၊ မြန်မာအိုင်ဒေါ ဆီဇန်တူးနှင့် နှစ်လေးဆယ် အတိတ်သို့အလွမ်း၊ မအေးသောင်းနဲ့ ညပေါင်းများစွာ၊ မွေးဌာနေ အပြန်ခရီး သို့မဟုတ် ရှုံရှုံနီ ချိုင်းနားအဲစသည့် စာစု ၃၇ ပုဒ် ပါရှိသည်။

ယင်းစာအုပ်ကို စိတ်ကူးချိုချို စာအုပ်တိုက်က တစ်အုပ်လျှင် ငွေကျပ်သုံးထောင်ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

**(မြန်မာ့အလင်း)**

# စက်ရုံအလုပ်သမားများ အလုပ်သမားဥပဒေများသိရှိထားပါက လုပ်ငန်းခွင်ပိုမိုအဆင်ပြေနိုင်

**သတင်းဆောင်းပါး-ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး၊ SMART Myanmar**



ကိုကျော်လွင်ကို၏ လုပ်ငန်းခွင်က လှိုင်သာယာစက်မှုဇုန်၌ တည်ရှိသည်။ နေ့စဉ် တဂျုန်းဂျုန်းမြည်နေသည့် စက်သံများ အကြား သူအလုပ်လုပ်သည်။ လက်တန်းအကာအရံမရှိသည့် စက်တွင် နေ့စဉ် ဘုရားအာရုံပြုကာ ကိုင်တွယ်နေရသည်မှာ စိတ်ပင်ပန်းလွန်းကြောင်း သူကပြောပြသည်။ သူ့သူငယ်ချင်း တစ်ဦးက ဖုန်းမှတစ်ဆင့် ထိုကဲ့သို့ လုပ်ငန်းခွင်အန္တရာယ်ရှိနေ ခြင်းကို ဥပဒေနှင့်အညီညှိနှိုင်းပြီး အလုပ်ရှင်အား တောင်းဆို နိုင်သည့်အကြောင်း သူ့ကိုပြောပြသည်။

ဖုန်းတွင်းမှ Shwe Job Application ၏ ကဏ္ဍတစ်ခု ဖြစ်သည့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးကို သူအထပ်ထပ် အခါခါဖတ်ပြီး နားလည်သွားသည့်အခါ အလုပ်၏ ကြီးကြပ် ရေးမှူးကို သွားရောက်တွေ့ဆုံပြီး သူ့လုံခြုံရေးအတွက် တောင်းဆိုခဲ့သည်။ ကြီးကြပ်ရေးမှူးက အလုပ်ရှင်ကို ပြောပြပြီး သူ့အတွက် လုံခြုံသည့်အကာအရံကို စီမံပေးလိုက်သဖြင့် ယခု အများကြီး စိတ်ကျေနပ်သွားရသည်။ "လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ဘဲ အချက်ကျကျပြောဆိုနိုင်ဖို့အတွက် ဥပဒေအရ အတည်အခန့်ပြောတတ်ဖို့ပြင်ဆင်ရတယ်"ဟု ကိုကျော်လွင်ကို က သူ့အတွေ့အကြုံကို အလုပ်သမားအခွင့်အရေးဆိုင်ရာ အခမ်းအနားတစ်ခု၌ အပေါင်းအသင်းများကို ပြောပြသည်။

"ကျွန်တော်တို့ အခက်အခဲတွေအားလုံးကို တရားဥပဒေ အရ ဖြေရှင်းရင်ရပါတယ်။ ညှိနှိုင်းဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ သိထားသင့်တာတွေကိုလည်း မျက်ခြည်မပြတ် လေ့လာသင့်တယ်"ဟု ကိုကျော်လွင်ကိုက ဆိုသည်။

ဥရောပသမဂ္ဂ၏စီမံကိန်းဖြစ်သည့် SMART Myanmar နှင့် GIZ မှ Social & Labour Standards in Garment and Textile sector in Asia (SLSG) ဟု ခေါ်သည့် စီမံကိန်းနှစ်ခုပူးတွဲ၍ မြန်မာနိုင်ငံအတွင်းရှိ အထည်ချုပ် အလုပ်သမားများအတွက် အရေးကြီးသည့်အချက်အလက်များနှင့်စပ်လျဉ်း၍ နေ့တစ်ဝက်အခမ်းအနားကို ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။ တက်ရောက်သူ ၇၀ ခန့် မျှော်မှန်းသော်လည်း အခမ်းအနားကျင်းပသည့်နေ့တွင် လူဦးရေ ၂၀၀ ကျော် တက်ရောက်ပါဝင်ခဲ့ကြသည်ကို မြင်တွေ့ရသည်။ အခမ်းအနားတွင် Luther Law Firm မှ အလုပ်သမားဥပဒေများနှင့် စပ်လျဉ်းပြီး ဦးဆောင်ဆွေးနွေးကြသည်။

SMART Myanmar သည် အမြတ်အစွန်းကို မရည် ရွယ်ဘဲ သင်တန်းပို့ချပြီး မြန်မာနိုင်ငံအတွင်းရှိ စက်ရုံများကို တိုးမြှင့်ရန်အတွက် ဆောင်ရွက်နေသည့် အကြီးဆုံး Initiative ဖြစ်သည်။ SMART Myanmar ကို ဥရောပသမဂ္ဂနှင့် ဂျာမနီ အစိုးရက ငွေကြေးထောက်ပံ့ထားပြီး စီမံကိန်းမှ အထည်ချုပ် စက်ရုံ မန်နေဂျာပေါင်းရာကျော်နှင့် စက်ရုံပေါင်းရာကျော်ကို လူမှုရေးလိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ရန် သင်တန်းများပို့ချထားသည်။ ယခုကျင်းပသည့် ဥပဒေပညာ ရေးအစည်းအဝေးမှာ စီမံကိန်း၏ခြေလှမ်းများ ပိုမိုခိုင်မာရန်နှင့်စက်ရုံများနှင့် ပိုမိုအချိတ်အဆက်ရရှိနိုင်ရန် ရည်ရွယ်စီစဉ် ခြင်းဖြစ်ကြောင်း သိရသည်။

SLSG နှင့် Sequa ၏ Project Manager ဖြစ်သူ မစုတာရာလင်းက စမတ်ဖုန်းအက်ပလီကေးရှင်းနှင့် ဆော့ဖ်ဝဲ Shwe Job အကြောင်းကို ရှင်းလင်းပြောကြားပြီး Shwe Job ဆိုသည်မှာ စက်ရုံအလုပ်သမားများကို ဥပဒေနှင့် ရသင့် ရထိုက်သည့် အခွင့်အရေးများကို နားလည်စေနိုင်ရန် ရည်ရွယ် အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။ Shwe Job မှာ အလုပ်ခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမား ဥပဒေနှင့် ရသင့်သည့်အခွင့်အရေးများဆိုပြီး အခန်းနှစ်ခန်း ပါဝင်သည်။ Shwe Job ကို ၂၀၁၇ ခုနှစ် မေလတွင် စတင် မိတ်ဆက်ခဲ့ပြီး ယခုလက်ရှိတွင် သုံးစွဲသူ ၃၃၀၀ ကျော်ရှိနေပြီး ပျမ်းမျှသုံးစွဲသူ တစ်လလူဦးရေ ၁၀၀၀ ခန့် တိုးတက်လျက် ရှိကြောင်း မစုတာရာလင်းက ပြောပြသည်။

စက်ရုံအလုပ်ရုံဝန်ထမ်းများအတွက် ဘေးအန္တရာယ် ကင်းရှင်းရေး၊ မျှတသည့်အခွင့်အရေးနှင့် အလုပ်သမားဥပဒေ များ၊ အလုပ်သမားတာဝန်ဝတ္တရားများ၊ အလုပ်ရှင်များ၏ တာဝန်ဝတ္တရားများ၊ တိုင်တန်းမှုစနစ်များနှင့် လုပ်ခလစာစသည့် ကိစ္စရပ်များအတွက် ဗဟုသုတရဖွယ်အချက်အလက်များကို ပိုမိုသိရှိရန်လိုအပ်နေချိန်လည်းဖြစ်သည်။ သို့မှသာ အလုပ် သမားများနှင့် အလုပ်ရှင်အကြား အပြန်အလှန်နားလည်မှု ရယူနိုင်ပြီး လုပ်ငန်းတိုးတက်ရန် ဆောင်ရွက်နိုင်မည်ဖြစ် သည်။

"အလုပ်သမားဥပဒေအရ အလုပ်သမားတွေရဲ့ အလုပ် ချိန်ဟာ တစ်ပတ်ကို ၄၄ နာရီထက်ပိုလို့မရဘဲ အချိန်အတိုင်း အတာ ကျော်လွန်ရင်တော့ လုပ်ခနှစ်ဆကို တောင်းခံရမှာ ဖြစ်ပါတယ်။ အနည်းဆုံးတစ်နာရီအတွက် ငွေကျပ် ၉၀၀ နှုန်းနဲ့ တောင်းဆိုနိုင်ပါတယ်။ ဥပဒေအရ အလုပ်ချိန် ၈နာရီ ခွင့်ပြု ထားပေမယ့်လည်း အချိန်ပိုကြေးမှာ အလုပ်ရှင်နဲ့ အလုပ်သမား တွေ ကျေနပ်ရမှာအပြင် အလုပ်သမားဥပဒေတွေနဲ့လည်း ကိုက်ညီဖို့လိုအပ်တယ်"ဟု အဆိုပါအခမ်းအနားတွင် အလုပ် သမားအရေးကျွမ်းကျင်သူများက ပြောကြားသည်။

SMART Myanmar စီမံကိန်း၏ Team Leader, Mr .Jacob A. Clere က "မျှော်မှန်းထားတဲ့ လူဦးရေထက် တက်ရောက်တဲ့ လူဦးရေက အများကြီး ကျော်လွန်ခဲ့တယ်။ ကျွန်တော့်အမြင်က မြန်မာပြည်မှာရှိတဲ့စက်ရုံတွေက ဥပဒေ ကိုလိုက်ညှိပြီးဆောင်ရွက်ချင်တယ်။ ဒါဟာ ပြောသလောက် မလွယ်ကူနိုင်ဘူးလို့ ထင်ပါတယ်။ ယခုလက်ရှိ ဥပဒေမှာ ဖော်ပြထားတဲ့အချို့အချက်တွေက လက်တွေ့မှာ အကောင် အထည်ဖော်ဖို့ခက်သလို ရှေ့နောက်မညီတဲ့ အချက်တွေလည်း ရှိနေသေးတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနေ့အချို့အချက် တွေကို ရှင်းလင်းသွားအောင် ပြောကြားနိုင်ခဲ့တယ်"ဟု ပြော သည်။

"ကျွန်မတို့အနေနဲ့ အလုပ်သမားတွေနဲ့ အလုပ်ရှင်တွေ ကို လက်ရှိဥပဒေတွေ (၎င်းတို့လိုက်နာသင့်တဲ့ ဥပဒေတွေ)ကို ပညာပေးသင်ကြားပေးခြင်းနဲ့ စက်ရုံအလုပ်ရုံအတွင်း ခိုင်မာ ဖွံ့ဖြိုးတိုးတက်တဲ့ ဆက်ဆံရေးတစ်ခုကို ရရှိစေချင်တာပါ"ဟု SLSG နှင့် Sequa မှ စီမံကိန်းမန်နေဂျာ မစုတာရာလင်းက ရှင်းပြသည်။ စက်မှုဇုန်အလုပ်သမားများသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခွင့်အလမ်းများ ပိုမိုရရှိ နိုင်ပြီး အလုပ်ရှင်များနှင့် မကြာခဏ အငြင်းပွားနေရခြင်းမှာ လည်း ကုန်ထုတ်စွမ်းအားကို ကျဆင်းစေသည့်အပြင် အလုပ် သမားတို့၏ စွမ်းရည်များကိုလည်း ထိခိုက်စေခြင်းကြောင့် နှစ်ဦး နှစ်ဖက် အပြန်အလှန် နားလည်ကြရင်း လုပ်ငန်းခွင်သာယာရန် အရေးကြီးကြောင်း သိရသည်။

# စားသုံးသူအခွင့်အရေး ချိုးဖောက်ခံရခြင်းနှင့် အကျိုးစီးပွားထိခိုက်မှုများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် ဩဂုတ် ၂၃**

စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွား ထိခိုက်နစ်နာပါက တိုင်ကြားနိုင်ရန် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) များကို တိုင်းဒေသကြီး/ပြည်နယ်များ ၌ ခရိုင်အဆင့်အထိ ဖွင့်လှစ်ထားပြီး ယခုနှစ် ဩဂုတ်လအထိတိုင်ကြားမှု ၃၁ မှုရှိကာ ၂၇ မှု ဖြေရှင်းပြီးဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးထွက်ကုန်တွေ၊ စက်မှုနဲ့လျှပ်စစ်ပစ္စည်းစတဲ့ ကုန်စည်တွေအပြင် ဝန်ဆောင်မှုကဏ္ဍမှာပါ တိုင်ကြားမှုတွေကို ဖြေရှင်းပေးနေပါတယ်။ တိုင်ကြားလာမှုအများဆုံးကတော့ ဝန်ဆောင်မှုကဏ္ဍတွေဖြစ်တဲ့ အဝေးပြေးခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ရောင်းချပြီးပစ္စည်းအပေါ်မှာ အာမခံချက်ပေးထားတဲ့အတိုင်း ဆောင်ရွက်ပေးရတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ စားသောက်ဆိုင်ဝန်ဆောင်မှု လုပ်ငန်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေပြင်ဆင်မှုနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေဖြစ်ပြီးတော့ ဒီဟာတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။

"ဒါတွေအပြင် မော်တော်ကားလေအိတ်မပွင့်တဲ့ကိစ္စတွေ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကပေးတဲ့ ဝန်ဆောင်မှုတွေအပေါ် တိုင်ကြားလာမှုတွေကိုလည်း ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ဦးစီးဌာနရဲ့ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) တွေအပြင် လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ www.facebook.com/cicc.npt ( CICC – Nay Pyi Taw) က တစ်ဆင့်လည်း တိုင်ကြားနိုင်ပါတယ်"ဟု အဆိုပါဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။



ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူး



ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဝန်ဆောင်မှုကဏ္ဍအပေါ်တွင် စားသုံးသူများအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂ ရက်က အသိပညာပေးဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စားသုံးသူတိုင်တန်းမှုများ ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို USAID နှင့် ပူးပေါင်းကာ ပုဂံမြို့၌ ပြီးခဲ့သည့် ဇူလိုင် ၆ ရက်နှင့် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သလို ဒီနှစ်မှာတော့ စားသုံးသူသတင်းပြန်ကြားရေးနဲ့ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) တွေကို တိုးချဲ့ဖွင့်လှစ်ပြီးစားသုံးသူတွေအတွက် အကာအကွယ်ပေးရေးဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ခရိုင်အဆင့်အထိ CICC ရုံး စုစုပေါင်း ၄၆ ရုံး ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ CICC တွေမှာ တိုင်ကြားနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုတိုင်ကြားနိုင်တယ်ဆို တာမသိကြသေးတဲ့အတွက် သတင်းမီဒီယာတွေက တစ်ဆင့် အသိပညာပေးလုပ်ငန်းတွေကို ပိုပြီးဆောင်ရွက်နေပါတယ်"ဟု အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ပြောကြားသည်။

**သတင်း- ရှင်မင်း၊ ဓာတ်ပုံ- အေးသန်း**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်၌ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မကွေးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မင်းဘူးမြို့နယ်နှင့် မကွေးမြို့နယ်တို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ နှစ်ပေခန့်နှင့် ညောင်ဦးမြို့၌ သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ သုံးလက်မခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း နှစ်ပေခန့် ဆက်လက်မြင့်တက်နိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်ရှိ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ဟင်္သာတမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ရေဘေးကြောင့် လူနေအိမ်ခြေများ ဆက်လက်ရွှေ့ပြောင်း ကျောင်းအချို့ ခေတ္တပိတ်ထားရဆဲဖြစ်



**နေပြည်တော် ဩဂုတ် ၂၃**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာအုပ်စု အေးစုကျေးရွာ၌ ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် ဩဂုတ် ၂၃ ရက် ညနေ ၃ နာရီခွဲခန့်က ကျေးရွာအတွင်းရှိ ကျွဲနွားတိရစ္ဆာန်များနှင့်လူများ ရေလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနေကြရကြောင်း သိရသည်။

ယခုနှစ် မိုးရာသီကာလအတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆင်မကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ယနေ့အချိန်အထိ စုစုပေါင်း အိမ်ခြေ ၁၅၁ အိမ်ကမ်းပြို၍ ရွှေ့ပြောင်းခဲ့ရပြီး အိမ်ခြေအနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ခြေ ၅၀၀ ကျော်မှာ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ရေဘေးသင့်ခဲ့ရကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးတွင် ဩဂုတ် ၂၂ရက်က မြင်းမူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ကျွဲရိုက်ကျေးရွာပါ ၁၆ ရွာရှိ အိမ်ထောင်စု ၅၉ စု၊ အမျိုးသား ၁၂၀၊ အမျိုးသမီး ၁၃၅ဦး စုစုပေါင်းလူဦးရေ ၂၅၅ ဦးနှင့် ကျွဲ၊ နွား အကောင် ၄၅၀၊ ဝက်အကောင် ၆၀ ကျော်တို့အား ရေလွတ်နေရာများသို့ ပြောင်းရွှေ့ခဲ့ကြောင်းနှင့် စာသင်ကျောင်း ခုနစ်ကျောင်း ခေတ္တပိတ်ထားကြောင်း သိရသည်။

အလားတူ ယမန်နေ့ နံနက် ၁၀ နာရီကစ၍ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် သရက်တောရပ်ကွက်ပါ သုံးရပ်ကွက်ရှိ အိမ်ထောင်စု ၆၄ စု၊အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီး ၁၄၂ဦး စုစုပေါင်း လူဦးရေ ၂၈၃ ဦးတို့ ရေလွတ်သောနေရာများသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်

မန္တလေးတိုင်းဒေသကြီးတွင် ယမန်နေ့က အမရပူရ၊ ပြည်ကြီးတံခွန်၊မတ္တရာ၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ငါန်းဇွန်၊ ညောင်ဦးမြို့နယ်တို့အတွင်း ဧရာဝတီ နှင့် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၂၁၉၂ စု၊ အမျိုးသား ၃၆၃၆ဦး၊ အမျိုးသမီး၄၂၂၇ဦး စုစုပေါင်း လူဦးရေ ၇၈၆၃ ဦးတို့ ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင်လည်း ဩဂုတ် ၂၂ရက် နံနက် ၁၀ နာရီမှစ၍ ဟင်္သာတမြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေလယ်ကျွန်း ကျေးရွာကမ်းပါးပြိုကျခဲ့သဖြင့် ကမ်းပါးနှင့် ၁၀ ပေခန့်အကွာ အိမ်ထောင်စု ခုနစ်စု၊ အမျိုးသား၂၀၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း လူဦးရေ ၃၈ ဦးတို့သည် ကျေးရွာအတွင်းရှိ ဆွေမျိုးများထံ ပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်းနှင့် လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

တိုင်းဒေသကြီး /ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ပြည်သူများထံသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဩဂုတ်လ တတိယပတ်အထိ ရေဝင်အိမ်ခြေ စုစုပေါင်း ၅၄၀၇၅၊ ရေနောက်မျောပါအိမ်ခြေ ၇၅၊ ယာယီပြောင်းရွှေ့နေအိမ် ၂၁၉၀၆၆ နှင့် ရေဘေးကြောင့် သေဆုံးသူ လေးဦးတို့အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၁၆၀၅၇၆၃၉ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- သီဟစည်သူ**



# ကသာမြို့ ဧရာဝတီမြစ်အတွင်း ထင်းဖောင်အတွင်းမှ တရားမဝင်ကျွန်းသစ် ၃၂၉ လုံးထပ်မံတွေ့ရှိ

**ကသာ ဩဂုတ် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် နလယ်အင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ထင်းဖောင် ခုနစ်ခုအား တရားမဝင်သစ်များပါရှိသဖြင့် ကသာခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနတာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်က သွားရောက်ဖမ်းဆီးခဲ့သည်။

ယင်းထင်းဖောင် ခုနစ်ဖောင်အနက် ထင်းဖောင်လေးဖောင်အတွင်းမှ တရားမဝင်ကျွန်းသစ်နှင့် ကညင်သစ် အလုံး၂၁၀ ရှာဖွေစစ်ဆေးတွေ့ရှိရပြီး ကျန်ထင်းဖောင် သုံးဖောင်အနက် နှစ်ဖောင်မှ တရားမဝင်ကျွန်းသစ် ၃၂၉ လုံး ထပ်မံတွေ့ရှိရပြီး ထင်းဖောင်ခြောက်ဖောင်မှ တရားမဝင်သစ်စုစုပေါင်း ၅၃၉ လုံး၊ တန် ၅၀ ကျော်နှင့် ပိုင်ရှင်ခုနစ်ဦးတို့ကို ဥပဒေအရဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တနိုင်းမြို့ရှိ တိုက်ပွဲရှောင်စခန်းလေးခုနေ ပြည်သူများအတွက် ဆန်၊ ဆေးဝါးနှင့်ထောက်ပံ့ပစ္စည်းများလှူဒါန်း

**တနိုင်း ဩဂုတ် ၂၃**
ကချင်ပြည်နယ် တနိုင်းမြို့အတွင်းရှိ တိုက်ပွဲရှောင်စခန်း လေးခုနေ ပြည်သူများအတွက် ဩဂုတ် ၂၃ ရက်က အဆိုပါတိုက်ပွဲရှောင်စခန်းများ၌ ဆန်၊ ဆေးဝါးနှင့် အခြားထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို ပြည်ထောင်စုအဆင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အလှူငွေကျပ် ၅၈ သိန်း၊ ၈၈ မျိုးဆက်သစ်အဖွဲ့မှ ဆန်အိတ် ၆၀၀၊ ကချင်ပြည်နယ် မဲဆန္ဒနယ်သုံးခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့က ဆန်အိတ် ၂၀၀ တို့အပါအဝင် အခြားဆေးဝါး၊ အဝတ်အထည်နှင့် ရိက္ခာခြောက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း တနိုင်းမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်က ပြောသည်။

ဒေသခံများအနေနှင့် တနိုင်းမြို့နယ်တွင် တိုက်ပွဲရှောင်များအဖြစ် နေထိုင်နေကြသည်မှာ သုံးလခန့်ရှိနေပြီ ဖြစ်ပြီး လက်ရှိတိုက်ပွဲရှောင်များအတွက် စားဝတ်နေရေးအဆင်ပြေစေရန် လိုအပ်လျက်ရှိနေကြောင်း၊ လက်ရှိတနိုင်းမြို့ပေါ်သို့ တိုက်ပွဲရှောင်စခန်းလေးခု၌ ပြောင်းရွှေ့နေသူ တိုက်ပွဲရှောင် ဦးရေ ၉၀၀ခန့် ရှိကြောင်း ယင်းတိုက်ပွဲရှောင်များကို ကူညီဆောင်ရွက်ပေးနေသူများထံမှ သိရသည်။

တိုက်ပွဲရှောင်စခန်းလေးခုမှ တနိုင်းမြို့နယ်အတွင်းရှိ နမ့်ခမ်ကျေးရွာ၊ အင်္ဂါးဂါးကျေးရွာ၊ ထမ်းပရားကျေးရွာနှင့် ကောင်ရာကျေးရွာများမှ ဒေသခံများဖြစ်ကြပြီး ဒေသတွင်းမတည်ငြိမ်မှုကြောင့် ပြောင်းရွှေ့တိမ်းရှောင်လာရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ထိုင်းရောက် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ ဆက်လက်ဝင်ရောက်

**ကော့သောင်း ဩဂုတ် ၂၃**
ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားအမျိုးသား ၃၄ ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၃၉ ဦး ဩဂုတ် ၂၃ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ပွဲချိတ်စက်လှေနှစ်စင်းဖြင့် (၁၉)ကြိမ်မြောက် အသုတ်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများဆောင်ရွက်ပေးကြကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့်မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်မြို့များသို့ ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင်စားသောက်ရန် ကုန်ကျစရိတ်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမား ဝင်ရောက်မှု ဦးရေစုစုပေါင်း ၂၀၀၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ပျက်ကျY-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ



**နေပြည်တော် ဩဂုတ် ၂၃**
ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ သုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်အစိတ်အပိုင်းများကို ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လှိုင်သာယာ၌ လူရမ်းကားနှစ်ဦးက YBS(20)ပေါ် တုတ်ကိုင်တက်ကာ ယာဉ်မောင်းထံမှအရက်ဖိုးတောင်း၍မရသောကြောင့် ခရီးသည်များ၏ယာဉ်စီးခများယူဆောင်

**ရန်ကုန် ဩဂုတ် ၂၃**
လှိုင်သာယာမြို့နယ်၌ ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ကမီးခွက်ဈေး မီးပွိုင့် မှတ်တိုင်မှတက်လာသော အရက်မူး၍ တုတ်ကိုင်ထားသည့် လူရမ်းကားနှစ်ဦးက YBS(20)ယာဉ်မောင်းထံမှ ငွေတောင်းရာ ငွေကိုင်ခွင့်မရှိသော ယာဉ်မောင်းထံမှ ငွေမရသောကြောင့် ခရီးသည်များ၏ ယာဉ်စီးခငွေများကို တောင်းယူ၍ ကြမ်းတမ်းစွာပြောဆိုကာ ရုံးထိပ်မှတ်တိုင်တွင် နှစ်ဦးစလုံးဆင်းသွား ကြကြောင်း သိရသည်။

"YBS ယာဉ်မောင်းက ယာဉ်လိုင်းတာဝန်ခံကို အကြောင်းကြားတယ်။ မီးခွက်ဈေးမှတ်တိုင်မှာ လူနှစ်ဦးဝါးလုံးကိုင်တက်လာပြီး ငွေပေးဖို့တောင်းတယ်။ ယာဉ်မောင်းကငွေမကိုင်ရတဲ့အတွက် မပေးနိုင်ကြောင်းပြောတော့ ခရီးသည် တွေဆီက ယာဉ်စီးခကိုတောင်းယူတယ်။ နှစ်ဦးစလုံး အရက်မူးနေကြတာ။ ယာဉ်စီးခသေတ္တာပုံးဖွင့်ပေးဖို့ပြောပေမယ့် သော့မရှိကြောင်းပြောလို့ ငွေပါမသွားဘူး။ မီးခွက်ဈေးမှတ်တိုင်ကတက်ပြီး နှစ်မှတ်တိုင်မြောက် ရုံးထိပ်မှတ်တိုင်မှာတက်လာတဲ့ ခရီးသည်တွေဆီက ယာဉ်စီးခဆွဲယူပြီးဆင်းသွားတယ်။ အဓိကအရက်ဖိုးတောင်းတာ။ YRT ကို ထူးခြားဖြစ်စဉ်အဖြစ် တင်ထားပါတယ်။ ဒီနေ့ ညနေ ၄ နာရီ ရဲစခန်းမှာ အမှုဖွင့်ပါတယ်”ဟု YBS(20) ယာဉ်လိုင်းရုံးအဖွဲ့မှူး ဦးမောင်လွင်က ယနေ့ ညနေပိုင်းတွင် ပြောသည်။

ယာဉ်နောက်လိုက်မပါ ယာဉ်စီးခပုံးအတွင်းထည့်သောစနစ်ဖြင့် ပြေးဆွဲနေသည့် YBS( 20)ယာဉ်လိုင်းမှာ လှိုင်သာယာမြို့နယ်နေ ပြည်သူတို့စိတ်အေးချမ်းသာစွာဖြင့် သွားလာခွင့်ရသော ယာဉ်လိုင်းအဖြစ်အသိအမှတ်ပြုထားပြီး ခရီးသွားပြည်သူတို့မှာ ယခုလိုလူရမ်းကားပုံစံဖြင့် ယာဉ်ပေါ်တက်၍ ငွေတောင်းယူမှုအပေါ် စိုးရိမ်လာကြကြောင်း အဆိုပါယာဉ်ပေါ်တွင်လိုက်ပါလာသော ကျောင်းဆရာမတစ်ဦးက ပြောဆိုသည်။

“မီးခွက်ဈေးမှတ်တိုင်မှာအရက်မူးနေတဲ့ လူနှစ်ယောက်တက်လာပြီး ပထမ ဘော်ဒါကြေးတောင်းတယ်။ ပြီးတော့ယာဉ်စီးခသေတ္တာကို ဖွင့်ခိုင်းတယ်။ သော့မရှိလို့ ရုံးက သော့ကိုင်ထားကြောင်းပြောတဲ့အခါမှာ ခရီးသည်တွေဆီက ယာဉ်စီးခတွေယူသွားတယ်။ ခရီးသည်တွေတစ်ဦးမှ မပြောရဲဘူး။ ကားပေါ်မှာ ကိုယ်ဝန်နဲ့ ကျွန်တော့်ဇနီးလည်းပါလာတော့ ကျွန်တော်လည်း မလှုပ်ရဲဘူးဖြစ်နေတယ်။ ကားပေါ်နှစ်ယောက်တက်လာကတည်းက ဝါးလုံးရမ်းပြီး ဆဲဆိုတက်လာတာ။ လှိုင်သာယာမှာက ညပိုင်းဆိုရင် လမ်းပေါ်အောက်ဆိုက်ယာဉ်တွေကို ကြောက်ရတဲ့အပြင် မူးရူးတဲ့သူတွေကိုလည်းရှောင်ရတယ်။ ယာဉ်မောင်းတွေဘဝလည်း မလုံခြုံဘူး”ဟု ယာဉ်မောင်းက ပြောသည်။

ယနေ့ညနေတွင် လှိုင်သာယာကုန်တင်ယာဉ်ရပ်နားကွင်းအတွင်းရှိ YBS(20)ယာဉ်လိုင်းမှ ရုံးအဖွဲ့မှူးနှင့် ယာဉ်လိုင်းကြီးကြပ်သူတို့က မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ပြီး ရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် ရမ်းကားခဲ့သူ ရန်ရှင်း(၂၁နှစ်)နှင့် သီဟစိုး



**YBS (20) ယာဉ်ပေါ်သို့ တုတ်ကိုင်တက်ရောက်သည့် လူနှစ်ဦးအား ယာဉ်ပေါ်ပါ CCTV မှတ်တမ်းအရ တွေ့ရစဉ်**

အသက် (၃၀နှစ်) တို့နှစ်ဦးကို ဖမ်းဆီးထားပြီးဖြစ်ကြောင်းနှင့် ဖေ့စ်ဘုတ်ခ် YBS (20) အကောင့်တွင် ယင်းဖြစ်စဉ်အားတင်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# နိုင်ငံတစ်ဝန်းတွင် ရာသီတုပ်ကွေးရောဂါလက္ခဏာဖြင့် ပြသသူ ၈၄၈ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၃၁၇ ဦးဖြစ်ပြီး သေဆုံးသူ ၃၃ ဦးရှိ

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတစ်ဝန်းတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၈၄၈ ဦး၊ Influenza A(H1N1) pdm09) ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၃၁၇ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၃၃ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီအထိ သုံးရက်အတွင်း ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 သံသယလူနာ ၅၁ ဦးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၂၀ တွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူ သုံးဦးရှိခဲ့သဖြင့် ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်သည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင် ရောဂါလက္ခဏာဖြင့်ပြသသူဦးရေ | Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူဦးရေ | ဓာတ်ခွဲအတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၂၀ | ၁၆ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၀ | ၂၂ | ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂၈ | ၂၂ | ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉၄ | ၄၂ | ၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၄ | ၁၆ | ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၁ | ၁၉ | ၂ |
| ၁၀ | မွန်ပြည်နယ် | ၁၂ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၂ | ၄ | ၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၈၂ | ၈၅ | ၈ |
| ၁၃ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁၂ | ၃ | ၀ |
| ၁၄ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၅ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၆ | ၃ | ၁ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၉၅ | ၃၉ | ၁၂ |
| ၁၇ | နေပြည်တော် | ၂၂ | ၁၇ | ၀ |
| | စုစုပေါင်း | ၈၄၈ | ၃၁၇ | ၃၃ |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း ၂၁ ဦးရှိကြောင်း ။

တစ်နိုင်ငံလုံးရှိဆေးရုံများတွင် H1N1 ပိုးတွေ့လူနာအဖြစ် ဆေးရုံတက်ရောက်ကုသသူ ဦးရေမှာ သိသာစွာကျဆင်းလာပြီး ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် အတွင်းလူနာ နှစ်ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် အတွင်းလူနာ ၃၄ ဦး စုစုပေါင်း ၃၆ ဦးသာ ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်း လူနာ ၂၁၁ ဦးနှင့် ပြင်ပလူနာအဖြစ် ပြသသူ ၁၆ ဦးရှိခဲ့ကြောင်း ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FluNet Website တွင်ဖော်ပြထားချက်အရ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ခုနစ်လကျော်ကာလအတွင်း အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ သတင်းပေးပို့ အတည်ပြုရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း။

| စဉ် | နိုင်ငံ | ဓာတ်ခွဲစမ်းသပ် စစ်ဆေးသူ ဦးရေ | Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူဦးရေ |
|---|---|---|---|
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၃၉၇၆၀၉ | ၁၂၀၃ |
| ၂ | အိန္ဒိယနိုင်ငံ | ၈၈၄၅ | ၁၄၁၂ |
| ၃ | နီပေါနိုင်ငံ | ၁၈၂၆ | ၄၈၀ |
| ၄ | သီရိလင်္ကာနိုင်ငံ | ၅၈၅၄ | ၃၇၃ |
| ၅ | မြန်မာနိုင်ငံ | ၇၉၇ | ၂၉၇ |
| ၆ | မော်လ်ဒိုက်နိုင်ငံ | ၉၄၆ | ၂၈၉ |
| ၇ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၃၄၅၅ | ၂၇၄ |
| ၈ | ထိုင်းနိုင်ငံ | ၁၉၂၈ | ၁၃၂ |
| ၉ | မလေးရှားနိုင်ငံ | ၁၈၄၈ | ၅၉ |
| ၁၀ | ဘူတန်နိုင်ငံ | ၁၀၄၃ | ၄၈ |
| ၁၁ | အင်ဒိုနီးရှားနိုင်ငံ | ၁၀၉ | ၂ |

သို့ဖြစ်၍ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နယ်နိမိတ်ချင်းထိစပ်နေသောနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် အများစုတွင် အမျိုးအစားတူ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့်ကာလဖြစ်ကြောင်း သုံးသပ်ရကြောင်း။

စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့် ဂေဟာများ၊ အခြားလူစုလူဝေးရှိသောနေရာများတွင် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ ထပ်ဆင့်ဖြစ်ပွားမှု (Cumulative incidence of ILI symptoms) အခြေအနေမှာ ကျဆင်းလာသည်ဟု တွေ့ရှိရကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တစ်နိုင်ငံလုံးရှိ ဆေးရုံကြီးများ၌ ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ရက်အလိုက် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်မှုနှုန်း (Case hospitalization rate)၊ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ရောဂါလူနာများတွင် သေဆုံးမှုနှုန်း (Case fatality rate among SevereAcute Respiratory Infections – SARI) အား ကူးစက်ရောဂါဗေဒဆိုင်ရာ ရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ရာ ဆေးရုံတက်ရောက်မှုနှုန်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်များအရ ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာ ကျဆင်းသည့်ဘက်(Downward Trend) သို့ ရောက်ရှိနေပြီး လူနာနှင့် အနီးကပ်ထိတွေ့ကိုင်တွယ်သူများတွင် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ ဖြစ်ပွားမှုအခြေအနေ(Secondary attack rate) တွေ့ရှိချက်အရ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော( Seasonal Influenza A(H1N1)pdm09) သည် ကူးစက်ပြန့်ပွားမှုနှင့် ရောဂါပြင်းထန်မှုမှာ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း။

ပြည်သူလူထုအနေဖြင့် မိမိတွင်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ခံစားရသည်ဟု သံသယရှိပါက နီးစပ်ရာပြည်သူ့ဆေးရုံများသို့ အချိန်မီသွားရောက် ဆေးကုသမှုခံယူရန်နှင့် မိမိထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရန် မိမိကိုယ်တိုင်မှစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုများသိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်အား အခါအားလျော်စွာ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ခင်ဦးမြို့နယ် ရေဝတီမြစ်ကြောင်း၌ သက်သေခံပစ္စည်း သံခွံရေယာဉ်ကို အတင်းအဓမ္မဆွဲယူမောင်းနှင်သွားသူများကို သေနတ်ပစ်ဖောက်ဖမ်းဆီး

**ခင်ဦး ဩဂုတ် ၂၃**

ခင်ဦးမြို့နယ် ကဘွက်ကျေးရွာ ကဘွက်ဘိနယ် သစ်တောစခန်းအနီး ရေဝတီမြစ်အနောက်ဘက်၌ မေ ၁၇ ရက်က မြို့နယ်တရားရုံး ရာကြီးမှုအမှတ် -၂၇၆/၁၇၊ သစ်တောအက်ဥပဒေပုဒ်မ - ၄၂(ခ) ဖြင့် အလျား ပေ ၁၀၀၊ ဖြက် ၁၅ ပေ၊ ဇောက် ၂၃ ပေ၊ အင်ဂျင် ၃ လုံး တပ်ဆင်ထားသည့် "ဇာနည်မင်းထက်" သံခွံရေယာဉ်သည် မြို့နယ်တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်း၍ တရားရင်ဆိုင်နေစဉ် တိမ်းရှောင်ထွက်ပြေးနေသော ပြစ်မှုကျူးလွန်သူများက ဩဂုတ် ၂၃ ရက် နံနက် ၁ နာရီခန့်က အဆိုပါ သက်သေခံပစ္စည်းကို ကဘွက်ဘိနယ်တာဝန်ခံ တောအုပ်ဦးဝေဖြိုးအောင်၏ ခွင့်ပြုချက်မရရှိဘဲ လူအင်အားသုံးပြီး "နိုင်စွမ်းထက်" ရေယာဉ်ဖြင့် အတင်းအဓမ္မဆွဲယူ မောင်းနှင်သွားခဲ့သည်။ ယင်းသို့ ယူဆောင်သွားသည်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးခင်မောင်ချိုနှင့် ဝန်ထမ်းများသည် ပြည်သူများနှင့်ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇီးပင်ကျွန်းချောင်း ဆိပ်ကမ်းအနီးတွင် အကြိမ်ကြိမ်အခါခါ ကမ်းကပ် ရပ်တန့်ခိုင်းရာ ရပ်တန့်ခြင်းမရှိဘဲ ဆန်တက်သွားနေသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက သေနတ်တစ်ချက် ပစ်ဖောက် ရပ်တန့်ခိုင်းမှသာ အဆိုပါ "နိုင်စွမ်းထက်" ရေယာဉ်နှင့် "ဇာနည်မင်းထက်" သံခွံရေယာဉ်တို့မှာ ရပ်တန့်သွားပြီး တက်ရောက်စစ်ဆေးခဲ့ရာ မင်းမင်း(ခ)ခိုင်ဇော်မင်း၊ မျိုးသူထွန်း၊ သိန်းဇော်မောင်၊ သိန်းဌေးဦး၊ ဖိုးလုံး(ခ)ဇင်မျိုးထက်တို့ ငါးဦးကို တွေ့ရှိ ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တိုက်ကြီးကျေးရွာနေ မင်းမင်း(ခ)ခိုင်ဇော်မင်း (၄၀ နှစ်)၊ မျိုးသူထွေး (၃၀ နှစ်)၊ သိန်းဇော်မောင် (၂၈ နှစ်)၊ (လိပ်စာတူ) ဖိုးလုံး(ခ)ဇင်မျိုးထက် (၁၉ နှစ်)နှင့် သိန်းဌေးဦး (၃၉ နှစ်) မြေနုရပ်ကွက် ဗန်းမော်မြို့နေသူတို့ ငါးဦးကို မြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ချစ်စံ (ခင်ဦး)**



သက်သေခံပစ္စည်း သံခွံရေယာဉ်အား အတင်းအဓမ္မဆွဲယူမောင်းနှင်သွားသူ ငါးဦးတို့ကို တွေ့ရစဉ်

# မောင်တောမြို့နယ်၌ အကြမ်းဖက်သမားများနှင့် ပတ်သက်သူတစ်ဦးနှင့် တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အကြမ်းဖက်သမားများနှင့် ပတ်သက်သူတစ်ဦးနှင့် တရားခံပြေးတစ်ဦးကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က မောင်တောမြို့နယ် ရေနောက်ငါးသား(မြောက်)ရွာ၌ အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်သူ ရော်ရှီအာမောက်(ခ) အိန်ဂျယ်ရှော်ရှီကို ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖုန်းအားစစ်ဆေးရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သတင်းပေးသူများ၏ လှုပ်ရှားမှုများအား အကြမ်းဖက်သမားများထံသို့ ဆက်သွယ်သတင်းပေးပို့ထားကြောင်း တွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူသတ်မှုဖြစ်စဉ်တစ်ခုတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဖွေယာဇူအစ္စလာမ် (ခ) ဖွေရာဇူလာကို ယမန်နေ့ ညနေ ၆ နာရီခန့်က ရွာသစ်ကေကျေးရွာ၌ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇူလကျေးရွာမှ ခေတ္တအုပ်ချုပ်ရေးမှူးကို ယမန်နေ့ ညပိုင်းက အကြမ်းဖက်သမား ၂၅ ဦးခန့်က ဓားဖြင့် ဝိုင်းခုတ် သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဇူလကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဟာကူရာမာန်သည် ယမန်နေ့ ည ၇ နာရီခန့်တွင် ၎င်း၏ နေအိမ်သို့ ဓား၊ လှံများ ကိုင်ဆောင်ထားပြီး နဖူးတွင် အနက်ရောင်ပိတ်စများ စည်းထားသည့် အကြမ်းဖက်သမား ၂၅ ဦးခန့် ရောက်ရှိနေကြောင်း တာဝန်ရှိသူများထံ ဖုန်းဆက်သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းစဉ် အကြမ်းဖက်သမားများမှာ ထွက်ပြေးသွားခဲ့ပြီး ခေတ္တအုပ်ချုပ်ရေးမှူး ဟာကူရာမာန်သည် လည်ပင်း ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ တရားမဝင်လာရောက်နေထိုင်သူ နှစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂုပ္ပိကျေးရွာ၌ ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက တရားမဝင်လာရောက်နေထိုင်သူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁နာရီခန့်က ဂုပ္ပိကျေးရွာ၌ တရားမဝင်လာရောက်နေထိုင်သူ ဟူမာယုန်ခေါ်ဘီအပါအဝင် နှစ်ဦးကို ဖမ်းဆီးရမိခဲ့သဖြင့် တောင်ဘဇာနယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

လူကုန်ကူးမှုမှန်သမျှ
ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ကြ

# အိန္ဒိယကျောက်ခဲပေါက်ပွဲတော်တွင် လူပေါင်း ၄၅၀ ဒဏ်ရာရ

**နယူးဒေလီ ဩဂုတ် ၂၃**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မက်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ယမန်နေ့က ရိုးရာကျောက်ခဲပေါက်ပွဲတော်ကျင်းပခဲ့ရာ လူ ၄၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ တချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂေါ့မာဟုခေါ်သော အဆိုပါပွဲတော်သည် အိန္ဒိယနိုင်ငံ အလယ်ပိုင်း၌ မက်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပလေ့ရှိသော ရိုးရာပွဲတော်တစ်ခု ဖြစ်သည်။

ရိုးရာကျောက်ခဲပေါက်ပွဲတော်တွင် ရမ်းကားသည့် လူများရှိလာသည့်အတွက် ရဲတပ်ဖွဲ့က ၎င်းတို့အား ဖမ်းဆီးရန် မျက်ရည်ယိုဗုံးများသုံးခဲ့ရကြောင်း၊ လူနာတင်ကားများကိုလည်း ၎င်းတို့က ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း သိရသည်။

ကျောက်ခဲပစ်ပွဲတော်အတွင်း ဆာဝါဂုန်ခရိုင်နှင့် ပန်ဒူနာခရိုင်မှလူများသည် ဂျမ်းမြစ်လယ်ရှိ သစ်ပင်ပေါ်တွင် လွှင့်ထူထားသော အလံအားရရှိရန် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ဆင်ဟွာ)



## တိုက်ချင်းပစ်ဒုံးကျည်ထုတ်လုပ်မှုကို အရှိန်မြှင့်ဆောင်ရွက်ရန် ကင်ဂျုံအန်းညွှန်ကြား

**ပြုံယမ်း ဩဂုတ် ၂၃**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းသည် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်များပစ်လွှတ်နိုင်မည့် ဒုံးကျည်ထိပ်ဖူးနှင့် လောင်စာခဲသုံးအင်ဂျင်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်ရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ကင်ဂျုံအန်းသည် အမျိုးသားကာကွယ်ရေး သိပ္ပံအကယ်ဒမီကျောင်းသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည်။ အဆိုပါ တက္ကသိုလ်သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဟွာဆောင်း- ၁၄ တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့မှုတွင် ပါဝင်ခဲ့သည်။

တိုက်ချင်းပစ်ဒုံးကျည်ထိပ်ဖူးနှင့် ဂျက်အင်ဂျင်များအတွက် အသုံးပြုရန် အပူဒဏ်ခံနိုင်စွမ်းမြင့်မားသည့် ကာဗွန်ပါဝင်သောပစ္စည်းများကိုလည်း ကာကွယ်ရေးသိပ္ပံအကယ်ဒမီကျောင်းက အဆင့်မြှင့်တင်ထုတ်လုပ်လျက်ရှိသည်။

(ရိုက်တာ)

# အမေရိကန်အရှေ့ဘက်တွင် ရထားတိုက်မိမှုဖြစ်ပွားရာ လူပေါင်း ၄၂ ဦးထက်မနည်း ဒဏ်ရာရရှိ



**နယူးယောက် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံအရှေ့ဘက် ဖီလာဒဲလ်ဖီးယားမြို့အစွန်အဖျားရှိ ဘူတာရုံတစ်ခုတွင် ရပ်ထားသော ရထားတစ်စင်းကို မြန်နှုန်းမြင့်ရထားတစ်စင်းက ဝင်တိုက်ခဲ့ရာ လူ ၄၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ပန်ဆယ်ဗေးနီးယားပြည်နယ် ဒါဘိုင်ဆင်ခြေဖုံးရပ်ကွက်ရှိ အမှတ် ၆၉ လမ်း ဘူတာရုံတွင် ရပ်ထားသော လူမရှိသည့် ရထားကို မြန်နှုန်းမြင့် နော်ရစ်တောင်းမြို့ပတ်ရထားတစ်စင်းက ဝင်တိုက်ခဲ့ရာ ရထားမောင်းသူအပါအဝင် လူပေါင်း ၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပန်ဆယ်ဗေးနီးယားပြည်နယ် ပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဟီသာရက်ဒ်ဖန်က ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများသည် အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။ ရထားမောင်းသူကိုလည်း ဆေးရုံတွင် ဆေးကုသမှုပေးပြီးနောက် ပြန်လွှတ်ပေးခဲ့ကြောင်း ဟီသာရက်ဒ်ဖန်က ပြောခဲ့သည်။

ထို့အပြင် အဆိုပါရထားတိုက်မှုသည် သန်းခေါင်ယံအကျော်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ အဆိုပါဖြစ်စဉ်အား ပြည်တွင်းပို့ဆောင်ရေးဌာနက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် နော်ရစ်တောင်းမြို့ပတ်ရထားများပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း ဟီသာရက်ဒ်ဖန်က ပြောခဲ့သည်။ လွန်ခဲ့သော ဇန်နဝါရီလအစောပိုင်းက နယူးယောက်မြို့တွင် လူစီးရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

## တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အကြမ်းဖက်တိုက်ဖျက်သည့် စစ်ရေးလေ့ကျင့်မှုဆောင်ရွက်

**ဆိုးလ် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အာဏာပိုင်များသည် တောင်ကိုရီးယားမြို့တော်ရှိ မြေအောက်ရထားလမ်း၌ အကြမ်းဖက်နှိမ်နင်းသည့် စစ်ရေးလေ့ကျင့်မှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားတပ်မတော်သည် အမေရိကန်ပြည်ထောင်စုနှင့်အတူနှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အင်္ဂါနေ့တွင် ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတွင် ရဲတပ်ဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ ခန့်ပါဝင်ခဲ့ကြသည်။

ပြေးဆွဲနေသည့် မြေအောက်ရထားတစ်စင်းပေါ်တွင် အကြမ်းဖက်သမားများက အဆိပ်ငွေ့ထုတ်လွှတ်ခဲ့မှုအပါအဝင် သေကျေပျက်စီးမှုများဖြစ်စေသည့် အနာဂတ်ဖြစ်နိုင်ခြေဇာတ်ညွှန်းတစ်ခုအပေါ် အခြေခံထားသည်။

အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ထားသည့် မီးသတ်ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့သည် ၎င်းတို့စီးနင်းလာသည့်ရထား ဘူတာရုံ၌ ရပ်တန့်လိုက်သောအခါ ခရီးသည်များအား ကယ်ဆယ်သည့်လေ့ကျင့်မှုကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်မှ ဓာတုလက်နက်ခုခံကာကွယ်ရေးယူနစ်အဖွဲ့သည် ဓာတ်ငွေ့ရှာဖွေစိစစ်မှုနှင့် အဆိပ်ဖြေဓာတုဖျန်းဆေးများဖျန်းခြင်းကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ စစ်ရေးလေ့ကျင့်မှုအတွင်း ဘူတာရုံ၌ ပေါက်ကွဲပစ္စည်းထောင်ထားခြင်း ပါဝင်သည့် သရုပ်ပြလေ့ကျင့်မှုကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့မှ ဖယ်ရှားရှင်းလင်းရေးယူနစ်အဖွဲ့က ပေါက်ကွဲပစ္စည်းကိုရှာဖွေသည့် လေ့ကျင့်မှုလုပ်ဆောင်ခဲ့ကြသည်။

(အင်န်အိတ်ခ်ျကေ)

# တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်သို့ ၁၃ ခုမြောက်တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ပေကျင်း ဩဂုတ် ၂၃**

ယခုနှစ် တရုတ်နိုင်ငံ၌ ၁၃ ခုမြောက် တိုင်ဖွန်းမုန်တိုင်း ဟာတိုသည် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ဇူဟိုင်တောင်ပိုင်းသို့ ဩဂုတ် ၂၃ရက် ဒေသစံတော်ချိန် ၁၂ နာရီ မိနစ် ၅၀ က တစ်စက္ကန့်လျှင် ၄၅ မီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်း လေကြောင်းလိုင်းဖြစ်သည့် The China Southern Airlines က မုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ် ၁၀၆ ခုကို ပယ်ဖျက်ခဲ့ရကြောင်း၊ ထို့အတူ ကွမ်တုံမီးရထားအာဏာပိုင်များကလည်း ရာသီဥတုအခြေအနေကြောင့် မီးရထားခရီးစဉ်အချို့ကိုရပ်ဆိုင်းထားကြောင်း သိရသည်။ အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းဟာတိုကြောင့် ကွမ်ကျိုဘိုင်ယန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ကြိုပို့ဘတ်စ်ကားများကိုလည်း ရပ်တန့်ထားရကြောင်း သိရသည်။

(ဆင်ဟွာ)



# နိုင်ငံတကာကို စိန်ခေါ်လာတဲ့အကြမ်းဖက် တိုက်ခိုက်မှု

ခြူးစန္ဒီနွေး

**မကြာသေးမီက စပိန်နိုင်ငံ ဘာစီလိုနာမှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ လူစည်ကားရာနေရာမှာ လူအုပ်ထဲကို ဗင်ကားတစ်စီး အတင်းဝင်တိုက်လို့ လူ ၁၃ ဦး သေဆုံးသွားခဲ့ပါတယ်။ အင်မတန် ဝမ်းနည်းဖို့ ကောင်းပါတယ်။ အပြစ်မဲ့ပြည်သူတွေ ဘာအကြောင်းပြချက်မှမရှိဘဲ အသတ်ခံလိုက်ရတာပါ။ အဲဒီဖြစ်ရပ် ပြီးသွားတဲ့နောက်မှာတော့ လက်နက်အပြည့်အစုံကိုင်ဆောင်ထားတဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ပြည်သူတွေနှစ်ခြိုက်စွာ သွားလာကြတဲ့ ဘာစီလိုနာမြို့ရဲ့လမ်းမထက်မှာ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြရတယ်။ ပျော်ရွှင်စရာတွေ ပြည့်နှက်နေတဲ့မြို့ဟာ အခုတော့ ထိတ်လန့်ခြင်းတွေနဲ့ ကြီးစိုးနေတယ်။ ဒါတွေကတော့ အကြမ်းဖက်တိုက်ခိုက်မှုရဲ့အကျိုးဆက်တွေပါပဲ။**



အခုအချိန်မှာတော့ ရဲတွေဟာ ဒီတိုက်ခိုက်မှုမှာ ဗင်ကားကို မောင်းတဲ့သူလို့ ယူဆရတဲ့ အမည်ကို အတည်ပြုဖော်ထုတ်နိုင်ပါပြီ။ သူကတော့ အသက် ၂၂ နှစ်အရွယ် Younes Abouyaaqoub ပဲ ဖြစ်ပါတယ်။ စီစီတီဗွီက နေတစ်ဆင့် ခြေရာခံခဲ့တာဖြစ်ပြီး နောက်ထပ် အမျိုးသမီးတစ်ဦးကလည်း ကားအတွင်းမှာ ဓားနဲ့ထိုးသတ်ခံခဲ့ရတာဖြစ်လို့ သေဆုံးသူ အရေအတွက်ဟာ ၁၅ ဦး ဖြစ်လာပါတယ်။ ရဲတွေဟာ Abouyaaqoub ဓာတ်ပုံကို ဖြန့်ဝေထားပြီး ပြည်သူတွေကိုလည်း သူ့ကို ရှာဖွေတဲ့နေရာမှာ အကူအညီပေးကြဖို့ မေတ္တာရပ်ခံထားပါတယ်။ သူဟာ အလွန်အန္တရာယ်များပြီး လက်နက်လည်း ကိုင်ဆောင်ထားနိုင်တယ်လို့ သတိပေးမှုတွေ ပြုလုပ်ထားပါတယ်။

နောက်ပိုင်းမှာတော့ Abouyaaqoub ကို အသေပစ်ခတ် ဖမ်းဆီးနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား ပြီးတဲ့နောက်မှာတော့ ရဲတွေဟာ ဗုံးပြုလုပ်တဲ့နေရာလို့ယူဆရတဲ့ ဘာစီလိုနာ တောင်ပိုင်းက နေရာကို ဝင်ရောက်စီးနင်းမှုတွေ ပြုလုပ်ခဲ့ရာမှာတော့ ငါးဦးကို အသေဖမ်းမိခဲ့ပြီး လေးဦးကိုတော့ အရှင်ဖမ်းမိခဲ့ပါတယ်။

ဘာစီလိုနာမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုဟာ အခြားနိုင်ငံတွေကိုလည်း သတိပေးလိုက်သလိုပါပဲ။ ဩစတြေးလျမှာလည်း အကြမ်းဖက်တိုက်ခိုက်မှုတွေကို ကြိုတင်ကာကွယ်ဖို့ ပြင်ဆင်မှုတွေ လုပ်နေပါပြီ။ လူသွားလူလာများတဲ့ နေရာတွေမှာ မော်တော်ယာဉ်တွေ ရုတ်တရက် ဝင်တိုက်တာမျိုးတွေ မဖြစ်အောင် အကာအကွယ် အတားအဆီးတွေ လုပ်ထားဖို့ပါပဲ။ စီးပွားရေးလုပ်ငန်းတွေမှာတော့ လုံခြုံရေးတင်းကျပ်မှုကြောင့် အခက်အခဲတွေတော့ ကြုံတွေ့နိုင်ပါတယ်။ "အကြမ်းဖက်သမားတွေကို ဘယ်တော့မှ ဦးညွှတ်မှာ မဟုတ်ဘူး။ ဒါပေမယ့်လည်း ဩစတြေးလျနိုင်ငံကို အကြမ်းဖက်တိုက်ခိုက်ခံရမှုနဲ့ အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှု အန္တရာယ်ကနေ ကင်းဝေးရအောင် လုပ်ဆောင်ရမယ့် အဆင့်တိုင်းကိုတော့ မဖြစ်မနေ လုပ်ဆောင်သွားမယ်"လို့ ဩစတြေးလျ ဝန်ကြီးချုပ်က ပြောပါတယ်။

လွန်ခဲ့တဲ့နှစ်က ပြင်သစ်နိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်ခံရပြီး လူ ၈၆ ဦး သေဆုံးခဲ့ပါတယ်။ အဲဒီ အချိန်ကစပြီး ဩစတြေးလျနိုင်ငံဟာ အကြမ်းဖက်တိုက်ခိုက်မှုကာကွယ်ရေးအတွက် အစီအစဉ်တွေပြုလုပ်ရမယ်ဆိုတဲ့ အသိရှိခဲ့ပါတယ်။ ဩစတြေးလျမဟာဗျူဟာ မူဝါဒဆိုင်ရာ အင်စတီကျုမှ နိုင်ငံတော်လုံခြုံရေး အစီအစဉ်နဲ့ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး နည်းဗျူဟာညွှန်ကြားရေးမှူး ဒေါက်တာ အိုင်ဆက်စ်ကဗာနဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အကြောင်းကတော့ အများပြည်သူနဲ့

**လန်ဒန်မှာဆိုရင် စောင့်ကြည့်ကင်မရာတွေ အများကြီး တပ်ဆင်ထားပါတယ်။ အဲဒီ ကင်မရာတွေကနေ တစ်ဆင့် အကြမ်းဖက်သမားတွေကို ခြေရာခံနိုင်ပါတယ်။ ၂၀၀၅ ခုနှစ်က မြေအောက်ရထားဖောက်ခွဲမှုရဲ့ အဓိကလက်သည်ကို ဒီကင်မရာတွေကပဲ ဖော်ထုတ်နိုင်ခဲ့**

သက်ဆိုင်တဲ့နေရာတွေ မှာ လုံခြုံစိတ်ချရမှုရှိစေရေးအတွက်ပဲ ဖြစ်ပါတယ်။ ဩစတြေးလျမှာလည်း ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်မလာဘူးလို့ မပြောနိုင်ပါဘူး။ ဒါကြောင့်မို့ လုံခြုံရေးကို အမြင့်ဆုံးပြုလုပ်ထားပါတယ်။

လက်ရှိအချိန်မှာတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဟိုနေရာ ဒီနေရာကဆိုသလို အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ မကြာခဏကြုံတွေ့နေရပြီး အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကို ခံစားနေရပါတယ်။ ဒီလိုမျိုး လူစည်ကားရာနေရာတွေမှာ လုံခြုံရေးအတားအဆီးတွေ ထပ်မံထားရှိတာဟာ အကြမ်းဖက်တိုက်ခိုက်မှုကို ကာကွယ်နိုင်တာ ဟုတ်ချင်မှလည်းဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် သေချာတာ တစ်ခုကတော့ ပြည်သူလူထုရဲ့စိတ်ကို လုံခြုံမှုတော့ပေးနိုင်ပါတယ်လို့ ဒေါက်တာ ကဗာက ဆိုပါတယ်။ ပြည်သူတွေ နေ့စဉ်လှုပ်ရှားသွားလာရာမှာနဲ့ အလုပ်လုပ်ကိုင်ရာမှာ စိတ်အေးချမ်းသာမှုရှိဖို့ တကယ်ပဲအရေးကြီးပါတယ်။

ဒါပေမယ့် အခြားသောအခက်အခဲတွေလည်းရှိပါသေးတယ်။ အဲဒါကတော့ ဘဏ္ဍာရေးပါ။ လုံခြုံရေးတွေ တိုးမြှင့်လာပြီး အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာတွေမှာ လုံခြုံရေးအရ အတားအဆီးတွေလုပ်တော့မယ်ဆိုရင် ကုန်ကျစရိတ်များလာမှာလည်း အမှန်ပါပဲ။ နောက်တစ်ချက်ကတော့ လုံခြုံရေးတင်းကျပ်လွန်းတာဟာ မိမိရဲ့ ကိုယ်ပိုင်ဘဝကို ထိခိုက်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဥပမာ- လန်ဒန်မှာဆိုရင် စောင့်ကြည့်ကင်မရာတွေ အများကြီးတပ်ဆင်ထားပါတယ်။ အဲဒီကင်မရာတွေကနေတစ်ဆင့် အကြမ်းဖက်သမားတွေကို ခြေရာခံနိုင်ပါတယ်။ ၂၀၀၅ ခုနှစ်က မြေအောက်ရထားဖောက်ခွဲမှုရဲ့အဓိကလက်သည်ကို ဒီကင်မရာတွေကပဲ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အလားတူ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာလည်း ထို နည်းပညာမျိုးကို အသုံးပြုပါတယ်။ သူကတော့ လူတစ်ဦးချင်းစီရဲ့ မျက်နှာတွေ မှတ်ထားတဲ့ ဆော့ဖ်ဝဲပဲဖြစ်ပါတယ်။ ဒါတွေဟာ ကိုယ်ရေးကိုယ်တာကို ထိခိုက်တယ်ဆိုပြီး မကျေနပ်ကြသူကလည်း ရှိကြပါတယ်။

အကြမ်းဖက်မှုတွေ စိပ်လာတဲ့အခါ နိုင်ငံအသီးသီးဟာလည်း ကာကွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့စိုင်းပြင်းလာကြပါတယ်။ ဗြိတိန်မှာဆိုရင်တော့ ဗင်ကားလာရောက်ငှားရမ်းတဲ့ သူတွေကို သေချာစိစစ်ဖို့ ဆွေးနွေးနေပါတယ်။ ပြင်သစ် ပြည်ထဲရေးဝန်ကြီးကတော့ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်မလာအောင် လုံခြုံရေး အတားအဆီးတွေ ပြုလုပ်ဖို့ အဆိုပြုထားပါတယ်။ လူမှုမီဒီယာတွေပေါ်ကနေ အကြမ်းဖက်ဝါဒဖြန့်ချိမှုတွေကို ဖယ်ရှားပစ်ဖို့ ဗြိတိန်နဲ့ပြင်သစ်နိုင်ငံတို့က တောင်းဆိုထားပါတယ်။ ဒုက္ခသည် အများအပြားကို လက်ခံထားတဲ့ ဂျာမနီဟာလည်း ဒီအတိုင်း လက်ပိုက်ကြည့်မနေပါဘူး။ တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေကို လုပ်ဆောင်နေပါတယ်။ ဒါတွေအပြင် ဒုက္ခသည်လို့ သတ်မှတ်ဖို့သတ်မှတ်ထားတဲ့ အချက်တွေနဲ့ မပြည့်စုံတဲ့လူတွေကိုလည်း နိုင်ငံအတွင်းကနေ ပြည်နှင်ဒဏ်ပေးတာတွေ ပြုလုပ်နေပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုတွေရဲ့ နောက်ကွယ်က အကြောင်းတရားက ဘာတွေလဲ။ အဓိကကတော့ အမုန်းတရားတွေပါပဲ။ အမုန်းတရားတွေကို ရပ်တန့်ပစ်နိုင်ဖို့ ကြိုးစားသင့်ပါပြီ။ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ လူကာနဲ့ ဂျိုးဇက်တို့ကတော့ ဘာစီလိုနာမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး အံ့ဩထိတ်လန့်ရပါတယ်လို့ ဆိုပါတယ်။

လူကာကတော့ လုံခြုံရေးတွေ တင်းကျပ်တိုင်းလည်း အကြမ်းဖက်မှုကို မဖြေရှင်းနိုင်ဘူးလို့ သူ့အယူအဆကို ပြောပါတယ်။

"ဒီအချိန်ဟာ ထိခိုက်ခံစားခဲ့ရတဲ့သူတွေကို အကောင်းဆုံးကူညီမှုတွေပေးဖို့ အချိန်ပါပဲ။ ဒါတွေ ပြီးသွားရင်တော့ အကြမ်းဖက်မှုကို ဘယ်လို နှိမ်နင်းရမလဲဆိုတာ စဉ်းစားရပါတော့မယ်။ စောင့်ကြည့်မှုတွေ အများကြီး ပြုလုပ်တာနဲ့ ရဲတွေနဲ့ လုံခြုံရေးတင်းကျပ်တာဟာ တကယ်တမ်းတော့ အလုပ်မဖြစ်ပါဘူး။ လူ့အခွင့်အရေး၊ ဒီမိုကရေစီနဲ့ သည်းခံမှုတွေနဲ့ ရှေ့ဆက်မှသာ တကယ်တမ်း အောင်မြင်နိုင်မယ်"လို့ လူကာက ဆိုပါတယ်။ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူဖြစ်တဲ့ ဂျိုးဇက်ကတော့ လူတွေကို စိတ်အေးအေးထားကြဖို့ တိုက်တွန်းထားပါတယ်။

အခုချိန်မှာ လူတွေဟာ ထိခိုက်ခံစားခဲ့ရသူတွေ၊ သွေးသံတရဲရဲနဲ့ ထိခိုက်ဒဏ်ရာရသူတွေရဲ့ ပုံတွေကို လူမှုမီဒီယာတွေပေါ်မှာ ဖြန့်ဝေနေကြပါတယ်။ ဒါတွေဟာ အမုန်းတရားတွေကို ပိုပြီးဖြစ်ပေါ်စေတယ်လို့ ဂျိုးဇက်က ပြောပါတယ်။ သူ့ရဲ့ အယူအဆကတော့ ကမ္ဘာကြီးငြိမ်းချမ်းလာအောင်၊ အကြမ်းဖက်မှုတွေကို တားဆီးနိုင်အောင် အမုန်းတရားတွေရပ်တန့်ပစ်ဖို့ လိုတယ်ဆိုတာပါပဲ။

**ကိုးကား-နယူးယောက်တိုင်းမ် ၊ ဘီဘီစီ**

## နိုင်ငံတကာ သတင်းတိုထွာ

### နီပေါနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကျင်းပမည်

**ခတ္တမန္ဒူ ဩဂုတ် ၂၃**

လွန်ခဲ့သော နှစ်နှစ်က နီပေါနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုခဲ့ရာ နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပတော့မည် ဖြစ်သည်။ အောက်လွှတ်တော်အတွက် ရွေးကောက်ပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း နီပေါအစိုးရက တနင်္လာနေ့က ပြောကြားခဲ့သည်။

ဆယ်နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်က ဘုရင်စနစ်ဖျက်သိမ်းခဲ့သည်။ နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဝန်ကြီးချုပ်အသစ်ရွေးချယ်မည် ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

### အမေရိကန်များကိုဆက်လက်တိုက်ခိုက်သွားမည်ဟု တာလီဘန်များပြော

**ကဘူးလ် ဩဂုတ် ၂၃**

အာဖဂန်နိုင်ငံအတွင်းမှ အမေရိကန်နှင့် မဟာမိတ်များ မထွက်ခွာသေးသရွေ့ အမေရိကန်တပ်ဖွဲ့ဝင်များကို ဆက်လက်တိုက်ခိုက်သွားမည် ဖြစ်ကြောင်း အာဖဂန်တာလီဘန်များက အင်္ဂါနေ့ကပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အာဖဂန်အတွက် နည်းဗျူဟာသစ်ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အမေရိကန်အနေဖြင့် စစ်ပွဲတွင် ဆက်လက်ပါဝင်ခြင်း မရှိတော့ဘဲ အာဖဂန်တိုင်းပြည်အတွင်းမှ ထွက်ခွာသွားရန် တာလီဘန်များက ၎င်းတို့၏ သတင်းထုတ်ပြန်မှုတွင် ကြေညာထားသည်။ ထရန့်ကမူ အာဖဂန်နိုင်ငံအတွင်းမှ အလျင်စလို ထွက်ခွာသွားခြင်းမျိုး ပြုလုပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

### ရှားပါးသောနေကြတ်မှုကို အမေရိကန်၌ လူ ၈၇ သန်းခန့်ကြည့်ရှု

**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံတွင် ယမန်နေ့က ရာစုနှစ်တစ်စုအတွင်း တစ်ကြိမ်သာ ရှားရှားပါးပါးကြုံတွေ့ရသော နေကြတ်မှုကို လူပေါင်း ၈၇ သန်းခန့် စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

ကြီးကျယ်ခမ်းနားသော နေကြတ်မှု မြင်ကွင်းကို တစ်နိုင်ငံလုံးက လေ့လာစောင့်ကြည့်ခဲ့ကြပြီး ယင်းနေကြတ်မှု မြင်ကွင်းကို အမေရိကန်နိုင်ငံရှိ ပြည်နယ် ၁၄ ခုတွင် မြင်တွေ့ခဲ့ရကြောင်း သိရသည်။ အဆိုပါ နေကြတ်ခြင်းဖြစ်စဉ်အား စောင့်ကြည့်ရန် အနည်းဆုံး မိနစ် ၂၀ ခန့် အချိန်ယူခဲ့ရကြောင်း သိရသည်။

အဆိုပါ နေကြတ်မှုအား စောင့်ကြည့်ခဲ့သဖြင့် အမေရိကန်ကုမ္ပဏီများအနေဖြင့် ထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉၄ သန်းခန့် ဆုံးရှုံးနစ်နာခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**

# မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဂ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) လိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ပယ်ဖျက်ခြင်း သို့မဟုတ် လိုင်စင်ပျက်ပြယ်ခြင်း ၊

(င) ခရီးစဉ်ဒေသအသီးသီးတို့တွင် ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး၊ အဆင့်အတန်းနှင့်အရည်အသွေးမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုနယ်မြေရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ခရီးသည်များအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ၎င်းတို့၏ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အနှောင့်အယှက်မဖြစ်ရေး၊ စိတ်ကျေနပ်မှုရရှိရေးတို့ကို နှစ်ဖက်သဟဇာတဖြစ်စေရေးအတွက် ဒေသဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေအရ ကောက်ခံရရှိသောလိုင်စင်ကြေးများ၊လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအခြားသာမန်ရငွေများကို ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးခွဲများမှ ကောက်ခံစေ၍ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်၍ တိုးတက်မှုကို ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ တင်ပြခြင်း၊

(ဈ) ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်း၊

(ည) ခရီးသည်များအတွက် ၎င်းတို့သွားရောက်လေ့ရှိသော ခရီးစဉ်ဒေသများအလိုက် လုံခြုံရေး၊ ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်အစရှိသည့် ကိစ္စရပ်များဆိုင်ရာ အသိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ခြင်း။

**အခန်း (၁၀)**

**ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး**

၁၃။ ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်နေသူများသည် ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက်-

(က) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဝန်ဆောင်မှုအရည်အသွေး၊ အရည်အချင်းပြည့်မီစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) သုတေသနပြုလုပ်လေ့လာခြင်း၊ စာတမ်းများပြုစုခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပမှသက်ဆိုင်ရာတက္ကသိုလ်များ၊ ခရီးသွားလာရေးလုပ်ငန်းတွင် လက်တွေ့ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၁၁)**

**ဘဏ္ဍာငွေကြေး ရယူသုံးစွဲမှု**

၁၄။ ဝန်ကြီးဌာနသည်ခရီးသွားလာရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် -

(က) ဗဟိုကော်မတီမှ သဘောတူသည့် စီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍နိုင်ငံတော်ဘတ်ဂျက်တွင်တောင်းခံသုံးစွဲရမည်။

(ခ) ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်နည်းပညာ အကူအညီများ ရယူ၍ ဆောင်ရွက်ရမည်။

**အခန်း (၁၂)**

**ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူများ၏ အခွင့်အရေးနှင့် တာဝန်များ**

၁၅။ ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူများသည်-

(က) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လိုင်စင်များကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

(ခ) ခရီးသွားလာရေးလုပ်ငန်း ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အခက်အခဲတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ တင်ပြခွင့်ရှိသည်။

၁၆။ ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းတာဝန်များမှာ -

(က) တာဝန်သိ၍ ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် လုပ်ကိုင်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရထုတ်ပြန်သောနည်းဥပဒေများ၊အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ခရီးသည်များ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(ဃ) ခရီးသည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ထိန်းသိမ်းကာကွယ်ရမည်။

(င) တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရန်တာဝန်ရှိသော အခွန်အခများကို သက်ဆိုင်ရာဌာနများသို့ ပေးသွင်းရမည်။

(စ) လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၁၃)**

**ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း**

၁၇။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်မည့်သူသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခြားနည်းလမ်းဖြင့်ဖော်ပြထားခြင်းမရှိလျှင် လုပ်ငန်းစတင်အကောင်အထည်မဖော်မီဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

၁၈။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်မည့်သူသည် ယခင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ အဆောက်အအုံဆောက်လုပ်ခြင်း ကြိုတင်ခွင့်ပြုချက် ရရှိခဲ့ပြီးဖြစ်ပါက ထပ်မံလျှောက်ထားရန် မလိုအပ်တော့ဘဲ လုပ်ငန်းလိုင်စင်ကိုသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ ဆက်လက်လျှောက်ထားရမည်။

၁၉။ ပုဒ်မ ၁၇ ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့က ခွင့်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

**အခန်း (၁၄)**

**လိုင်စင်**

၂၀။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက်ခရီးသွားလာရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့သို့ လျှောက်ထားရမည် -

(က) ခရီးလှည့်လည်ရေးလုပ်ငန်း၊

(ခ) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း၊

(ဂ) ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊

(ဃ) ဧည့်လမ်းညွှန်လုပ်ငန်း၊

(င) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း။

၂၁။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သည်လိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီးနောက်-

(က) ညီညွတ်ပါက သတ်မှတ်ထားသော လိုင်စင်ကြေးကို လက်ခံရရှိလျှင် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

(ခ) မညီညွတ်ပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၂၂။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ သက်တမ်းတိုးမြှင့်လိုသူသည်-

(က) သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ်ပြည်ထောင်စုနယ်မြေခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့သည် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသောအခကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုး ဆောင်ရွက်ပေးရမည်။

၂၃။ လိုင်စင်သက်တမ်းသည် သုံးနှစ် ဖြစ်သည်။

၂၄။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက လိုင်စင်ရရှိပြီးဖြစ်သည့် ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်နေသူများသည် ရရှိထားသောလိုင်စင်ပါသက်တမ်း ကုန်ဆုံးသည်အထိ ဆက်လက်လုပ်ဆောင်နိုင်သည်။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုလျှင်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သို့ သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ လျှောက်ထားရမည်။

၂၅။ ခရီးသွားလာရေးလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ရရှိထားသူသည် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှအပ အခြားခရီးသွားလာရေးလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၂၆။ ပုဒ်မ ၂၅ အရ လိုင်စင်လွှဲပြောင်းရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေး လုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သည် လိုင်စင်လွှဲပြောင်းလက်ခံနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စိစစ်ပြီး လွှဲပြောင်းလက်ခံနိုင်မည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ထံလွှဲပြောင်းခွင့်ပြုခြင်း သို့မဟုတ် လွှဲပြောင်းခွင့်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၇။ လိုင်စင်ရရှိသူသည် ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းခံရသောလိုင်စင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၁၅)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၂၈။ လိုင်စင်ရရှိသူသည် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) နာမည်ပျက်စာရင်းတင်သွင်းခြင်း။

၂၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ အယူခံ ဝင်ရောက်နိုင်သည်။

၃၀။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် ပုဒ်မ ၂၉ အရ အယူခံဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ချမှတ်သည့်အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၃၁။ ပုဒ်မ ၃၀အရ ချမှတ်သော ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၆)**

**တားမြစ်ချက်များ**

၃၂။ မည်သူမျှ-

(က) လိုင်စင်မရှိဘဲ ဧည့်လမ်းညွှန်လုပ်ငန်းမပြုလုပ်ရ။

(ခ) ဧည့်လမ်းညွှန်လုပ်ငန်းကို လွှဲပြောင်းခြင်းနှင့် လက်ခံခြင်း မပြုရ။

(ဂ) လိုင်စင်မရှိဘဲ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများ မပြုလုပ်ရ။

၃၃။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ-

(က) ဟိုတယ်လုပ်ငန်းလိုင်စင်ကိုလွှဲပြောင်းခြင်း၊လက်ခံခြင်း မပြုရ။

(ခ) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း၊လက်ခံခြင်း မပြုရ။

(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာလိုင်စင်များကိုလွှဲပြောင်းခြင်း၊ လက်ခံခြင်းမပြုရ။

၃၄။ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်း များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

**အခန်း (၁၇)**

**ပြစ်ဒဏ်များ**

၃၅။ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ် ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်းနှစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဂ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၈)**

**အထွေထွေ**

၄၁။ ဗဟိုကော်မတီ၊ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့တို့၏ အဖွဲ့ဝင်ဖြစ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သူများကို ဤဥပဒေပါလုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ယင်းအဖွဲ့ဝင်တို့၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၄၂။ ပုဒ်မ ၃၅၊ ၃၆၊၃၈၊၃၉ နှင့် ၄၀တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့သည်အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာန၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့တို့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

၄၄။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၄/၉၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၁၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

**တိမ်းညွှတ်မှု**

မော်တော်ကား မော်ဒယ်သစ်တစ်မျိုးကို ထပ်မံထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရသည့် လုပ်ငန်းစဉ်များထဲ၌ ကား၏တိမ်းညွှတ်မှုကို စမ်းသပ်ကာ မွမ်းမံပြင်ဆင်ရသော လုပ်ငန်းစဉ်က အလွန်အရေးကြီးသည်။ မြန်နှုန်း နိမ့်အခြေအနေ၌ ကား၏တိမ်းညွှတ်မှုက ကား၏တည်ငြိမ်မှုအပေါ် အကျိုးသက်ရောက်မှု နည်းပါးသော်လည်း၊ မြန်နှုန်းမြင့်အခြေအနေသို့ ရောက်ရှိလာသည့်အခါ၌မူ ကား၏တည်ငြိမ်မှုအပေါ် အကျိုးသက်ရောက်မှုက သိသာစွာဖြစ်ပေါ်လာသည်။

Prototype ခေါ် ရှေ့ပြေးနမူနာကားဖြင့် စမ်းသပ်မောင်းနှင်ရာတွင် နမူနာကား၏ တိမ်းညွှတ်မှုသည် လက်ခံနိုင်သည့် အတိုင်းအတာထက် ကျော်လွန်နေပါက ကားတစ်စီးလုံး၏ ယာဉ်ကိုယ်ထည်ပုံစံနှင့် ဆိုင်းထိန်းပစ္စည်းများ၏ ဖွဲ့စည်းတပ်ဆင်ထားမှုများကို ပြန်လည်သုံးသပ်စိစစ်ကြရသည်။ မော်တော်ကား တစ်စီးအဖို့ အမျိုးမျိုးသော လမ်းအခြေအနေများအရ ရှေ့နောက်နှင့် ဝဲယာတိမ်းညွှတ်မှု အနေအထားသည် ယာဉ်ကိုယ်ထည်ပုံစံပေါ်၌ တည်မှီနေနိုင်သလို… ဆိုင်းထိန်းပစ္စည်းများ၏ ဖွဲ့စည်းတပ်ဆင် နေရာချထားမှုများအပေါ်၌ လည်းတည်မှီနိုင်ခြေရှိသည်။



တိမ်းညွှတ်မှု စမ်းသပ်ချက်များအရ လက်ခံနိုင်သော တိမ်းညွှတ်မှုအနေအထားထက် ကျော်လွန်နေခြင်းသည် ယာဉ်ကိုယ်ထည်ပုံစံကြောင့် ဖြစ်နိုင်သည်ဟုဆိုရာတွင် ယာဉ်ကိုယ်ထည်၏ အရွယ်အစား ကြီးမားနေခြင်း၊ လေခွင်းအားကောင်းအောင် တွက်ချက်ပုံစံထုတ်ရာ၌ အားနည်းချက်ရှိနေခြင်း၊ ယာဉ်ကိုယ်ထည်၏ အလေးချိန်မှာ ရှိသင့်သည်ထက် လျော့နည်းနေခြင်း၊ ယာဉ်ကိုယ်ထည်၏ ဦးခေါင်းပိုင်း ပုံစံနှင့် ရှေ့ဘီးတည်နေရာများ သဟဇာတမဖြစ်ခြင်း၊ ယာဉ်ကိုယ်ထည်၏ အမြီးပိုင်းပုံစံနှင့် နောက်ဘီး တည်နေရာများ သဟဇာတမဖြစ်ခြင်း စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။

ထို့အတူပင် ဆိုင်းထိန်းပစ္စည်းများ၏ ဖွဲ့စည်းတပ်ဆင် နေရာချထားမှုအပေါ်၌ မူတည်နေသည်ဟု ဆိုရာ၌လည်း လေးထုတ်၊ ကွိုင်စပရင်နှင့် တိုးရှင်းဘားတို့၏ ကွေးညွှတ်အား (Deflection Power) ကို တွက်ချက်ရာ၌ အားနည်းချက်ရှိနေခြင်း၊ ကုန်ကြမ်းအရည်အသွေး စံမမီခြင်း၊ အမာခံဖရိမ်၌ လေးထုတ်၊ ကွိုင်စပရင်နှင့် တိုးရှင်းဘားတို့ကို နေရာချတပ်ဆင်ထားမှု လွဲမှားနေခြင်းနှင့် အားနည်းချက်ရှိနေခြင်း စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အားနည်းချက်နှင့် လိုအပ်ချက်များကို စမ်းသပ်ဖော်ထုတ်ပြီး လိုအပ်ချက်မှန် သမျှကို မွမ်းမံပြင်ဆင် ဆောင်ရွက်ပေးကြခြင်းအားဖြင့် လက်သင့်ခံနိုင်သော တိမ်းညွှတ်မှုအနေအထားကို ရရှိကာ မောင်းနှင်ရာ၌ အန္တရာယ်ကင်းသော မော်တော်ကား မော်ဒယ်သစ်ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ကြသည်။

**ကုတ်အားထိန်းစနစ်**

မော်ဒယ်သစ်ကားတစ်စီးကို ထုတ်လုပ်နိုင်ရန် ရှေးပြေးနမူနာကားဖြင့် စမ်းသပ်ရသည့် စမ်းသပ်ချက် များထဲတွင် ကုတ်အားစမ်းသပ်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကားတစ်စီးအဖို့ စထွက်သည့် အချိန်နှင့် မြန်နှုန်းမြှင့်တင်လိုက်သည့် အချိန်များ၌ ကားလမ်းမပေါ်တွင် ပျစ်ချွဲသောအရည်များ၊ သဲနှင့်ဆီများ ရှိနေခြင်းကြောင့်ဖြစ်စေ၊ လမ်းမျက်နှာပြင် ညီညာမှုမရှိသောကြောင့်ဖြစ်စေ၊ တာယာပန်းသား မျက်နှာပြင် ပွန်းစားခံထားရခြင်းကြောင့်ဖြစ်စေ လမ်းချော်လေ့ရှိသည်။

မော်တော်ကားတစ်စီးအနေဖြင့် တပ်ဆင်ထားသော ဘီးအားလုံးတို့က ကုတ်အားကို အပြည့်အဝ ရရှိမှသာ စွမ်းရည်ပြည့် အသုံးပြုနိုင်မည်ဖြစ်ပြီး၊ အကယ်၍ ဘီးတစ်ခုခုက အကြောင်းအမျိုးမျိုးကြောင့် လမ်းချော်နေခဲ့လျှင် စွမ်းအားဆုံးရှုံးမှုဖြစ်ပြီး ခရီးမတွင် ဖြစ်ရလေ့ရှိသည်။ အရည်အသွေးကောင်းမွန်သော ကမ္ဘာကျော်အမှတ်တံဆိပ် မော်တော်ကားများ၌ ကုတ်အားကို ထိန်းချုပ်ပေးသည့်စနစ်ကို ထည့်သွင်း တပ်ဆင် ထုတ်လုပ်ထားပြီး လမ်းချော်မှုကြောင့် စွမ်းအားဆုံးရှုံးမှုဖြစ်ရခြင်းကို ကာကွယ်ပေးထားလျက်ရှိသည်။

ကုတ်အားကျဆင်းမှုကြောင့် လမ်းချော်ခြင်းသည် မော်တော်ကားတစ်စီးအတွက် စွမ်းအားဆုံးရှုံးမှုကို ဖြစ်စေရုံမျှသာမကဘဲ၊ မောင်းနှင်စဉ်၌ ဦးတည်ရာလွဲချော်ခြင်း၊ တိမ်းမှောက်ခြင်းနှင့် တိုက်မိခြင်းများ အထိပင် ဖြစ်ပေါ်စေနိုင်သည်။ မော်တော်ကား၏ ကုတ်အားထိန်းစနစ် (Traction Control System) ဆိုသည်မှာ အာရုံခံကိရိယာများကို အသုံးပြုလျက် မော်တော်ကားဘီးများ၏ လည်ပတ်မှုကို အီလက် ထရွန်နစ်နည်းလမ်းဖြင့် လိုအပ်သလို ထိန်းချုပ်ကွပ်ကဲသော စနစ်ဖြစ်သည်။

ကုတ်အားထိန်းစနစ်သည် အကြောင်းတစ်ခုခုကြောင့် လမ်းချော်ပြီး လည်ပတ်နှုန်းမြင့်နေသော ဘီးကို လည်ပတ်နှုန်း လျှော့ချပေးသည့်တာဝန်ကို ထမ်းဆောင်သည်။ ကားစတင်ထွက်ခွာချိန်သို့ တည်းမဟုတ် ရုတ်တရက် အရှိန်မြှင့်တင်ချိန်မျိုး၌ မော်တော်ကားဘီးများအနက် ဘီးတစ်ခုခုကလမ်းချော်ပြီး လည်ပတ်နှုန်း မြင့်တက်နေခဲ့လျှင်၊ ထိုကဲ့သို့သောအခြေအနေကို အာရုံခံကိရိယာက ကုတ်အားထိန်းချုပ် စနစ်ဆီသို့ သတင်းပေးပို့လိုက်သည့်အခါ ကုတ်အားထိန်းချုပ်စနစ်က ထိုဘီး၏ဘရိတ်ကို အသုံးပြုပြီး လည်ပတ်နှုန်းလျော့ကျအောင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။

ကုတ်အားထိန်းစနစ်က အလုပ်လုပ်ဆောင်နေသည့်အချိန်တွင် မော်တော်ကား ဒက်ရှ်ဘုတ်ထဲရှိ ဒိုင်ခွက်ပေါ်၌ TCS အချက်ပြမီးက မှိတ်တုတ်လင်းပြခြင်းဖြင့် ယာဉ်မောင်းသူအား သိရှိစေသည်။ မျက်မှောက်ခေတ်၏ အရည်အသွေးမြင့် မော်ဒယ်မြင့်ကားအချို့တွင် ကုတ်အားထိန်းစနစ်ကို တပ်ဆင်ထားကြသလို…ထိုစနစ်ကို အသုံးပြုလိုခြင်းမရှိပါက ခလုတ်နှိပ်၍ ပိတ်ထားနိုင်ရန်လည်း တစ်ပါတည်း စီမံပေးထားသည်ကို တွေ့ရှိနိုင်သည်။

အဆင့်မြင့် နည်းပညာတစ်ရပ်ဖြစ်သော ကုတ်အားထိန်းစနစ်သည် မော်တော်ကား စတင်ထွက်ခွာချိန် မြန်နှုန်းနိမ့်အခြေအနေ၌သာ အလုပ်လုပ်ဆောင်ပေးသော စနစ်တစ်ခုလည်းဖြစ်သည်။ ကုတ်အားထိန်းစနစ်ကို အလုပ်လုပ်ဆောင်စေသော မြန်နှုန်းကန့်သတ်ချက်မှာ မော်တော်ကားအမှတ်တံဆိပ် တစ်ခုနှင့် တစ်ခု တူညီမှုမရှိကြပေ။ ယေဘုယျအားဖြင့် ကုတ်အားထိန်းစနစ်ကို အလုပ်လုပ်စေသော မြန်နှုန်းနိမ့်အတိုင်းအတာမှာ တစ်နာရီလျှင် ၂၄ ကီလိုမီတာနှုန်းမှ ၃၀ ကီလိုမီတာနှုန်း အတွင်း၌သာဖြစ်သည်။

အပေါ့စား ယာဉ်ငယ်များ ဖြစ်ကြသည့် ဆလွန်း၊ ဆီဒင်နှင့်ဗင်စသော ကားငယ်ကလေးများအဖို့ ကား၌ မူလကတည်းကပါရှိလာသော အပိုဘီးကို တပ်ဆင်အသုံးပြုပြီး မောင်းနှင်ရာ၌လည်း လမ်းချော်မှု ဖြစ်ပွားနိုင်သည်။ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများသည် မိမိတို့ ထုတ်လုပ်ရောင်းချလိုက်သည့် ဆလွန်း၊ ဆီဒင်နှင့်လိုက်ဗင်စသော အပေါ့စားကားငယ်ကလေးများ၌ Jack နှင့် ဖြုတ်တပ်ကိရိယာများ အပါအဝင် အပိုဘီးတစ်ခုကို ထည့်သွင်းပေးထားကြသည်။

ထိုပစ္စည်းများအနက် အပိုဘီးသည် ဘီးပေါက်သည့်အခါမျိုး၌ ခေတ္တခဏ ထောက်မထားနိုင်ရန် အတွက်ကိုသာ ရည်ရွယ်ထည့်သွင်းပေးထားခြင်းဖြစ်သည်။ အပိုဘီးကိုတပ်ဆင်လျက်ဖြင့် မောင်းနှင် အသုံးပြု သွားလာရန်အတွက် မဟုတ်ပေ။ သို့ရာတွင် တစ်ခါတစ်ရံ၌ အကြောင်းအမျိုးမျိုးဖြင့် အဆိုပါ အပိုဘီးကိုတပ်ဆင်ကာ လမ်းမများပေါ်၌ ကီလိုမီတာပေါင်းများစွာ မောင်းနှင်အသုံးပြုမိချိန်မျိုး၌ မြန်နှုန်းနိမ့်မှ မြန်နှုန်းမြင့်သို့ အရှိန်မြှင့်တင်သည့်အခါ အာရုံခံကိရိယာများက ပန်းသားကုန်နေသည့်တာယာက လမ်းချော်နေသကဲ့သို့ နားလည်မှုလွဲမှားကာ ကုတ်အားထိန်းစနစ်ဆီသို့ သတင်းပေးပို့လိမ့်မည် ဖြစ်သည်။

ဤသို့အားဖြင့် အဆိုပါအပိုဘီးကို တပ်ဆင်မောင်းနှင်နေသရွေ့ ကာလပတ်လုံး ကုတ်အားထိန်းစနစ်အချက်ပြမီးက အကြိမ်ပေါင်းများစွာ အချက်ပြနေလိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့ ကုတ်အားထိန်းစနစ် အချက်ပြမီးက အကြိမ်ပေါင်းများစွာ မှိတ်တုတ်လင်းပြီး အချက်ပြနေခြင်းကို အပိုဘီးကြောင့်ဖြစ်ရသည်ဟု မတွေးမိဘဲ ကုတ်အားထိန်းစနစ် ချွတ်ယွင်းသွားပြီဟုသာ ထင်မှတ်မှားတတ်ကြသည်။

အရည်အသွေးမြင့် အမှတ်တံဆိပ် မော်တော်ကားကုမ္ပဏီများသည် ရှေးပြေးနမူနာကားဖြင့် မောင်းနှင်စမ်းသပ်ရာ၌ မိမိတို့တွက်ချက်တပ်ဆင်ပေးထားသော ကုတ်အားထိန်းစနစ်က သတ်မှတ်မြန်နှုန်း အတိုင်းအတာအတွင်း အမှန်တကယ် အလုပ်လုပ်ဆောင်ခြင်းရှိ မရှိနှင့် ယင်းကဲ့သို့ အလုပ်လုပ်ဆောင်ရာ၌လည်း တိကျသေချာမှုနှင့် ချိန်သားကိုက်မှုရှိ မရှိ စသည်တို့ကိုပါ စနစ်တကျ စမ်းသပ်ပြီးမှသာ ရောင်းတမ်းဝင် ကားအစီးရေကို သိန်းသန်းချီ၍ ထုတ်လုပ်ခဲ့ကြခြင်းဖြစ်သည်။

**လေးဘီးယက်တွားသွားစနစ်**

မော်တော်ကားများကို ထုတ်လုပ်ရာတွင် သာမန်လူစီးကားများကို နှစ်ဘီးယက် (Two Wheel Drive-2WD) နှင့် လေးဘီးယက် (Four Wheel Drive-4WD)များအဖြစ်သာ ထုတ်လုပ် ကြပြီး ရောမ ကုန်တင်ထရပ်ကားကြီးများကိုမူ ခြောက်ဘီးယက် (Six Wheel Drive-6WD) အဖြစ် ထုတ်လုပ်ပေးလျက်ရှိနေကြသည်။

တစ်ချိန်က ဆလွန်း၊ ဆီဒင်နှင့်လိုက်ဗင်များ၊ ပစ်ကပ်ကားငယ်ကလေးများနှင့် လိုက်ထရပ်



အချို့ကို နှစ်ဘီးယက်စနစ်ဖြင့်လည်းကောင်း၊ ပစ်ကပ်ကားကြီးများ၊ တံခါးလေးပေါက်ပါ ပစ်ကပ်များ၊ ဗင်ကားကြီးများ၊ ဝက်ဂွန်နှင့် စတေရှင်ဝက်ဂွန်များကို လေးဘီးယက်စနစ်ဖြင့်လည်းကောင်း ထုတ်လုပ်ခဲ့ကြသော်လည်း၊ မျက်မှောက်ကာလ၌မူ ဆလွန်းနှင့်ဆီဒင်စသော ဇိမ်ခံလူစီးကားငယ်ကလေးများကိုပင် အချိန်ပြည့်လေးဘီးယက်စနစ် (Full-time 4WD) ဖြင့်လည်းကောင်း၊ အချိန်ပိုင်း လေးဘီးယက် စနစ် (Part-time 4WD)ဖြင့်လည်းကောင်း ထုတ်လုပ်နေကြပြီဖြစ်သည်။

လေးဘီးယက်စနစ်၏ အားသာချက်မှာ တောင်တက်လမ်းများ၊ စနစ်တကျ လမ်းဖောက်လုပ်ထားခြင်းမရှိသော နေရာများ၊ ကြမ်းတမ်းသော ခရီးလမ်းများ၊ ရွှံ့ညွှန်ထူထပ်သော လမ်းများ၊ ချောင်းငယ် မြောင်းငယ်များနှင့် ရေအိုင်များကို ဖြတ်သန်းမောင်းနှင်ရသော လမ်းများ၌ အဆင်ပြေချောမွေ့စွာ မောင်းနှင်နိုင်ခြင်းဖြစ်ပြီး အားနည်းချက်ကမူ ကား၏ဘီးလေးဘီးစလုံးကို ရုန်းအားကောင်းကောင်းဖြင့် လည်ပတ်နိုင်အောင် စွမ်းအားထုတ်ပေးရသည့်အတွက် ဆီစားနှုန်းများပြားခြင်းပင် ဖြစ်သည်။

လေးဘီးယက်စနစ်ကို ပို၍ကောင်းအောင် နည်းပညာပိုင်းဆိုင်ရာအရ အဆင့်မြှင့်တင်လာနိုင်သည့်အခါ အထက်ဖော်ပြပါ အကျိုးကျေးဇူးများအပြင် အမြန်လမ်းကဲ့သို့သော အဝေးပြေးလမ်းမကြီးများပေါ်၌ မြန်နှုန်းမြင့်ဖြင့် မောင်းနှင်သည့်အခါ ကား၏တည်ငြိမ်မှုကို ကောင်းစွာအထောက်အကူပြုနိုင်သည်ကို လက်တွေ့သိရှိလာကြသည့်အတွက် နောက်ဆုံးပေါ် ဆလွန်းနှင့် ဆီဒင်ကားများ၌ အချိန်ပိုင်း လေးဘီးယက်စနစ်ကို ထည့်သွင်း ထုတ်လုပ်လာကြခြင်းဖြစ်သည်။

ထိုကားငယ်ကလေးများ၌ ထည့်သွင်းပေးထားသော အချိန်ပိုင်း လေးဘီးယက်စနစ်မှာ မော်တော်ကား အမှတ်တံဆိပ်များအပေါ် မူတည်ပြီး တချို့က တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းနှင့်အထက်၊ တချို့က တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းနှင့်အထက်၊ တချို့ကမူ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းနှင့်အထက် မြန်နှုန်းများသို့ ရောက်ရှိလာသည့်အခါ ထိုစနစ်ကို အလိုအလျောက် စတင်အလုပ်လုပ်စေသော မောင်းနှင်မှုပုံစံဖြစ်သည်။

မျက်မှောက်ကာလ၏ နောက်ဆုံးပေါ် အဆင့်အမြင့်ဆုံးသော လေးဘီးယက်စနစ်ကမူ 4WD Crawler ခေါ် လေးဘီးယက်တွားသွားစနစ်ပင် ဖြစ်သည်။ သမားရိုးကျ လေးဘီးယက်စနစ်တွင် မော်တော်ကား၏ ဘီးလေးဘီးစလုံးကို တူညီသောရုန်းအား၊ တူညီသောလည်ပတ်အားဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း လည်ပတ်စေခြင်းဖြစ်သော်လည်း၊ လေးဘီးယက်တွားသွားစနစ်ကမူ မော်တော်ကား၏ ဘီးတစ်ဘီးချင်းစီကို ပုံမှန်လည်ပတ်စေခြင်း၊ လည်ပတ်နှုန်း နှေးစေခြင်းနှင့် မြန်စေခြင်း၊ လည်ပတ်မှုကို ရပ်ဆိုင်းစေခြင်း စသည်တို့ကို သီးခြားစီ လုပ်ဆောင်စေခြင်းဖြစ်သည်။

ခရီးလမ်း အခြေအနေပေါ်မူတည်ပြီး နွံနစ်နေသောဘီးကို လည်ပတ်မှုရပ်ထားစေခြင်း၊ မြေသား ပျော့သည့်နေရာ၌ ကျရောက်နေသော ဘီးကို လည်ပတ်နှုန်းနှေးစေခြင်း၊ ကုတ်အားကောင်းသော မျက်နှာပြင်ပေါ်၌ ကျရောက်နေသည့်ဘီးကို လည်ပတ်နှုန်းမြန်စေခြင်း၊ ကျောက်တုံးကျောက်ခဲများရှိသည့် လမ်းမျက်နှာပြင်ပေါ်၌ ကျရောက်နေသောဘီးကို တစ်လိမ့်ချင်းလိမ့်စေခြင်း စသည်ဖြင့် မော်တော်ကား၏ ဘီးတစ်ဘီးချင်းစီကို စွမ်းဆောင်ရည်တစ်မျိုးစီ လုပ်ဆောင်စေခြင်းအားဖြင့် ကားဘီးများနွံနစ်ခြင်း၊ မြေကျွံခြင်း၊ ဘီးချော်ခြင်း၊ မလိုအပ်ဘဲ တာယာကို ပွတ်တိုက်အားများစေခြင်း စသည်တို့မှ ရှောင်လွှဲနိုင်သော နည်းပညာပင်ဖြစ်သည်။

လေးဘီးယက်တွားသွားစနစ်ကို အထောက်အပံ့ ပြုနိုင်ရန်အတွက် ဆိုင်းထိန်းပစ္စည်းများကို တပ်ဆင် နေရာချထားရာတွင် KDSS ခေါ် Kinetic Dynamic Suspension System နည်းပညာကို အသုံးပြုထား သလို…ခရီးလမ်း မြေမျက်နှာပြင်၏ အနေအထားပေါ်မူတည်ပြီး ဘီးများ၏ လည်ပတ်လှုပ်ရှားမှု ပုံစံများကို လွယ်လင့်တကူ ရွေးချယ်စေခိုင်းနိုင်စေရန်အတွက်လည်း မြေမျက်နှာ ပြင်သွင်ပြင်မျိုးစုံ ရွေးချယ်မှုစနစ် (MTS-Multi-terrain Select) ကို အသုံးပြုထားသည်။ ကား၏ရှေ့နောက်နှင့် ဝဲယာနှစ်ဖက်၌ တပ်ဆင်ထားသော ကင်မရာခြောက်လုံးက MTS စနစ်ကို အပြည့်အဝ အထောက်အကူ ပြုပေးနေကြခြင်း ဖြစ်သည်။

အချို့သော နာမည်ကျော်အမှတ်တံဆိပ် မော်တော်ကားများ၌ဆိုလျှင် တောင်တက်လမ်း၌ ကားကို နောက်ပြန်မလိမ့်အောင် ထိန်းကျောင်းပေးသော HAC ခေါ် Hill-start Assist စနစ်ကိုလည်းကောင်း၊ တောင်ဆင်းလမ်း၌ အရှိန်ဖြင့် လျင်မြန်စွာ လိမ့်ဆင်းမသွားအောင် ထိန်းကျောင်းပေးသော DAC ခေါ် Downhill Assist Control စနစ်ကိုလည်းကောင်း ထည့်သွင်းထုတ်လုပ်ပေးထားသည်ကိုပင် တွေ့ရှိရသည်။ ။

**မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများသည် မိမိတို့ ထုတ်လုပ်ရောင်းချလိုက်သည့် ဆလွန်း၊ ဆီဒင်နှင့် လိုက်ဗင်စသော အပေါ့စားကားငယ်ကလေးများ၌ Jack နှင့် ဖြုတ်တပ်ကိရိယာများ အပါအဝင် အပိုဘီး တစ်ခုကို ထည့်သွင်းပေးထားကြသည်။ ထိုပစ္စည်းများအနက် အပိုဘီးသည် ဘီးပေါက်သည့်အခါမျိုး၌ ခေတ္တခဏ ထောက်မထားနိုင်ရန်အတွက်ကိုသာ ရည်ရွယ်ထည့်သွင်းပေးထားခြင်းဖြစ်သည်။ အပိုဘီးကို တပ်ဆင်လျက်ဖြင့် မောင်းနှင်အသုံးပြု သွားလာရန်အတွက် မဟုတ်ပေ**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဆန္ဒလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ''ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ'' အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# စိုက်ပျိုးစွမ်းအားမြင့်မားစေရန် ပတ်ဝန်းကျင်ဒေသများ၏ အကြံဉာဏ်ဖြင့် အားသွန်စိုက်ပျိုးကြတော့မည့် ရခိုင်ပြည်နယ်မှ တောင်သူများ

ခင်ရတနာ



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒုရင်ဖိုလ်မြစ်ရေတင်လုပ်ငန်းအား လေ့လာကြစဉ်

ရခိုင်ပြည်နယ်သည် မြန်မာပြည်အနောက်ဘက်စွန်းကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည်။ ပူအိုက်စွတ်စိုပြီး ကမ်းရိုးတန်းဒေသဖြစ်သဖြင့် မိုးကာလတွင် မိုးသည်းထန်သကဲ့သို့ ကျန်ကာလများတွင်လည်း မျှော်မှန်းမရသည့် မိုးရေကို ခံစားကြရသည်။ ပင်လယ်နှင့်နီးသဖြင့် ရေချိုရှားပါးပြီး မြစ်နှစ်သွယ်ဖြစ်သည့် မေယုနှင့် ကုလားတန်မြစ်တို့မှ ရေကိုလည်း အသုံးချမှုမှာအားရဖွယ်ရာမရှိသည်ကို တွေ့ရသည်။ ပြည်နယ်တစ်ခုလုံးအတိုင်းအတာနှင့် စိုက်ပျိုးနိုင်သည့်မြေမှာ ၁၈ ရာခိုင်နှုန်းသာရှိသည်။ စိုက်ပျိုးချိန်မှာလည်း မိုးကာလတစ်ခုတည်းကိုသာအားထားခြင်းကြောင့် မိုးစပါးတစ်ခုတည်းစိုက်ပျိုးသည့် ပြည်နယ်တစ်ခုအဖြစ် တည်ရှိနေသေးသည်။

''ကျွန်တော်တို့ အကောင်းဆုံးစိုက်ချင်ပါတယ်။ စိုက်ပျိုးနိုင်တဲ့ စွမ်းအားတွေတိုးတက်ဖို့နဲ့ မြေယာတွေဖော်ထုတ်ဖို့၊ စိုက်ပျိုးရေးနည်းစနစ်တွေ ပြင်ဆင်ဖို့၊ ရေကို အကျိုးရှိအောင်သုံးတတ်ဖို့ နည်းစနစ်လိုအပ်တယ်။ ဒါကြောင့် စိုက်ပျိုးရေးစနစ်တွေနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးနည်းပညာတွေကို အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်တွေက မြို့နယ်အချို့မှာ သွားရောက်လေ့လာနိုင်ခဲ့ပါတယ်''ဟု ရခိုင်ပြည်နယ်မှ တောင်သူတစ်ဦးက ပြောကြားသည်။

တောင်သူများအတွက် ပိုမိုမြင့်မားသည့် စိုက်ပျိုးရေးနည်းပညာများ ရရှိနိုင်စေရေးအတွက် အဓိကပံ့ပိုးဆောင်ရွက်ပေးခြင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုအတိုင်း ရခိုင်သဟာရအသင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

မိုးဦးရာသီ စိုက်ပျိုးရေးလုပ်ငန်းခွင်များသို့ လေ့လာကြမည့် ရခိုင်ပြည်နယ်တောင်သူများနှင့် တာဝန်ရှိသူများ ပါဝင်သည့် ၃၁ဦးအဖွဲ့သည် ဩဂုတ် ၂ရက်မှစတင်ကာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့သို့ စတင်ထွက်ခွာလာခဲ့ပြီး စိုက်ပျိုးရေးအသိအမြင်များစွာကို ပြည်မြို့နယ်အတွင်း ရရှိခဲ့ကြကြောင်း လိုက်ပါသွားသည့် အဖွဲ့ဝင်များထံမှ သိရသည်။

**ရိတ်သိမ်းချိန်လွန်နည်းပညာ ရခိုင်ပြည်နယ်အတွက် မှတ်သားစရာ**

ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်ရှိ တောင်သူများအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် သီးနှံအရည်အသွေးစစ်ဆေးရေးဆိုင်ရာ ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုလေ့လာခွင့်ရရှိသည်မှာ များစွာအကျိုးကျေးဇူးများ ရရှိခဲ့သည်။ ပဲခူးတိုင်းဒေသကြီးသည် စပါးအပါအဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းတွင် အဓိကကျသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အတွက် ဂျိုက်ကာ၏ PROFIA အစီအစဉ်ဖြင့် ဓာတ်ခွဲခန်းအသုံးပြုမှုနှင့် လယ်ယာသုံးစက်ကိရိယာများအကြောင်းကို စနစ်တကျလေ့လာနိုင်ခဲ့ကြောင်း သိရသည်။




လယ်တော်ကြီးစိုက်ကွင်းတွင် ပျိုးပန်းဖြင့်ပျိုးထောင်ရန် စက်ဖြင့် စပါးမျိုးစေ့ထည့်ပုံကိုလည်း လေ့လာကြသည်။

**စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်းများမှ သင်ယူနိုင်ခဲ့**

ပြည်မြို့နယ်ရှိ ဇီးအုပ်စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်းသည် ပုံမှန်စိုက်ပျိုးရေး ပညာပေးလုပ်ငန်းများ လုပ်ဆောင်နေပြီး ဆည်များတွင် အသုံးပြုနေသည့် ရေစနစ်တကျအသုံးချမှုနည်းပညာများကို ရခိုင်ပြည်နယ်မှ တောင်သူများအား ကွင်းဆင်းလေ့လာရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ တိုင်းရင်းသားများအတွက် လိုအပ်လျက်ရှိသည့် ရတနာတိုးမျိုးစပါးတင်း ၉၀၀အတွက် ပြည်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက လှူဒါန်းပေးခြင်းအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တို့ကချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ထံသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူးက ပေးအပ်ခဲ့ပြီး ရခိုင်ပြည်နယ်အတွက် စိုက်ပျိုးရေးဆိုင်ရာ အကြံဉာဏ်များပိုမိုရယူလိုပါကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်မှ တောင်သူများသည် စပါးမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများအကြောင်းနှင့် ကောက်စိုက်စက်ကို အသုံးပြုကာ စိုက်ပျိုးရသည့် ပျိုးဗန်းနှင့် ပျိုးထောင်ခြင်းလုပ်ငန်းများ၊ တောင်သူများအား ရောင်းချပေးရန် စပါးပျိုးထောင်ခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် စက်ဖြင့် အငှားလိုက်သည့် စိုက်ပျိုးခြင်းများကို ဒေသခံပြည်ခရိုင်အတွင်းရှိ တောင်သူများက လက်ဆင့်ကမ်းပညာပေးခဲ့သည်ကို မြင်တွေ့ရသည်။

**ရခိုင်တောင်သူများ လေ့လာနိုင်ခဲ့သည် စနစ်တကျလယ်မြေနှင့် စိုက်ပျိုးနည်းစနစ်**

ရွှေတောင်မြို့နယ်အတွင်း တောင်သူလယ်သမားများ စုပေါင်း၍ လယ်မြေများကို ပုဂ္ဂလိကစနစ်ဖြင့် ဖော်ထုတ်စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် အောင်မြင်မှုရရှိနေသည်။ ယင်းစနစ်သည် ရာသီဥတုပြဿနာများနှင့် ရေသွင်းရေထုတ်ဆိုင်ရာစနစ်များအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းဖြစ်သည့် SRI နည်းဖြင့် စိုက်ပျိုးထားရှိခြင်းကြောင့် တောင်သူများအတွက် များစွာအထောက်အကူရရှိစေမည်ဟု သွားရောက်လေ့လာခဲ့သည့် အဖွဲ့ဝင်များထံမှ သိရသည်။

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး ပူအိုက်စွတ်စိုသည့် ရာသီဥတု၊ တစ်နှစ်လျှင် ပျမ်းမျှမိုးရွာရက် ၁၂၃ ရက်အထိရရှိပြီး မိုးကာလတွင် မိုးသည်းထန်စွာရွာသွန်းတတ်သောကြောင့် မုတ်သုံမိုးကို အားထားကာ စိုက်ပျိုးလေ့ရှိသည်။ မိုးများသော်လည်း ရေသိုလှောင်မှုမရှိခြင်းကြောင့် အကျိုးရှိစွာ ရေသိုလှောင်နိုင်ပြီး သီးထပ်စိုက်ပျိုးရေးလုပ်ကိုင်နိုင်မည်ဆိုပါက တောင်သူများအတွက် များစွာအကျိုးကျေးဇူးရရှိစေမ ည် ဟု ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရည်ရွယ်ကာ ယခုအစီ အစဉ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်သည်။

စနစ်တကျစိုက်ပျိုးရေးအပြင် ဆန်စက်များ၊ မတ်ပဲခြွေလှေ့သန့်စင်စက်၊ အရွယ်အစားရွေးစက်၊ အဆင်မြင့် ပေါင်းဆန်စက်များနှင့် စပါးမျိုးစေ့သန့်စင်စက်လည်ပတ်ပုံတို့ကိုလည်း ပေါင်းတည်မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးရုံးတွင် JICA PROFIA စီမံကိန်းမှ ထောက်ပံ့ပေးအပ်ထားသည့် စက်များဖြင့် လေ့လာခွင့်ရရှိခဲ့ကြသည်။

ထို့အပြင် ပြည်ခရိုင်အတွင်းရှိ ယခင်က ဝါစိုက်ပျိုးမှုနယ်မြေအဖြစ် သတ်မှတ်ခဲ့သည့် ဝက်ထီးကန်တောင်သူပညာပေးစခန်းတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ အသိပညာများဖလှယ်ခဲ့ကြကြောင်း၊ ဝက်ထီးကန်ဒေသရှိ တောင်သူများက ဝါစိုက်ပျိုးနည်းများကိုလည်းကောင်း၊ ကြံစိုက်ပျိုးထုတ်လုပ်နည်းများကိုလည်းကောင်း ပြောကြားပြီး မြောက်ဦးမြို့နယ်ရှိ တောင်သူများကလည်း ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်းကောင်း၊ ပေါက်ခေါင်းမြို့နယ် ရပ်သစ်ဥယျာဉ်ခြံတွင်လည်း သရက်ကိုင်းဆက်ခြင်း နည်းပညာများကိုပြောကြားရာ တောင်သူချင်း အတွေ့အကြုံများ ဖလှယ်ခွင့်ရရှိခဲ့ကြောင်း လေ့လာရေးအဖွဲ့ဝင်များထံမှ သိရသည်။

**သဘာဝရဲ့လက်ဆောင် ရေအရင်းအမြစ်တွေကို ဘယ်လိုအသုံးချမလဲ**

ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအနီး မြောက်နဝင်းဆည်ရေသောက်ဧရိယာများမှ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုလုပ်မှုများနှင့် တောင်သူများက ဆည်ရေရရှိရေးအတွက် ရေအသုံးချမှုအဖွဲ့(Water User Group) များဖွဲ့စည်းကာ ရေလိုအပ်ချက် မတူညီသောသီးနှံများကို မည်သို့စိုက်ပျိုးကြသည်ဟူသည့် နည်းပညာများကို ရခိုင်ပြည်နယ်မှ တောင်သူများ လေ့လာခွင့်ရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေဖျန်းစနစ်ကို အသုံးပြုကာ စိုက်ပျိုးသည့်ရေသယံဇာတလေလွင့်မှု အနည်းဆုံးနည်းစနစ်ကိုလည်း ရခိုင်ပြည်နယ်ရှိ တောင်သူများလေ့လာခွင့်ရရှိခဲ့သည်။ ယင်းစနစ်ကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်မြို့နယ် ကျောသာကျေးရွာမှ ပုဂ္ဂလိကလုပ်ငန်းတစ်ခုက ဆောင်ရွက်နေပြီး စိုက်ပျိုးရန်ခက်ခဲသော ကျူပင်တောကို အဆင့်မြင့်စိုက်ပျိုးရေးထုတ်လုပ်မှုနည်းပညာများ အသုံးပြုကာ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ ကြံကို အဓိကထားစိုက်ပျိုးပြီး လမိုင်းကြံများကို ခင်းသစ်များထက် အထွက်တိုးစေရန် ဆောင်ရွက်နေသည်။

ကာဗွန်နေးရှင်းစနစ်ဖြင့် သကြားထုတ်လုပ်နိုင်သည့် နဝဒေးသကြားစက်လည်ပတ်ပုံနှင့် ကြိတ်ဝါးနိုင်သော ကြံတန်ချိန်အရေအတွက်များ၊ ကြံစိုက်ပျိုးမှုများကိုလည်း ဒေသခံများ၏ အကူအညီဖြင့် လေ့လာနိုင်ခဲ့သည်။

*စာမျက်နှာ ၁၉ သို့*



မကွေးမြို့ ဆီထွက်သီးနှံ ဗဟိုသုတေသန စိုက်ပျိုးရေးခြံ၌ သီးနှံ မျိုးသစ် စမ်းသပ် စိုက်ပျိုးထားမှုများအား တောင်သူများ လေ့လာနေစဉ်

*စာမျက်နှာ ၁၈ မှ*

ထို့အပြင် မြစ်ရေတင်လုပ်ငန်းများ၊ ပင်မမြောင်းများ၊ လက်တံမြောင်းများနှင့် ဆည်ရေသောက်များတွင် အသုံးပြုရန် ရေစုပ်စက်များအကြောင်း၊ရေပေးဝေမှုစနစ်နှင့် ရေသိုလှောင်နိုင်မှုစနစ်၊ မိုးရာသီတွင် အကျိုးပြုနိုင်သော လယ်ကေအမျိုးအစားများ၊ နွေရာသီတွင် အကျိုးပြုနိုင်သော လယ်ကေများနှင့် ရေရရှိမှုအလိုက် စိုက်ပျိုးသင့်သည့် သီးနှံများအကြောင်းကို ရခိုင်ပြည်နယ်ရှိ တောင်သူများက လေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**နှစ်သီး၊ သုံးသီးစိုက်ပျိုးရေးများ အောင်မြင်မှုနည်းပညာ မျှဝေရန်ကြိုးပမ်း**

ရခိုင်ပြည်နယ်ရှိ တောင်သူလယ်သမားများသည် အခြားဒေသများရှိ တောင်သူများ၏ သီးနှံစိုက်ပျိုးမှုများကို လေ့လာခြင်းမှသည် သီးထပ်စိုက်ပျိုးလာနိုင်ပြီး ရခိုင်ပြည်နယ်၏ သီးနှံစိုက်စွမ်းအားများ တိုးတက်လာစေရေး၊ ဒေသ၏ ရေမြေသယံဇာတကို အကျိုးရှိစွာအသုံးချနိုင်စေရေး၊ တောင်သူများ အသိပညာဗဟုသုတများ တိုးပွားလာစေရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်၍ တောင်သူများ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ကာ ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးဝေက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အပြင် မကွေးတိုင်းဒေသကြီးသို့လည်း လေ့လာရေးအဖွဲ့ဝင်များက သွားရောက်ခဲ့ကြသည်။ အောင်လံမြို့နယ်အတွင်း တောင်သူပိုင် SRI မျိုးစေ့ထုတ်စိုက်ခင်းများကိုလည်းကောင်း၊ ကောက်စိုက်စရိတ်များ၊ စက်ကိရိယာများ အသုံးပြုခြင်းဆိုင်ရာစသည့် တောင်သူများ၏ ပြောကြားချက်များကိုလည်းကောင်း၊ ဝယ်ယူသူများက စိုက်ခင်းအရောက်ဝယ်ယူနေကြပုံ၊ နှစ်သီး၊ သုံးသီးစသည်ဖြင့် စိုက်ပျိုးရေးကောင်းမွန်မှုကြောင့် တောင်သူများ အဆင်ပြေမှုကိုလည်း လေ့လာခဲ့ကြကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒုရင်ဗိုလ်ကျေးရွာတွင် စိုက်ဧက ၈၀၀၀ကျော်ခန့်ကို အကျိုးပြုရေပေးဝေနေသည့် မြစ်ရေတင်လုပ်ငန်းကို လေ့လာခဲ့ပြီး ယင်းမှပေးဝေသောရေများကို အကျိုးရှိစွာ မည်သို့ အသုံးချနေသည်ကိုလည်း တွေ့မြင်ခဲ့ရခြင်းကြောင့် မြစ်ရေကို ကောင်းစွာအကျိုးရယူနိုင်မည့် နည်းလမ်းများရရှိခဲ့သည်။

**ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍအဆင့်မြှင့်ရန် နည်းလမ်းသစ်များရရှိ**

ရခိုင်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို လေ့လာရေးခရီးသွားရောက်ခဲ့ခြင်းဖြင့် တောင်သူများ၏ အသိအမြင်ကို ပြောင်းလဲပေးရုံမျှမက စိုက်ပျိုးရေး ဝန်ထမ်းများအတွက်လည်း ဗဟုသုတနှင့် လုပ်ကိုင်နည်းစနစ်များအတွက် များစွာ အထောက်အကူရရှိခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးမှူးထံက သိရသည်။

အပူပိုင်းဒေသ အဓိကသီးနှံများဖြစ်သည့် မြေပဲ၊နှမ်း၊ ပဲမျိုးစုံတို့အတွက် မျိုးစေ့ထိန်းသိမ်းခြင်းမှသာ မျိုးသစ်များ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းစသည့် နည်းအဆင့်ဆင့်အတွက် လေ့လာခွင့်ရရှိခဲ့သည်။ ထို့အပြင် ရေလိုအပ်ချက်နည်းပါးပြီး သက်တမ်းတိုထွက်ရှိသည့် မြေပဲ၊ နှမ်း၊ ပဲသီးနှံမျိုးသစ်များ စိုက်ပျိုးနိုင်မှုကို လေ့လာနိုင်ခဲ့သည်။ မကွေးမြို့ရှိ ကိုရီးယားနိုင်ငံသို့ နှမ်းမှုန့်တင်ပို့နေသည့် နှမ်းလှော်အမှုန့်ကြိတ်စက်ရုံသို့ လေ့လာခဲ့ပြီး ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံမှ ကျောင်းသားများ စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကိုလည်း လေ့လာခွင့်ရရှိခဲ့ကြောင်း သိရသည်။

**ရောမင်းစပါးမျိုးဆိုတာ ဒေသအလိုက်သက်တမ်းမတူညီတာ ရခိုင်တောင်သူများလေ့လာ**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် SRI စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ရောမင်းစပါးစိုက်ခင်းကို ရခိုင်ပြည်နယ်ရှိ တောင်သူများက ဩဂုတ် ၁ရက်တွင် သွားရောက်လေ့လာခဲ့ကြပြီး ရောမင်းစပါးမျိုးသက်တမ်းမှာ ဒေသအလိုက်၊ ရာသီဥတုအလိုက်၊ ရေရရှိမှုအလိုက် အနည်းငယ်ကွဲပြားသည့် အကြောင်းများကိုလည်း လေ့လာနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ မျိုးသန့်ခြံတွင် နွေစပါးများကို စက်ဖြင့်ရိတ်သိမ်းနေခြင်း၊ ရွှေ့ပြောင်းနိုင်သော စပါးမျိုးစေ့သန့်စင်စက်လည်ပတ်နေခြင်းနှင့် မျိုးသန့်ထုတ်လုပ်ခြင်းတို့ကို တောင်သူများက တစ်ဦးချင်းနှင့် အဖွဲ့လိုက် ပုံစံများဖြင့် လေ့လာခဲ့ကြပြီး မျိုးစေ့ကျွမ်းကျင်မှုကော်မတီ၏ တာဝန်ပေးအပ်မှုဖြင့် ကုမ္ပဏီများမှ တင်သွင်းလာသော မျိုးသစ်များ စမ်းသပ်ခြင်းကိုလည်း လက်တွေ့သိရှိခဲ့ကြရသည်။

**ရေလွှဲဆည်တွေ၊ ရေလှောင်တမံတွေနဲ့ ရေအရင်းအမြစ်ကို အသုံးချမယ်**

ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနသည် လေ့လာရေးခရီးစဉ်များမှ ရရှိလာသည့် အသိအမြင်များ၊ လုပ်ငန်းဆောင်ရွက်မှုများကို တောင်သူများ လက်တွေ့အသုံးချနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် လယ်ယာကဏ္ဍအပါအဝင် ဆက်နွှယ်သည့် ကဏ္ဍများမှ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့် မေယုမြစ်၊ ကုလားတန်မြစ်နှင့် လေးမြို့မြစ်တို့ စီးဆင်းနေကြပြီး ယင်းတို့ကို အကျိုးရှိစွာအသုံးချတတ်စေရန် နည်းလမ်းကောင်းများကိုလည်း ခရီးစဉ်အတွင်း တွေ့ရှိခဲ့ကြသည်။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအနီး မဲဇလီရေလွှဲဆည်သည် နှစ်ပေါင်း (၁၀၀) ကျော် ကြာမြင့်ခဲ့ပြီး ကျေးရွာပေါင်း ၁၆၀ ကျော်မှ တောင်သူသုံးသောင်းကျော်အတွက် ဆည်ရေသောက်ဧကပေါင်းများစွာကို အကျိုးပြုနေဆဲဖြစ်သည်မှာ အတုယူဖွယ်ရာပင်ဖြစ်ကြောင်း ရခိုင်ပြည်နယ်တောင်သူများထံမှ သိရသည်။

ထို့အပြင် ရခိုင်ရိုးမမှ စတင်စီးဆင်းလာခဲ့သည့် မုန်းချောင်း၊ ဆီမီးချောင်းနှင့် ကျိုးချောင်းတို့ပေါင်းဆုံပြီး ပွင့်ဖြူမြို့အနီး ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကိုလည်း တောင်သူလေ့လာရေးအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ကြသည်။ ယင်းရေလှောင်တမံသည် စေတုတ္တရာမြို့နယ်အတွင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်ရန် အကူရေပို့လွှဲများတပ်ဆင်ခြင်း၊ ရခိုင်ပြည်နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနေသည့် ယင်းရေလှောင်တမံစီမံကိန်းသည် တမံမှစီးဆင်းလာသော ရေများကို တမံအောက်ဘက် ငါးမိုင်အကွာရှိ မဲဇလီရေလွှဲမှတစ်ဆင့် ပွင့်ဖြူမြို့နယ်အတွင်း မိုးစပါး၊ နွေစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးမြေ ဧက ၉၆၀၀၀ ကျော်အတွက် စိုက်ပျိုးမြေများ ပေးအပ်လျက်ရှိသည်ကို လေ့လာခွင့်ရရှိခဲ့ကြသည်။

**ခရီးစဉ်မှအကျိုးကျေးဇူးကြောင့် ရခိုင်ပြည်နယ်အဝန်းစိုက်ခင်းများ ပိုမိုလွှမ်းဖြာနိုင်တော့မည်**

ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးမြေများ ပိုမိုတိုးပွားလာရေး၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ ဘဝမြင့်မားစေရေးနှင့် ရေအရင်းအမြစ်များကို မည်သို့မည်ပုံအသုံးချမည် ဆိုသည်ကို လေ့လာခွင့်ရရှိရန်အတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဆောင်သည့် ဝန်ထမ်းရှစ်ဦး၊ ရခိုင်သဟာယမှ တာဝန်ရှိသူများနှင့် ကျောက်တော်မြို့နယ်မှ တောင်သူ ၁၀ဦး၊ မြောက်ဦးမြို့နယ်မှ တောင်သူ၁၀ဦးတို့ပါဝင် သည့် အဖွဲ့များသည် ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၁ရက်အထိ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

“စိုက်ပျိုးရေးဝန်ထမ်းတွေအတွက်လည်း ဈေးကွက်အလားအလာရှိတဲ့ သီးနှံတွေနဲ့ ဝင်ငွေရရှိစေမယ့် သီးနှံတွေအကြောင်းကို ဒေသခံတွေကို ပြန်လည်မျှဝေနိုင်ဖို့ အသိပညာတွေ ရရှိလာတယ်။ သက်တမ်းတိုတွေ စိုက်ပျိုးပြီး ရေနဲ့အစိုဓာတ်ကို ဘယ်လိုအသုံးပြုမလဲဆိုတဲ့ နည်းပညာကိုလည်း ရခိုင်ပြည်နယ် အတွင်းက တောင်သူတွေကို မျှဝေပေးသွားဖို့ ရှိတယ်။ မိုးရေရရှိတာနည်းပေမယ့် ရာသီမရွေးမြစ်တွေ၊ ဆည်တွေကနေ ရေတင်ခြင်းလုပ်ငန်းတွေကို လုပ်ထားရင် စိုက်ပျိုးရေးကို အထောက်အကူပြုမယ်ဆိုတာကိုလည်း သိနားလည်လာခဲ့တယ်။ ထို့အပြင် တောင်သူတွေ စည်းလုံးညီညွတ်ပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရပြီး ရေကိုမျှဝေသုံးစွဲ တတ်အောင်ပညာပေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ရှိပါတယ်။ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းရဲ့အကျိုးကျေးဇူးတွေနဲ့ ခေတ်မီစက်ကိရိယာတွေရဲ့ အကျိုးတွေကိုလည်း တောင်သူတွေကို ပြောပြလာနိုင်ပြီး အသုံးပြုနိုင်အောင် တတ်စွမ်းသမျှကြိုးစားပေးသွားဖို့ရှိပါတယ်။ ဒါ့အပြင် ဒေသတွင်းမှာရှိတဲ့ အဝယ်ဒိုင်တွေ၊ စက်ရုံတွေနဲ့ တောင်သူတွေအကြား စိုက်ပျိုးမှုလိုအပ်ချက်တွေကိုလည်း ပိုသိလာတယ်” ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြောပြသည်။

တောင်သူများအတွက်လည်း မရောက်ဖူး၊ မမြင်ဖူးသည့် ဒေသများကို ရောက်ရှိနိုင်ခဲ့ပြီး ဒေသန္တရဗဟုသုတများ၊ စိုက်ပျိုးရေးအတွက်အသိအမြင်များ၊ အတွေးအခေါ်များနှင့် အဆက်အသွယ်များစွာကို ရရှိလာခဲ့ပြီဖြစ်သည်။ ဈေးကွက်ဝင် သီးနှံများကိုတောင်သူများ ရွေးချယ်ရာတွင်လည်းကောင်း၊ ရေမျှယူသုံးစွဲရာတွင်လည်းကောင်း၊ နှစ်ရှည်သီးနှံများမျိုးပွားနည်းစနစ်များကိုလည်းကောင်း၊ မျိုးစေ့မှန်ကန်စွာအသုံးပြုခြင်းနှင့် လျှပ်စစ်မြစ်ရေတင်စနစ်များ၊ ဆည်မြောင်းစိုက်ပျိုးရေးများကိုလည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းများကိုလည်းကောင်းစသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း လေ့လာရေးအဖွဲ့ဝင် တောင်သူများထံမှ သိရသည်။ ယင်းတို့မှတစ်ဆင့် ရခိုင်ပြည်နယ်ဒေသများအတွင်းရှိ တောင်သူများအားလုံးထံ အသိပညာများ မျှဝေခြင်းဖြင့် ရခိုင်ပြည်နယ်စိုက်ပျိုးရေးကဏ္ဍကြီး တစ်ခုလုံး မြင့်မားလာတော့မည်ဖြစ်ပါကြောင်း။

**တောင်သူတွေ စည်းလုံးညီညွတ်ပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရပြီး ရေကိုမျှဝေသုံးစွဲ တတ်အောင်ပညာပေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ရှိပါတယ်။ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းရဲ့ အကျိုးကျေးဇူးတွေနဲ့ ခေတ်မီစက်ကိရိယာတွေရဲ့ အကျိုးတွေကိုလည်း တောင်သူတွေကို ပြောပြလာနိုင်ပြီး အသုံးပြုနိုင်အောင် တတ်စွမ်းသမျှ ကြိုးစားပေးသွားဖို့ရှိပါတယ်။ ဒါ့အပြင် ဒေသတွင်းမှာရှိတဲ့ အဝယ်ဒိုင်တွေ၊ စက်ရုံတွေနဲ့ တောင်သူတွေအကြား စိုက်ပျိုးမှု လိုအပ်ချက်တွေကိုလည်း ပိုသိလာ**



မကွေးမြို့ ဦးဖိုးနီပိုင် နှမ်းလှော်အမှုန့်ကြိတ်စက်ရုံ လေ့လာခြင်းမှု

## တောင်ငူမြို့၌ မေတ္တာတရားနှင့် နိုင်ငံတော် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**တောင်ငူ ဩဂုတ် ၂၃**

တောင်ငူမြို့ ကေတုရတနာမင်္ဂလာခန်းမ၌ ဩဂုတ် ၂၁ ရက်က သာယာဝတီစမ်းစမ်းနွဲ့ဦးဆောင်ပြီး စာရေးဆရာများဖြစ်ကြသော မောင်စိန်ဝင်း (ပုတီးကုန်း)၊ မျိုးမြင့်ညိမ်း၊ နှင်းဝေငြိမ်း၊ စောဝေ၊ မာန်(တောင်လုံးပြန်) နှင့် အနော်မာတို့သည် တောင်ငူမြို့ပေါ်ရှိ ဘာသာပေါင်းစုံပုဂ္ဂိုလ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားကြသူပြည်သူများနှင့် တွေ့ဆုံ၍ မေတ္တာတရားနှင့် နိုင်ငံတော်ခေါင်းစဉ်ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဆွေးနွေးသောအကြောင်းအရာများကို ပြန်လည်တင်ပြဆွေးနွေးကြသည်။ အဆိုပါ အခမ်းအနားသို့ လူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်လု(တောင်ငူ)

# ချင်းပြည်နယ်၌ ရေအားလျှပ်စစ်စီမံကိန်းသုံးခု ယခုနှစ်အတွင်းတည်ဆောက်ရန် စီစဉ်လျက်ရှိ

**ရိခေါဒါရ် ဩဂုတ် ၂၃**
ချင်းပြည်နယ်၌ အသေးစားရေအားလျှပ်စစ်စီမံကိန်းသုံးခုကို ယခုနှစ်အတွင်းတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနရုံးတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ အသေးစားရေအားလျှပ်စစ်စီမံကိန်းများကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်ပြီး ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာသောလျှပ်စစ်ဓာတ်အားများကို ချင်းပြည်နယ်အတွင်းရှိ ရေဇွာ၊ ရိခေါဒါရ်၊ တွန်းဇံနှင့် ကျီခါးစသောမြို့များသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်ကို ပြည်ပလုပ်ငန်းတွေ လာရောက်လုပ်ကိုင် ရင်းနှီးမြှုပ်နှံချင်ပေမယ့်လည်း တချို့မြို့တွေက လျှပ်စစ်ဓာတ်အား ၂၄ နာရီမရသေးဘူး။ ဒါကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးများများဝင်ရောက်လာအောင် ရည်ရွယ်ချက်နဲ့ ရေအားလျှပ်စစ်စီမံကိန်းသုံးခုကို အကောင်အထည်ဖော် တည်ဆောက်သွားမှာပါ။ အဲဒီစီမံကိန်းသုံးခုကို ဘယ်မြို့မှာ ပြုလုပ်မယ်ဆိုတာ အတိအကျ မရွေးချယ်ရသေးပါဘူး။ ချင်းပြည်နယ်တစ်ခုလုံးအတွက် ၂၀၃၀ ပြည့်နှစ်မှာ လက်ရှိမဟာဓာတ်အားလိုင်းကနေ လျှပ်စစ်မီးရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ ပြည်နယ်ရဲ့ထက်ဝက်လောက် လွှမ်းခြုံနိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသုံးခု တည်ဆောက်ပြီးပါက ခေတ်မီနည်း စနစ်များဖြင့် လုပ်ငန်းလည်ပတ်ကာ လျှပ်စစ်ဓာတ်အားများ တိုးချဲ့ထုတ်လုပ် ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ချင်းပြည်နယ်၏ ၃၀ ရာခိုင်နှုန်းခန့်ကိုသာ လျှပ်စစ်ဓာတ်အား လွှမ်းခြုံရရှိနေသေးကြောင်း၊ ပြည်နယ်၏အဓိကကျသည့်နေရာ သို့မဟုတ် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်သည့်နေရာများကို ၂၀၂၀ ပြည့်နှစ်မတိုင်မီ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဒေသထက်ဝက်ကိုလာမည့် ၂၀၂၀ ပြည့်နှစ်တွင် လျှပ်စစ်မီးရရှိစေရန် ပြည်နယ်အစိုးရက ကတိပြုထားကြောင်း၊ လက်ရှိတွင် အကြီးစားရေအားလျှပ်စစ်အတွက် ဖလမ်းမြို့နယ်အတွင်းရှိ မဏိပူရ်စီမံကိန်း(၄၀၀ မဂ္ဂါဝပ်)၊ ပလက်ဝမြို့နယ်အတွင်းရှိ လေးမြို့(၁)စီမံကိန်း(၆၀၀ မဂ္ဂါဝပ်)နှင့် လေးမြို့(၂)စီမံကိန်း (၉၀ မဂ္ဂါဝပ်)များကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# မယ်ဆိုင်ချောင်းရေကြီးပါက အန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**တာချီလိတ် ဩဂုတ် ၂၃**
မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်မြို့များ ဖြစ်သည့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့အကြားရှိ မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုဖြစ်ပွားပါက တာချီလိတ်မြို့၌ ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါချောင်းရေတိုက်စားမှုကြောင့် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ရွှေနန်းတော်ကုန်တိုက်၏ နောက်ဘက်ခြမ်းအုတ်တံတိုင်း အလျား ၈၅ ပေခန့် ဩဂုတ် ၁၉ ရက်က ပြိုကျခဲ့ရာ အဆိုပါ ပြိုကျသွားသည့် အုတ်တံတိုင်းမှတစ်ဆင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်အသိပညာပေးခြင်းဖြစ်သည်။ ကြိုတင်ကာကွယ်မှုအဖြစ် အလျား ၈၅ ပေ၊ အနံ ၆ ပေ၊ အမြင့် ၄ ပေရှိ မျောတိုင်များဖြင့် ပိုင်ရိုက်ခြင်းနှင့် သဲအိတ်ဖြည့်ခြင်းလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးလှမျိုး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ထွန်းနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဩဂုတ် ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် တာချီလိတ်မြို့ဆန်ဆိုင်း(ခ)ရပ်ကွက်အနီး မယ်ဆိုင်ချောင်းအတွင်း၌ ဩဂုတ် ၁၉ ရက်က သစ်ပင်တစ်ပင်မျောပါလာပြီး ကန့်လန့်ခံနေ၍ တောင်ကျရေများပြားပါက ရေကြီးရေလျှံမှု ဖြစ်လာနိုင်သည့်အတွက် ဩဂုတ် ၂၀ ရက် ညပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် စည်ပင်ဝန်ထမ်းများ၊ ပြည်သူ့စစ်များ ပူးပေါင်းအဖွဲ့ဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့တွင် ယခင်နှစ်များက အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများပြားပါက မြေနိမ့်ပိုင်းရှိ ရပ်ကွက်များ၌ မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့နေအိမ်အတွင်း ရေဝင်ပါက လျှပ်စစ်အန္တရာယ်ကင်းရှင်းအောင် မိန်းခလုတ်များ ချထားရန်၊ ရေနှင့်အတူ မျောပါလာတတ်သည့် အဆိပ်ရှိသတ္တဝါများကို သတိထားရန်နှင့် အရေးပေါ်အခြေအနေများ ကြုံတွေ့ပါက ကူညီရန်အသင့်ပြင်ထားသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ဆက်သွယ်ရန် စသည့်အချက်များကို ဒေသခံပြည်သူများအား ကြိုတင်အသိပေးထားကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ဖျာပုံမြို့နယ်၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ၅၁ ရာခိုင်နှုန်းကျော် ထုတ်ချေးပြီး

**ဖျာပုံ ဩဂုတ် ၂၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းမှ တောင်သူများအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေလမှစ၍ ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်အထိ ချေးငွေ ၅၁ ရာခိုင်နှုန်းကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။ ဖျာပုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ခင်စောဝတီမြင့်က ဩဂုတ် ၁၆ ရက်အထိ ကျေးရွာအုပ်စု ၂၈ စုမှ တောင်သူအစုအဖွဲ့ ၂၀၆၈ ဖွဲ့ တောင်သူပေါင်း ၅၉၅၁ ဦးတို့၏ လယ်မြေ ၄၉၉၄၇ ဧကအတွက် ချေးငွေ ၇၄၉၂ သိန်းကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ဖျာပုံမြို့နယ်အတွက် ထုတ်ချေးရမည့် ချေးငွေ၏ ၅၀ ဒသမ ၁၉ ရာခိုင်နှုန်း ထုတ်ချေးပြီးစီးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ပြေကျေအောင်ဆပ်ပြီးသူများအား ဦးစားပေး ထုတ်ချေးပေးလျက်ရှိကာ ကျန်တောင်သူများကို စက်တင်ဘာလကုန်သည်အထိ စောင့်ဆိုင်းထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

# ပြည်ပပို့နှမ်းများ အရည်အသွေးမလျော့စေရန် နည်းပညာပေး လက်တွေ့သရုပ်ပြ

**မြို့သစ် ဩဂုတ် ၂၃**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ နှမ်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှ ထုတ်လုပ်သောနှမ်းများ ပြည်ပပို့ကုန်အရည်အသွေးမီကာ ဈေးကွက်ဝင်တင်ပို့နိုင်ရန် ရည်ရွယ်၍ နှမ်းသီးနှံ ရိတ်သိမ်းချိန်လွန်နည်းပညာ လေးမျိုးကို မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရေပြည့်ကျေးရွာ နှမ်းစိုက်ခင်း၌ လက်တွေ့သရုပ်ပြခဲ့သည်။



ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူ ၈၂ ဦးအား နှမ်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပြည်ပပို့အရည်အသွေး မလျော့စေရေးအတွက် သိရှိလိုက်နာသင့်သော နည်းပညာများကို သရုပ်ပြရှင်းလင်းခဲ့ကာ သရုပ်ပြပွဲသို့ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တော်များဖြစ်သည့် ဦးသာအောင်၊ ဦးချစ်ထွေး၊ ဦးသန်းဆွေ၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းမြတ်နှင့် ခရိုင်ဦးစီးမှူးဦးသိန်းလွင်တို့လည်း လာရောက်ကြည့်ရှုအားပေးခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊နတ်မောက်၊ အောင်လံ၊ ပခုက္ကူမြို့နယ်များမှ စိုက်ပျိုးထုတ်လုပ်သည့်နှမ်းနက်များကို ပြည်ပတင်ပို့နိုင်ရေးအတွက် စံချိန်စံညွှန်းများ သတ်မှတ်ထားရှိပြီးဖြစ်ရာ ပြည်ပပို့ကုန်နှမ်းများ အရည်အသွေးမလျော့နည်းစေရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက INGO၊ NGO များနှင့် ပူးပေါင်း၍လည်း တောင်သူနည်းပညာပေးအစီအစဉ်များကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် နှမ်းစိုက်ပျိုးရာတွင်သာမက ရိတ်သိမ်းပြီးနောက် နှမ်းပုံခြင်း၊ နှမ်းစည်းခြင်း၊ နှမ်းထောင်ခြင်းလုပ်ငန်းများတွင် နည်းစနစ်တကျ မဆောင်ရွက်နိုင်ပါက ပြည်ပပို့ကုန်အရည်အသွေးကျဆင်းကာ ဈေးကွက်ထိခိုက်နိုင်သဖြင့် အထူးအလေးထား ဆောင်ရွက်ရန်လိုကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။ **လှဝင်း(နတ်မောက်)**

## သတင်းတိုများ

### မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းစေရေး ရေနုတ်မြောင်းများတူးဖော်

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့ဦးဆောင်စီစဉ်မှုဖြင့် ရပ်ကွက်များရှိလမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၀ ရက်က မြနန္ဒာရပ်ကွက်နှင့် မြို့မရပ်ကွက်တို့၌ ဆောင်ရွက်ခဲ့သည်။ ရေနုတ်မြောင်း တူးဖော်ဆယ်ယူခြင်းအတွက် မြို့နယ် လမ်းဦးစီးဌာနက မြေတူးဖော်သည့်စက်ငယ်ကို ပံ့ပိုးကူညီကာ မြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်၍ စည်ပင်ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်အောင်က ပြောသည်။
**ကျော်စွာ(ဗန်းမောက်)**

### စာပေအနုပညာဖန်တီးမှု သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံစာရေးဆရာအသင်းကကြီးမှူး၍ စာပေအနုပညာဖန်တီးမှုသင်တန်း အမှတ်စဉ်(၁)ကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အလယ်ဘလောက် အမှတ်(၁၇၃/၁၇၅)ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း၌ စက်တင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် မြန်မာစာအရေးအသားနှင့် သတ်ပုံ၊ ဆောင်းပါးဖန်တီးမှုအနုပညာ၊ ကဗျာဖန်တီးမှုအနုပညာ၊ ဝတ္ထုဖန်တီးမှုအနုပညာတို့ကို နာမည်ကျော်စာရေးဆရာကြီးများ၊ ကဗျာဆရာကြီးများက စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်၍ စိတ်ပါဝင်စားသူများ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။
**လှလှ**

### နွားထိုးကြီးမြို့နယ်တွင် ဆည်ရေကန်ရေဖြင့် မိုးစပါးစိုက်နိုင်ပြီ

နွားထိုးကြီးမြို့နယ်အတွင်း ၂၀၁၇ မိုးစပါးစိုက်ရာသီအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်ရေ ကန်ရေများဖြင့် စိုက်ပျိုးရေအလုံအလောက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၂၁ ရက်အထိ ခက်လန်းဆည်မှရေဖြင့် မိုးစပါး ၉၃၉ ဧက၊ ကန်နားကန်မှရေဖြင့် ၁၀၃၅ ဧက၊ မြိုင်သာကန်မှရေဖြင့် ၁၁၀ ဧကနှင့် ဇီးတောဆည်မှရေဖြင့် ၁၀၁ ဧက စိုက်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောသည်။
**ဌေးမြင့်မောင်**

# တရားစီရင်ရေးကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၃**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ (၁၃)ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ထပ်ဆင့်ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား တရားသူကြီးများနှင့် တရားရေးအရာရှိများအနေဖြင့် အမှုများကို ဥပဒေနှင့်အညီ မြန်မြန်နှင့်မှန်ကန်မျှတစွာ စစ်ဆေးစီရင်ရန်၊ အများပြည်သူနှင့် ဆက်ဆံရာတွင် သိမ်မွေ့ညင်သာစွာ ဆက်ဆံကြရန်နှင့် ပြည်သူအများ ယုံကြည်ကိုးစားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရန်နှင့် တရားစီရင်ရေးကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းနှင့် ဒေါ်ခင်သင်းဝေတို့က မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စိုးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၁၇၇ ဦး တက်ရောက်ခဲ့ကြသည်။
**တင်မောင် (မန်းကိုယ်ပွား)**



## ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ မိုးစပါးစိုက်ပျိုးရေ ပြည့်ဝစွာရရှိရေးဆောင်ရွက်ပေးလျက်ရှိ

**ဆိပ်ဖြူ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်မှ မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရေ ပြည့်ဝစွာရရှိ၍ လျာထားစိုက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၁၇ ခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ကေ ၈၇၄၃ က လျာထားဆောင်ရွက်လျက်ရှိပြီး ဆည်ရေသောက် မိုးစပါးစိုက်ကေ ၃၁၉၈ကေ၊ မြေအောက်ရေအသုံးပြုစိုက်ကေ ၄၅၅ ကေ၊ မိုးကောင်းသောက် ကေ ၄၆၄၀ တို့ဖြစ်ကြောင်းသိရှိရပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်တောင်သူများအား စိုက်ကေပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် တောင်သူအသိပညာပေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုမြင့်မားလာစေရေး စပါးမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးဆောင်ရွက်ပေးခြင်း၊ အစွမ်းရှိ စိုက်ပျိုးနည်းစနစ် (SRI) များကို ကွင်းဆင်းအသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်တွင် လျာထားစိုက်ကေ ၄၅၀ ရှိကြောင်း၊ မိုးစပါးစိုက်ပျိုးမှု ကွင်းပိတ်ရက်ကို စက်တင်ဘာ ၁၅ ရက်အထိ လျာထားသတ်မှတ်ခဲ့ပြီး အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများက လျာထားရက်အတွင်း အချိန်မှန်စိုက်ပျိုးနိုင်ရေးအတွက်၊ စိုက်ပျိုးရေပြည့်ဝစွာရရှိရေးအတွက် ပွန်တွန်းစနစ်ဖြင့် ပင်မမြောင်းနှင့် လက်တံမြောင်းများမှ စိုက်ပျိုးရေကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်မြစ်ရေတင်မှ ရေခွန်စနစ်ဖြင့်တစ်ကေ (တစ်ရာသီ)လျှင် နွေစပါးငွေကျပ် ၉၀၀၀၊ မိုးစပါး ငွေကျပ် ၆၀၀၀၊ အခြားသီးနှံ ငွေကျပ် ၃၀၀၀တို့ဖြင့်သာရေခွန်ကို သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံလျက်ရှိကြောင်း၊ ပုဂ္ဂလိက စက်ရေသွင်းစိုက်ပျိုးစနစ်တွင် တစ်နာရီရေသွင်းခ ငွေကျပ် ၁၅၀၀၀ ခန့်ပေးချေရပြီး ရေသွင်းစရိတ်များမှာ သက်သာကြောင်း၊ အချို့သော တောင်သူများအနေဖြင့် မြစ်ရေ တင်မှ ရေကို ရယူသုံးစွဲခဲ့သော်လည်း ရေခွန်ပေးချေမှုအားနည်းနေကြောင်း အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## သာႏှင့်တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ဥပဒေစိုးမိုးရေး မိတ်ဆက်သင်တန်းဖွင့်



**ကျိုင်းတုံ ဩဂုတ် ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာလုံးဆိုင်ရာ သဘာဝရန်ပုံငွေအဖွဲ့ World Wide Fund (WWF)တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် သားငှက်ဆိုင်ရာ ဥပဒေစိုးမိုးရေး မိတ်ဆက်သင်တန်းကို ကျိုင်းတုံမြို့ Amazing ကျိုင်းတုံဟိုတယ်၌ ဩဂုတ် ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်က အမှာစကားပြောကြားပြီး WWF မှ အစိုးရဆက်ဆံရေးနှင့် မူဝါဒဆိုင်ရာမန်နေဂျာ ဦးဝင်းမြင့်နှင့် သားငှက်တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုဆိုင်ရာ မန်နေဂျာ ဒေါက်တာစံပယ်မင်းတို့က World Wide Fund မှ ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် သင်တန်းဆိုင်ရာအချက်များကို ရှင်းလင်းပြောကြားသည်။

ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်သိန်းကလည်း "မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနဲ့ သားငှက်ဆိုင်ရာ ဥပဒေစိုးမိုးမှု ခိုင်မာစေရေး၊ နယ်စပ်ဖြတ်ကျော်ရာမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရည်ရွယ်ကာ သင်တန်းဖွင့်လှစ်တာဖြစ်ပြီး WWF ၊ WWF (မြန်မာ)တို့မှ တာဝန်ရှိသူတွေက သင်တန်းပို့ချမှာဖြစ်ပါတယ်"ဟု ပြောသည်။

သင်တန်းသို့ ရှမ်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း၊ အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တရားရေး၊ ဥပဒေအရာရှိများနှင့် ကျိုင်းတုံတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဟု သိရသည်။

WWF(မြန်မာ)သည် WWF၊ WWF(လာအို)၊ WWF (တရုတ်)တို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ အပါအဝင် မဲခေါင်ဒေသအတွင်း တောရိုင်းတိရစ္ဆာန်နှင့် အင်္ဂါအစိတ်အပိုင်းများအား တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုများကို တိုက်ဖျက်ရေးအတွက် သင်တန်းများကို သက်ဆိုင်ရာနိုင်ငံများတွင် လိုက်လံဖွင့်လှစ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## သက်ဆိုင်သူပေါင်းစုံပါဝင်သော လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ထီးလင်းမြို့နယ်၌ကျင်းပ

**ထီးလင်း ဩဂုတ် ၂၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကာ မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း(ပထမနှစ်စက်ဝန်း)နှင့်ပတ်သက်၍ မြို့နယ်အဆင့် သက်ဆိုင်သူအားလုံးပူးပေါင်းပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ထီးလင်းမြို့အထက အောင်သပြေခန်းမ၌ ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး စီမံကိန်းရည်ရွယ်ချက်နှင့် စီမံခန့်ခွဲမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မြဝင်းက ရှင်းလင်းပြောကြားကာ လူထုဗဟိုပြုစီမံကိန်း ပထမနှစ် စီမံကိန်းတွေ့ရှိချက်များကို စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအေးထွန်းမင်းက အကျဉ်းချုပ် တင်ပြခဲ့သည်။

လူထုဗဟိုပြုစီမံကိန်းကို မကွေးတိုင်းဒေသကြီးအတွင်း မင်းတုန်း၊ စေတုတ္တရာ၊ ထီးလင်း၊ ဆောနှင့်ပေါက်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပြီး ထီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအုပ်စု ၇၁ အုပ်စု၊ ကျေးရွာ ၉၃ ရွာ၌ စီမံကိန်းထောက်ပံ့ငွေကျပ် ၁၅၆၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းလုပ်ငန်းများအနေဖြင့် လမ်း၊ တံတား၊ မြေထိန်းနံရံ၊ ရေကာတာ၊ ရေမြောင်း၊ အဆောက်အအုံ၊ ရေပေးရေးနဲ့မီးလင်းရေး စသည့် လုပ်ငန်းခွဲပေါင်း ၁၁၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးလက်နေပြည်သူများအတွက် လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံများကို ရရှိစေသလို ကျေးလက်နေလူထုကိုယ်တိုင် စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ၎င်းတို့ကိုယ်တိုင် ရွေးချယ်စဉ်းစားဆုံးဖြတ်စေ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အမျိုးသားစာပေဆုသုံးဆုရ စာရေးဆရာကြီးလင်းယုန်သစ်လွင် ရာပြည့်အခမ်းအနား ကျင်းပမည်

**ညောင်တုန်း ဩဂုတ် ၂၃**

၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိအတွင်း လုံးချင်းစာအုပ်ပေါင်း ၆၆ အုပ် ရေးသားထုတ်ဝေနိုင်ခဲ့ပြီး အမျိုးသားစာပေဆု သုံးဆုရရှိခဲ့သည့် ညောင်တုန်းမြို့သား စာရေးဆရာကြီး လင်းယုန်သစ်လွင် ကွယ်လွန်ခြင်း ၂၄ နှစ်မြောက်နှင့် အသက် ၁၀၀ ပြည့် အမှတ်တရ




အထိမ်းအမှတ်ပွဲကို ဆရာကြီးလင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီက ဦးစီးပြီး ညောင်တုန်းမြို့ ကျွန်းထိပ်ပိုင်း အမကကျောင်းရှိ လင်းယုန်သစ်လွင်အထိမ်းအမှတ်ကျောင်းဆောင်၌ ဩဂုတ် ၂၇ ရက်တွင် တခမ်းတနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာရေးဆရာကြီးလင်းယုန်သစ်လွင်အား ညောင်တုန်းမြို့တွင် ဦးဖိုးလူ-ဒေါ်နှင်းဦးတို့က ၁၉၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်က မွေးဖွားခဲ့ခြင်းဖြစ်ရာ ယခု ၂၀၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အသက် ၁၀၀ ပြည့်တော့မည်ဖြစ်သည်။ ၁၉၉၃ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ကွယ်လွန်ခဲ့၍ ကွယ်လွန်ခြင်း ၂၄ နှစ်မြောက်နှင့် အသက်နှစ်(၁၀၀)ပြည့် အမှတ်တရ အထိမ်းအမှတ်အခမ်းအနားကျင်းပရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

စာရေးဆရာကြီး လင်းယုန်သစ်လွင်သည် "သီတာသောင်ခြေဦး"ဝတ္ထုရှည်ဖြင့် ၁၉၆၂ ခုနှစ်အတွက် အနုပညာစာပေဆိုင်ရာ ဝတ္ထုရှည်ဆုကိုလည်းကောင်း၊ "ယိုးဒယား-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးမှတ်တမ်း"စာအုပ်ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆုကိုလည်းကောင်း၊ "ဓမ္မဝိလာသ" စာအုပ်ဖြင့် ၁၉၇၁ ခုနှစ် အမျိုးသားစာပေဆုကိုလည်းကောင်း ရရှိခဲ့သူဖြစ်သည်။ ဆရာကြီးလင်းယုန်သစ်လွင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် 'ရာပြည့်လင်းယုန်' အမှတ်တရစာအုပ်ကိုလည်း စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းဥက္ကဋ္ဌအဖြစ် ပါဝင်သော 'လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီ'က ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲတော်အမီ ကွန်ကရစ်လမ်းကွဲအက်နေမှုကို ပြုပြင်ရန်လို

**မိုးညှင်း ဩဂုတ် ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်ကို အမှီပြု၍ တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင် အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားသို့သွားရာ ကွန်ကရစ်လမ်းမှာ အောက်ခံမြေသားများ ခိုင်ခံ့မှုမရှိသဖြင့် နိမ့်ကျံ၍ အက်ကွဲကြောင်းများ ဖြစ်ပေါ်လျက်ရှိကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော တပေါင်းလပြည့်ပွဲတော်အမီ ပြန်လည်ပြုပြင်ပေးရန် လိုအပ်ကြောင်း ဒေသခံများက ပြောသည်။

အင်းတော်ကြီးကန်နှင့် ရွှေမဥ္ဇူစေတီတော်တို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များ၊ စေတနာအလှူရှင်များ၏ စုပေါင်းဆောင်ရွက်မှုဖြင့် ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းကို ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော်လည်း ယခုအခါ အောက်ခြေမြေသားကျံ့ဝင်နိမ့်ကျကာ ကွန်ကရစ်လမ်းများ အက်ကွဲပျက်စီးလာခြင်းဖြစ်ကာ ရွှေမဥ္ဇူစေတီတော်မှာ ပြည်တွင်း ဘုရားဖူးများသာမက နိုင်ငံခြားသားများလည်း လာရောက်လည်ပတ်မှုများရှိသလို ဘုရားပွဲတော်လည်း နီးလာပြီဖြစ်သဖြင့် အချိန်မီပြုပြင်ရန်လိုအပ်နေခြင်းဖြစ်သည်။

"အင်းတော်ကြီးကန်ဟာ အရှေ့တောင်အာရှမှာ အကြီးဆုံးကုန်းတွင်း ရေနေအင်းကြီးဖြစ်ပါတယ်။ တောင်မြောက်အလျား ၁၆ မိုင်၊ အရှေ့နှင့် အနောက် အနံ ရှစ်မိုင်ရှိပြီး အင်းရေအနက်ဆုံးနေရာမှာ ၆၅ ပေနဲ့ ပျမ်းမျှရေအနက်က ပေ ၂၀ ရှိပါတယ်။ ဒီအင်းတော်ကြီးကန်ကို အမှီပြုပြီး ကျေးရွာအုပ်စု ၁၁ စု ကျေးရွာပေါင်း ၄၃ ရွာတို့မှ အမှီသဟဲပြု နေထိုင်ကြပါတယ်။ သစ်တောကြိုးဝိုင်းငါးခုရှိပြီး သဘာဝဘေးမဲ့တောလည်း ရှိတာကြောင့် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာလျက်ရှိပါတယ်"ဟု အင်းတော်ကြီးအင်းနှင့် သဘာဝပတ်ဝန်းကျင် လေ့လာသူ မိုးညှင်းမြို့မှ ဦးခင်မောင်ဦးက ပြောပြသည်။

အင်းတော်ကြီး သဘာဝဘေးမဲ့တောများအတွင်း၌ ဆင်၊ ကျားမင်း၊ မြင်းဝံ၊ ဝက်ဝံ၊ ကျားသစ်၊ တောဆိတ်၊ ပြောင်၊ စိုင်၊ တောခွေး၊ တောင်ဆိတ်၊ မျောက်မြီးရှည်၊ မျောက်လွှဲကျော်၊ မျောက်ခြသေ့်၊ ဖြူ၊ ခွေးတူဝက်တူ၊ သင်းခွေချပ်၊ မျောက်ဖင်နီနှင့် သစ်တော ငှက်မျိုးစိတ် ၁၈၅ မျိုးကျော်နှင့် ရေပျော်ငှက်မျိုးစိတ် ၈၀ ကျော်တို့ ကျက်စားနေထိုင်လျက်ရှိကြောင်း၊ အင်းတော်ကြီး အိုင်ပတ်ဝန်းကျင်တွင် အခြေချနေထိုင်ကြသူများသည် ရှမ်းတိုင်းရင်းသားများ အများစုဖြစ်ပြီး ကချင်နှင့် ဗမာလူမျိုးများလည်း နေထိုင်ကြကြောင်း သိရသည်။

**(၀၆၇)**



## သတင်းတိုများ

### ဆင်းကေရီ-၃ မျိုးသန့်မျိုးပွားစိုက်ခင်းကို ကွင်းဆင်းလေ့လာ

မိုးမိတ်မြို့နယ်အတွင်းမှတောင်သူများ စပါးမျိုးကောင်းမျိုးသန့်များရရှိစေရေး ရည်ရွယ်၍ မိုးမိတ်မြို့နယ်တောင်ပိုင်းရပ်ကွက်မှ တောင်သူဦးကျော်မြင့်၏ လယ်မြေတွင် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသော ဆင်းကေရီ-၃ မျိုးသန့်မျိုးပွားစိုက်ခင်း လေးကေ စိုက်ပျိုးထားမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များက ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ပြီး တောင်သူများ လိုအပ်သောအခက်အခဲများကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ပျက်စီးနေသော ရေတံလျှောက်ကို အသစ်ဆောက်လုပ်ပြီးစီး

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ မိအယ်ကျေးရွာမှ လယ်ယာမြေများသို့ ကြီးချောင်းမှ ရေရယူရန် ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးပြုလုပ်ထားသည့် ရေတံလျှောက်ပျက်စီးသွား၍ မြို့နယ်ဆည်မြောင်းဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထောက်ပံ့ရန်ပုံငွေ ကျပ် ၇၅ သန်းဖြင့် အသစ်ပြုလုပ်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ရေတံလျှောက်သည် အလျား ၃၇၅ ပေ၊ အကျယ် ၄ ပေ၊ အမြင့် ၂၉ ပေရှိပြီး သံကူကွန်ကရစ်၊ အုတ်ညှပ်တိုင်များဖြင့် ခိုင်ခံ့အောင်ဆောက်လုပ်ထားကာ လယ်မြေကေ ၁၅၀ ကို အောင်ရေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

# သတင်းစားသုံးမှုခေတ်

## မြင့်ကျော်(ဇလွန်)

**ယနေ့ခေတ်သည် သတင်းအချက်အလက်များနှင့်ကင်းမရ၊ သီးခြားနေမရသော အခြေအနေကို ရောက်ရှိလာပြီဖြစ်သည်။ သတင်းဆိုသည်မှာ အရှေ့ အနောက်၊ တောင်၊ မြောက် အရပ်ဒေသများတွင် ဖြစ်ပျက်ပေါ်ပေါက်လာသော အခြေအနေများကို ဖော်ပြပေးခြင်းဟု ယေဘူယျအားဖြင့် သတ်မှတ်ထားကြသည်။**

နေ့စဉ်ဖြတ်သန်းမှုများတွင် ပုံမှန်သမားရိုးကျဖြစ်စဉ် အကြောင်းအရာများကို သတင်းဟုသတ်မှတ်လေ့မရှိကြပါ။ နေ့စဉ် ဖြစ်ပျက်နေမှုများထဲက သာမန်မဟုတ်သော ဖြစ်စဉ် အကြောင်းအရာများကို သတင်းအဖြစ် သတ်မှတ်ဖော်ပြ ဖြန့်ဝေကြခြင်းဖြစ်သည်။ ယနေ့ခေတ်သတင်းဖော်ပြဖြန့်ဝေမှု များသည် တိုတိုရှင်းရှင်းနှင့် လိုရင်းကို ထိမိသိရှိစေရန် အမြန် ဆုံးနှင့် အမှန်ဆုံး သူ့ထက်ငါ ဦးစွာဖော်ပြပေးနေကြသည့် ပုံစံထွန်းကားလာသည်။ သတင်းတွင်ပါရှိသော အကြောင်း အရာများက လူအများသိသင့်သည့် အချက်အလက်များဖြစ် သည်မှာ မှန်ကန် သော်လည်း လူအများစုအတွက် ဆာလောင် မွတ်သိပ်သော၊ စိတ်ဝင်စားမှုဖြစ်စေသော သတင်းအချက် အလက်မျိုးမဟုတ်ပါက ထိုသတင်းမျိုးသည် သာမန်သတင်းမျိုး သာ ဖြစ်သွားပါသည်။

ယနေ့အချိန်အခါသည် Professional သတင်းသမား များသည်ပင်လျှင် သတင်းမှန်၊ သတင်းမှားခွဲခြားပိုင်းဖြတ်ရန် ခက်ခဲသော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။ မြန်ဆန် လွန်းလှသော နည်းပညာတိုးတက်ထွန်းကားလာမှုများသည် သတင်းအချက်အလက်များ သိရှိပိုင်ခွင့်နှင့် သတင်းအချက် အလက်များကို ပုံဖျက်ပြုပြင်နိုင်ခွင့်များ ပိုမိုရရှိလာခြင်းက လည်း အကောင်းအဆိုး ဒွန်တွဲနေသော တိုးတက်ဖြစ်ထွန်း မှုဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။ ကနဦး သတင်းစတင် စီးဆင်းရာကို အခြေပြုပြီး နောက်ဆက်တွဲသတင်းများရရှိ ထောက်လှမ်းနိုင်စေသော အခြေအနေတစ်ရပ်နှင့် ပွင့်လင်း မြင်သာမှု မြင့်မားစွာရရှိလာခြင်းသည် အကောင်းဘက်ကို များစွာဦးတည်နေသည်ဟု မှတ်ယူနိုင်သည်။ သတင်းရရှိသိရှိ ခွင့် လျင်မြန်လာမှုများကြောင့် လူအများစုအတွက် အန္တရာယ် များ ကာကွယ်ပေးထားပြီးဖြစ်နေသော သဘောတရားများ လည်း ပါဝင်ပတ်သက်လာခဲ့သည်။ သတင်းအချက်အလက်များ သည် လူအများအတွက် နေ့စဉ်ဘဝထဲက အဓိကအကြောင်း တရားဖြစ်လာခဲ့ပြီး အဆင့်အတန်းမျိုးစုံ လူထုလူတန်းစား ပေါင်းစုံသည် သတင်းအချက်အလက်အပေါ် သိသိသာသာ မှီခိုအားပြုလာရသောခေတ်ဖြစ်လာသည်။

ယနေ့ ကမ္ဘာပေါ်တွင် သတင်းအချက်အလက်၏ အရေးပါအရာရောက်မှုကို အခြေခံလူတန်းစားများကအစ သိရှိနားလည်လာသောကြောင့် သတင်းအချက်အလက်အပေါ် အဓိကအခြေခံအားပြုထားသော လုပ်ငန်းများသည်လည်း ကျယ်ပြန့်များပြားလာခဲ့သည်။ ခေတ်အဆက်ဆက် သတင်း အချက်အလက်ဖြင့် ပုံဖော်ဖြတ်သန်းခဲ့ရသော နိုင်ငံရေး၊ လူမှုရေးစီးပွားရေး၊ စစ်ရေး၊ ဘာသာရေးအစရှိသည့် အရေး ပေါင်းများစွာသည်လည်း သတင်းအချက်အလက်များ၏ ပုံသွင်း မှုများအောက်သို့ ရောက်လိုက်၊ သတင်းအချက်အလက်များ၏ လှည့်စားမှုများအောက်သို့ ရောက်လိုက်၊ သတင်းအချက် အလက်များ၏ မှတ်တမ်းမှတ်ရာများဖြစ်လိုက် အစရှိသော အခြေအနေများကို မျက်မှောက်ခေတ်တွင် ပို၍ထင်သာမြင်သာ တွေ့မြင်နိုင်သည်။ သတင်းအချက်အလက်သိနိုင်ခွင့်နှင့် သတင်း အချက်အလက် ဖြန့်နိုင်ခွင့်တို့ကို သမားရိုးကျနည်းလမ်းများကို အသုံးပြုခဲ့ရာမှ ခေတ်သစ်နည်းပညာများ ပေါင်းစပ်၍ လျင်မြန်

**လက်တွေ့မဆန်သော စိတ်ခံစားမှုအသားပေး သတင်းတု၊ သတင်းလိမ်၊ သတင်းမှား၊ သတင်းအယောင်ဆောင်၊ သတင်းကြောင်များကြောင့် ဒုက္ခ၊ သောကနှင့်သံဝေဂများ ရရှိနေရသူများ နေ့စဉ်တိုးပွားလာသည်ကိုလည်း ဂရုပြုမိကြရန်လိုအပ်**

စွာ၊ တိကျစွာ၊ အရည်အသွေးမြင့်မားစွာ ရရှိဖြန့်ဝေနိုင်ရေး ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။ ယနေ့ခေတ်တွင် သတင်း အချက်အလက်ကို သိရှိမှုအပေါ် သာမန်သတ်မှတ်ခြင်းမျိုး မဟုတ်ဘဲ နောက်ဆက်တွဲဆောင်ရွက်ရမည့် သင်ခန်းစာဖော် ထုတ်မှုများ၊ ပြုပြင်ရန်နှင့် အနာဂတ်အရေးကိစ္စများအတွက်ပါ တွင်ကျယ်စွာ အသုံးချနေကြပြီဖြစ်သည်။

သတင်းအချက်အလက်များကို ယနေ့ခေတ်ကာလတွင် လူများက မြန်ဆန်စွာ သိလိုကြသည်။ ကနဦးသိရှိထားသော သတင်းအပေါ် မှန် မမှန် ဝေဖန်ပိုင်းဖြတ်နိုင်စွမ်းလည်း သတင်း ခေတ်၏ အတွေ့အကြုံများကြောင့် ပို၍ မြင့်မားလာကြသည်။ လုပ်ကြံလီဆယ်ထားသောသတင်း၊ ဖန်တီးထားသောကောလာ ဟလများကိုလည်း ခဏအတွင်း မြင်နိုင် သိနိုင်နေသော အနေ အထားသို့ ရောက်ရှိလာပြီဖြစ်သည်။ သတင်းစားသုံးသူများ ပို၍တိုးတက်များပြားလာသော အခြေအနေများကြောင့် သတင်းဖြန့်ဖြူးသူတို့လည်း ပုံသဏ္ဍာန်မျိုးစုံဖြင့် တိုးတက် ပေါ်ပေါက်လာခဲ့သည်။ သတင်းစားသုံးသူများသည်လည်း ခေတ်ပေါ်နည်းပညာများ၏ ရေစီးကြောင်းများထဲ၌ မဖြစ်မနေ ပါဝင်ကြရသဖြင့် ကိုယ်တိုင် သတင်းဖြန့်ဖြူးသူများအဖြစ်သို့ ရောက်ရှိနေသော ခေတ်ဖြစ်လာသည်။ ထို့ကြောင့် ယနေ့ခေတ် အခါသည် ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ် သတင်း စားသုံးသူများ၊ သတင်းဖြန့်ဝေသူများ ဖြစ်နေကြပြီဆိုသည့် အချက်ကို နားလည်လက်ခံကြရမည်မှာ အသေအချာပင် ဖြစ်သည်။

သတင်းအချက်အလက် ရယူအသုံးပြုကြသူများနှင့် သတင်းဖြန့်ဖြူးကြသူများအနေဖြင့် မဖြစ်မနေ ထည့်သွင်း စဉ်းစားကြသည့်အချက်မှာ ပေါ်ပေါက်လာသောသတင်းသည် မည်သည့်အတိုင်းအတာအထိ လူများအကြား စိတ်ဝင်စားဖွယ်၊ ရေပန်းစားဖွယ် သတင်းဖြစ်သနည်းဆိုသည့် အချက်ပင်ဖြစ် သည်။ သမားရိုးကျမဟုတ်သော ဖြစ်ပျက်မှုများကို လူအများစု က စိတ်ဝင်စားမှုရှိကြသည်။ ထို့အပြင် လူနှင့်ပတ်ဝန်းကျင်ကို ကောင်းကျိုးပေးနိုင်သော ထူးခြားဆန်းပြားသည့် အသစ် အဆန်းအခြေအနေများနှင့် ဆိုးကျိုးပေးနိုင်သော မည်သည့် အခြေအနေ သတင်းအချက်အလက်မျိုးကိုမဆို လူအများစုက သိရှိလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ အဆိုပါ သတင်း အချက်အလက်များကို သိရှိရပါက သတင်းဖြန့်ဖြူးသူများ သာမက သတင်းစားသုံးသူများကပါ ထပ်ဆင့်ထပ်ဆင့် ဖြန့်ဝေ ကြသော အလေ့အထတစ်ရပ် ပေါ်ထွန်းလာသည်ကို သတိထား မိနိုင်သည်။

Online မီဒီယာများ လျင်မြန်စွာ တိုးတက်ထွန်းကား လာသော ယနေ့အချိန်အခါတွင် ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြသည့် သတင်း ဌာနအဖွဲ့အစည်းများထက် တစ်ဦးချင်း၊ တစ်ယောက်ချင်းက သတင်းအချက်အလက် ဖြန့်ဖြူးခြင်းအလုပ်ကို ဦးစားပေး လုပ်ဆောင်လာကြောင်း တွေ့ရှိနိုင်သည်။ တစ်ဦးချင်းစီက သတင်းဌာနများသဖွယ်ဖြစ်သွားပြီး လူတစ်ဦးချင်းစီ၏ သတင်း အသုံးချမှုပုံစံများသည်လည်း မတူကွဲပြားစွာ ပေါ်ထွက်လာ လျက်ရှိနေသည်။ အသစ်အသစ်ပေါ်ထွန်းလာသော လူတစ်ဦး ချင်းစီ၏ သတင်းဖြန့်ဝေရယူခြင်းအပေါ် ထားရှိသည့် စံနှုန်း၊ တစ်ကိုယ်ရေခံစားမှု (Personal Feeling) များသည် ခေတ်သစ်လူနေမှုရပ်ဝန်းတွင် အငြင်းပွားဖွယ်ရာများနှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေသည်။ သတင်းအချက်အလက်အပေါ် ပိုင်ဆိုင်မှု၊ သတင်းအချက်အလက်ရပိုင်ခွင့်၊ သတင်းအချက် အလက်မှန်ကန်ရေး၊ မှားယွင်းစွာဖော်ပြသည့် သတင်းအချက် အလက်များအပေါ် ပြန်လည်ဖြေရှင်း တောင်းပန်ရေး၊ သတင်းအချက်အလက်ခိုးယူမှု၊ သတင်းအချက်အလက်များ ကြောင့် ဆုံးရှုံးနစ်နာမှုများအပေါ် အလျော်ရရှိရေး၊ သတင်း အချက်အလက်များနှင့် ပတ်သက်သည့် သတ်မှတ်ချက်များ၊ သတင်းအချက်အလက်နှင့် ဆက်စပ်ပတ်သက်သည့် လူ့အခွင့် အရေးနှင့် သတင်းအချက်အလက်နှင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့် အစရှိသောလူများ၏ နေ့စဉ်ဘဝများအတွက် ရပိုင်ခွင့်နှင့် နစ်နာမှုများ ပါဝင်ပတ်သက်နေသည့် သတင်းစား သုံးမှုပုံစံများကို သတိမူမှု နည်းပါးစွာဖြင့် တွင်ကျယ်စွာ အသုံးပြု လာကြသည်။

Online မီဒီယာကရရှိသော သတင်းအချက်အလက် များသည် လက်တွေ့မျက်မြင်မဟုတ်သည့် အခြေအနေများဖြစ် သည့်တိုင် သတင်းရယူစားသုံးသည့် လူတိုင်း၏ နေ့စဉ်ဘဝထဲသို့ အခက်အခဲမရှိလွယ်ကူစွာ လက်ခံနားလည်စေသော အခြေ အနေသို့ ရောက်ရှိနေပြီဟုလည်း ဆိုနိုင်သည်။ သတင်းစား သုံးသူအများစုသည် နောက်ကျသတင်း၊ တန်ဆာဆင်ထားသော သတင်းများကို စိတ်ဝင်စားမှုအားနည်းလာကြပြီး နောက်ဆက် တွဲသတင်းများနှင့် သတင်းနှင့်ဆက်စပ်သည့် တာဝန်ရှိမှုများကို ပါ ဖော်ထုတ်လိုမှုများနှင့် အမှန်တရားအတွက် ဖိအားပေးမှုများ ကိုပါ Online မီဒီယာယဉ်ကျေးမှုတစ်ရပ်အဖြစ် ဖော်ဆောင် လာသော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။

မိမိကိုယ်ကိုကြော်ငြာခြင်း၊ မိမိထုတ်လုပ်သည့် ကုန်ပစ္စည်း ကိုကြော်ငြာခြင်း၊ မိမိအဖွဲ့အစည်းကို ကြော်ငြာခြင်း၊ မိမိ ယုံကြည်မှုကို ကြော်ငြာခြင်းများကို ယနေ့ခေတ်သစ်မီဒီယာက စျေးအသက်သာဆုံး အလွယ်ကူဆုံးနှင့် အချိန်ကာလသတ်မှတ် ချက်မဲ့ လူတိုင်းလုပ်ဆောင်နိုင်နေပြီဖြစ်သည်။ ထို့အပြင် လက်နက်မလို ငွေကြေးခနအင်အားနည်းပါးစွာဖြင့် ခေတ်သစ် တိုက်ပွဲများကိုလည်း စိတ်ကူးပုံဖော် ဖန်တီးနိုင်သောခေတ်ဟု လည်း ဆိုနိုင်ပြန်သည်။ အချိန်များ အကျိုးမဲ့ ကုန်ဆုံးစေမှုနှင့် ဒုတိယအဆင့် ပြဿနာရပ်များ ပြန့်ပွားစေမှုများကြောင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို ထိခိုက်စေသော အနေအထားကို လည်း ရှုထောင့်တစ်ခုမှ စဉ်းစားမိသည်။ လက်တွေ့မဆန်သော စိတ်ခံစားမှုအသားပေး သတင်းတု၊ သတင်းလိမ်၊ သတင်းမှား၊ သတင်းအယောင်ဆောင်၊ သတင်းကြောင်များကြောင့် ဒုက္ခ၊ သောကနှင့်သံဝေဂများ ရရှိနေရသူများ နေ့စဉ်တိုးပွားလာသည် ကိုလည်း ဂရုပြုမိကြရန် လိုအပ်သည်။ သတင်းစားသုံးမှုခေတ် တွင် ဆင်ခြင်တုံတရား၊ ဝေဖန်နိုင်စွမ်း၊ ချင့်ချိန်နိုင်မှုနှင့် အပြန် အလှန်နားလည်မှုတရား အစရှိသော ဗြဟ္မစိုရ်တရားများ လိုက်နာထွန်းကားရေးသည် အရေးကြီးသော အချက်ဖြစ်ပါ ကြောင်း မေတ္တာတရားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

## ညောင်ရွှေမြို့၌ အချက်ပြမီးများ မှန်ကန်စွာ အသုံးပြုနိုင်ရန် အသိပညာပေး

**ညောင်ရွှေ ဩဂုတ် ၂၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ စတင်ကျင့်သုံးမည့် မော်တော်ဆိုင်ကယ်များ အပါအဝင် ယာဉ်ကြီး၊ ယာဉ်ငယ်များ အချက်ပြမီးများ မှန်ကန်စွာပြသနိုင်ရေးအတွက် အသိပညာပေးခြင်းကို ညောင်ရွှေမြို့မြို့ဦးစေတီတော် ရှေ့၌ ဩဂုတ် ၂၀ ရက်က ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းတာဝန်ခံ ဦးသိန်းမြင့်ဇော်၊ တောင်ကြီးမြို့နယ် အမှတ် ၁၁၃ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် ကျော်မျိုးဇင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များဖြင့် မြို့ဦးစေတီတော်မြတ်ကြီးရှေ့တွင် ဆိုင်ကယ်အပါအဝင် ယာဉ်ကြီး၊ ယာဉ်ငယ်များကို အချက်ပြမီးများ မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာ ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

## မိုးစပါးမြေဩဇာ စုပေါင်းကြဲပက်ပွဲနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲကျင်းပ

**ကော့ကရိတ် ဩဂုတ် ၂၃**

မိုးစပါး တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိစေရေး အတွက် မြေဩဇာစနစ်တကျ၊ အချိန်ကိုက်၊ အချိုးကျ သုံးစွဲတတ်စေရန် ရည်ရွယ်၍ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး မြေဩဇာစုပေါင်းကြဲပက်ပွဲနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲကို ဩဂုတ်လ တတိယပတ်က ကော့ကရိတ်မြို့နယ် ရေပူကြီးကျေးရွာ အုပ်စု၊ ငါးတိုင်ကျေးရွာ၊ ကွင်းအမှတ် (၈၈) ရှိ တောင်သူဦးအခုံးနှင့် ဦးကျော်ဝင်း၏ လယ်မြေရှစ် ဧကတွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး နော်သူးလေထီးက မိုးစပါးတွင် သက်တမ်းအလိုက် ဓာတ်မြေဩဇာစနစ်တကျ ထည့်သွင်းရမည့် အချိန်အခါ၊ ဓာတ်မြေဩဇာအမျိုးအစားနှင့် နှုန်းထားများကို ရှင်းလင်းဟော ပြောပြီး လက်တွေ့ကြဲပက်ပြသခြင်းနှင့် ကြက်သွန်ဖြူ၊ ငရုတ်သီး၊ ဆေးရွက်ကြီးတို့နှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်း များကို လက်တွေ့ပြသခဲ့သည်။ ကြက်သွန်ဖြူ၊ ငရုတ်သီး၊ ဆေးရွက်ကြီးတို့ဖြင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲခြင်းဖြင့် ယင်ဖြူ၊ ကျိုင်း၊ ပင်စည်ထိုးပိုး၊ ခရုစသည့်ပိုးမွှားများကို ကာကွယ် နိုင်ပြီး ပြုလုပ်သုံးစွဲနည်းနှင့် ကုန်ကျစရိတ်မှာလည်း သက်သာ သောကြောင့် တောင်သူများ လိုက်နာဆောင်ရွက်နိုင်မည်ဖြစ် ကြောင်းလည်း ခရိုင်ဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကော့ကရိတ်ခရိုင်၊ မြို့နယ်မှ စိုက်ပျိုးပညာရှင်များ၊ ရေပူကြီးကျေးရွာအုပ်စုမှ တောင်သူများ၊ စုစုပေါင်း ၇၄ဦးတို့က ဆင်းသုခမျိုးစပါး အနံ့လောင်းဖြစ်တည်ချိန် ဝန်းကျင် (၆၈-၇၂) ရက်အတွင်း ပိုတက်ရှ်ဓာတ်မြေဩဇာကို ကြဲပက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-မေမိုးသဲ၊ ဓာတ်ပုံ-ဇေမိုး**

## ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးဘေး စုပေါင်းသစ်ပင်စိုက်ပျိုး

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးမြို့ တောင်စလင်းတိုက်သစ်၊ ဦးစီးပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)ဦးဆောင်သော ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ်နှင့်အလှူ ရှင်များ ပူးပေါင်းကာ ရန်ကုန်-မန္တလေးအမြန်ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၂၅၇)မိုင်မှ (၃၆၅) မိုင်အထိ အရိပ်ရသစ်ပင် ၁၀၀၀ ကျော်ကို ဩဂုတ်လဒုတိယပတ်က စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် လူသားတို့၏ စိတ်နှလုံးကို အစဉ်ထာဝရအေးချမ်းစေသည့်အတွက် စိုက်ပျိုးပင်များ ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းရှင်းခြင်း၊ သေသွားသောအပင်များ နေရာ၌ အစားထိုးစိုက်ပျိုးခြင်း၊ ရေစုပ်စက်၊ ရေတိုင်ကီပါ မော်တော်ယာဉ်ဖြင့် အပင်များရေလောင်းပက် ဖျန်းခြင်းတို့ကို ဆောင်ရွက်ပေးရန်အတွက် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)က လစဉ် အပင်စောင့်ရှောက်ထိန်းသိမ်းခ ငွေကျပ်နှစ်သိန်းထောက်ပံ့ပေးပြီး တစ်နှစ်ပတ်လုံးထိန်းသိမ်းစောင့် ရှောက်လျက်ရှိကြောင်း၊ သစ်တောနှင့်သစ်ပင်ဥယျာဉ်ချစ်မြတ်နိုးသူများအဖွဲ့ကို ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်သန်း(မဟာဝိဇ္ဇာ)**

# ဖိတ်ကြားလွှာ

## ဓမ္မကထိက ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အာစိဏ္ဏကံ၊ ပဒေသာပင်အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနား

ရွှေတိဂုံစေတီတော်ရင်ပြင် ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၉၁)ကြိမ်မြောက် ဓမ္မကထိကဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အာစိဏ္ဏကံ၊ ပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အမှုဆောင်၊ အသင်းသူ၊ အသင်းသား၊ အလှူရှင်များကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ် ပါသည်။ (သီးခြားဖိတ်စာ ပေးပို့မည်မဟုတ်ပါ)

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၆ ရက်၊ ၂၇-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - အမှတ်(၇၇/၇၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**
**ဖုန်း-၀၁-၅၂၃၆၉၄၊ ၀၁-၉၃၁၇၃၅၀၊ ၀၁-၉၃၁၇၂၈၆၊ ၀၉-၂၅၄၈၉၁၆၇၀**

# O.T.S (80) စည်သူတပ်ခွဲ ကျောင်းဆင်းသူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကျရောက်သည့် (၂၇)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ် ကျဆုံး/သေဆုံးသူငယ်ချင်းများကိုရည်စူး၍ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲများ၊ ပညာရည်ချွန်ဆုပေးပွဲ/ ထောက်ပံ့ငွေပေးအပ်ပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ အောက်ပါ နေ့ရက်/အချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**နေပြည်တော်**

| | နေ့ရက်/အချိန် | နေရာ |
|---|---|---|
| **စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်ခြင်း** | - ၂၆-၈-၂၀၁၇ ရက် (စနေနေ့) (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ | အုန်းတောပရိယတ္တိစာသင်တိုက် နေပြည်တော် (ပျဉ်းမနား) |
| **မိသားစုညစာစားပွဲ** | - ၂၆-၈-၂၀၁၇ ရက် (စနေနေ့) ည(၁၈း၀၀)နာရီမှ (၂၁း၃၀)နာရီထိ | Western Park Royal Hotel နေပြည်တော် |

**ရန်ကုန်**

| | နေ့ရက်/အချိန် | နေရာ |
|---|---|---|
| **စုပေါင်းဝါဆိုသင်္ကန်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ပညာရည်ချွန်ဆုပေးအပ်ခြင်း** | - ၂၇-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့) (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီ | ဒဂုံပရိယတ္တိစာသင်တိုက် အိမ်တော်ရာဘုရားဝင်း တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) အနီး၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| **မိသားစုညစာစားပွဲ** | - ၂၇-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ည(၁၈း၀၀)နာရီမှ (၂၁း၃၀)နာရီထိ | M.3 Food Centre Golden Hall ဗဟန်း အားကစားကွင်းအနီး၊ ရန်ကုန်မြို့ |

၂။ အလှူငွေထည့်ဝင်ခြင်းနှင့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသော သား၊ သမီးများ၏ အမည်စာရင်းကို အောက်ဖော်ပြပါသူငယ်ချင်းများထံသို့ ဆက်သွယ်ပေးပို့ပါရန်နှင့် မိသားစုနှင့်အတူ ပျော်ရွှင်စွာတက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

| နေပြည်တော် | | ရန်ကုန် | |
|---|---|---|---|
| နေဝင်း | ဖုန်း-၀၉-၄၂၀၇၀၈၀၅၂ | ထိန်လင်း | ဖုန်း-၀၉-၇၈၈၂၉၉၃၉၄ |
| အောင်မျိုးသူ | ဖုန်း-၀၉-၈၃၀၀၆၁၃ | အောင်သိန်းဦး | ဖုန်း-၀၉-၉၇၆၈၈၄၁၅၃ |
| သိန်းရွှေဝင်း | ဖုန်း-၀၉-၅၀၁၂၃၆၈ | ဆလိုင်းကျော်ဇင် | ဖုန်း-၀၉-၉၇၆၅၃၂၉၈၇ |
| စိုးကိုကို | ဖုန်း-၀၉-၅၄၁၉၇၈၉ | ခင်မောင်ထွန်း | ဖုန်း-၀၉-၄၂၀၀၈၄၆၄၇ |

## အမည်မှန်

ဦးစိုင်းဆိုက်၏သား ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ မောင်လေရှဲ၏ အမည်မှန်မှာ မောင်ယေရှဲ ၁၃/ကတန(နိုင်)၁၇၂၈၈၀ ဖြစ်ပါကြောင်း။ **မောင်ယေရှဲ**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မောင်မျိုးဝင်ထူး၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဦး ၅/ရဘန(နိုင်)၀၃၀၉၄၂ နှင့် ဒေါ်ငွေးဝင်း ၅/ကလတ(နိုင်)၀၈၉၂၃၉ ဖြစ်ပါသည်။ **ဦးခင်မောင်ဦး-ဒေါ်ငွေးဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း (E)မှ မောင်နေလင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၅/ကလတ(နိုင်)၀၀၉၀၀၂ ဖြစ်ပါသည်။ **ဦးဝင်းဇော်**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(B)မှ မနာဒေါ်ရှာ၏ဖခင်အမည်မှန် မှာ ဦးလောကျန် ၁၃/မဖန(နိုင်)၀၁၇၁၈၃ ဖြစ်ပါကြောင်း။ **ဦးလောကျန်**

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁၊ ကံ့ကော်)မှ နော်ရွှေလင်း၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဒေါ်ဖားဖို ၆/တသရ(နိုင်)၀၂၉၃၇ ဖြစ်ပါကြောင်း။ **ဒေါ်ဖားဖို**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(အတွဲ-၇၊ဇီဇဝါ)မှ မောင်ဆန်းသက်ဇော်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးကြီးစိန် ၆/ဘပန(နိုင်)၀၁၄၅၆၄ ဖြစ်ပါကြောင်း။ **ဦးကြီးစိန်**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မအေးချမ်းမေ၏ ဖခင်အမည်မှန်မှာ ဦးဇကျေ ၁၃/ကတန(နိုင်)၁၂၂၄၄၁ ဖြစ်ပါကြောင်း။ **ဦးဇကျေ**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက-၃ ထားဝယ် ဆဋ္ဌမတန်းမှ မောင်ချစ်ဝေပိုင်၊ စတုတ္ထတန်းမှ မောင်ဇာနည်ဟိန်း၊ ပထမတန်းမှ မောင်ဇာနည်ထွန်းနှင့် မောင်ဇာနည်အောင်တို့၏ဖခင်အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ဦးတင်ထွန်းအောင် ဖြစ်နေပါသဖြင့် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးပြည့်ဖြိုးအောင် ၁၂/ဒဂမ(နိုင်)၀၁၉၀၃၄ ဖြစ်ပါကြောင်း။ **ဦးပြည့်ဖြိုးအောင်**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၂)၊ နဝမတန်း(B)မှ မဘူးယု၏ ဖခင်အမည်မှန်မှာ ဦးအားဟူ ဖြစ်ပါကြောင်း။ **ဦးအားဟူ**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက-၃ (ထားဝယ်) တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းညီညီခန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဟံဝင်း ၆/လလန(နိုင်)၀၆၉၁၀၉၆ ဖြစ်ပါကြောင်း။ **ဦးဟံဝင်း**

## ဖခင်အမည်မှန်

ဦးခင်မောင်လတ်၏သမီး ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေချိုသွေး၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလွင် (TPZT-၀၀၇၃၃၉) ဖြစ်ပါကြောင်း။ **ဦးကိုကိုလွင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ယ/၁၇၃၉၀ Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၈/မကန(နိုင်) ၀၇၇၆၈၄က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

# အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

## (၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်နှင့်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘုရားဖူး ရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ "အောင်ချမ်းသာမှ သင့်ဆန္ဒပြည့်ဝစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တစ်ပတ်ခြား ဗုဒ္ဓဟူးနေ့တိုင်း ထွက်ခွာပြီး ဗုဒ္ဓဂယာမှရန်ကုန်သို့ တစ်ပတ်ခြား တနင်္ဂနွေ နေ့တိုင်းတိုက်ရိုက်ပြန်လာသည့် (၁၁)ညအိပ် (၁၂)ရက် ခရီးဖြစ်ပါသည်။

(၁၇)နှစ်တိုင် ခရီးစဉ်တိုင်း ဒေါ်သဇင်မြင့်အောင် လိုက်ပါဆောင်ရွက်၍ နွေးထွေးသော ဝန်ဆောင်မှုများ ပေးခဲ့ ပါသည်။ အထူးခရီးစဉ်အဖြစ် ကျန်းမာရေးကြောင့် ခရီးရှည်မသွားနိုင်သူများနှင့် အချိန်မပေးနိုင်သောဘုရားဖူးများအတွက် (၄)ညအိပ်၊ (၅)ရက်ခရီးစဉ်ကို စီစဉ်ထားရှိပါသည်။ ခရီးစဉ်မှာ ဗုဒ္ဓဂယာ(၂)ည၊ ဗာရာဏသီ(မိဂဒါဝုန်)(၁)ည၊ အပြန် ဗုဒ္ဓဂယာ (၁) ည ဖြစ်ပါသည်။ (၄)ညအိပ်၊ (၅)ရက်အထူးခရီးစဉ်-(၁) ၃-၁-၂၀၁၈၊ အထူးခရီးစဉ်-(၂) ၁၇-၁-၂၀၁၈။ ပုံမှန်(၁၁)ညအိပ် (၁၂)ရက် ခရီးစဉ်များမှာ -

(၁) ၂၇-၉-၂၀၁၇ (၁၀)ဦးလို
(၂) ၁၁-၁၀-၂၀၁၇ (၁၅) ဦးလို
(၃) ၂၅-၁၀-၂၀၁၇ (ပြည့်ပြီး)
(၄) ၈-၁၁-၂၀၁၇ (၁၀) ဦးလို
(၅) ၂၂-၁၁-၂၀၁၇ (ပြည့်ပြီး)
(၆) ၆-၁၂-၂၀၁၇ (၁၀) ဦးလို
(၇) ၂၀-၁၂-၂၀၁၇ (၂၀) ဦးလို
(၈) ၃-၁-၂၀၁၈ (၂၅) ဦးလို
(၉) ၁၇-၁-၂၀၁၈ (၂၅)ဦးလို
(၁၀) ၃၁-၁-၂၀၁၈ (၂၀)ဦးလို
(၁၁) ၁၄-၂-၂၀၁၈ (၁၀)ဦးလို
(၁၂) ၂၈-၂-၂၀၁၈ (၁၀)ဦးလို
(၁၃) ၁၄-၃-၂၀၁၈ (၂၅)ဦးလို
(၁၄) ၂၈-၃-၂၀၁၈ (၃၀)ဦးလို
(၁၅) ၁၁-၄-၂၀၁၈ (၃၀)ဦးလို
(သင်္ကြန်ပိတ်ရက်)

အထက်ပါခရီးစဉ်များ ပြောင်းလဲခြင်းမရှိပါ။ မိမိသွားလိုသော ခရီးစဉ်များကို ရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၂ သို့ အမြန်ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။ **သဇင်မြင့်အောင်**




## ငြင်းချက်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မကွေးမြို့နယ်တရားမရုံး၌
### ၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်-၆၂

ဦးခင်မောင်သန်း **နှင့်** ၁။ ဦးမြမောင်၊ ၂။ ဦးခင်မောင်ကြည်
**တရားလို** **တရားပြိုင်များ**

အောင်စေတနာ (ဘီ)အုပ်စု၊ (၈)လမ်း၊ မကွေးမြို့နယ်နေ ၁။ ဦးမြမောင်၊ ၂။ ဦးခင်မောင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်သန်းက တရားပြိုင်နှစ်ဦးထံမှ ဝယ်ယူထားသော မြေကွက်အရောင်းအဝယ် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ပေးလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၈ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မိုးလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တာချီလိတ်မြို့နယ်တရားမရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်အေးအေးသင်း **နှင့်** ဦးဇော်ငွေး
**တရားလို** **တရားပြိုင်**

တာချီလိတ်မြို့၊ အမှတ်(၇/၂၁၇)၊ ဝမ်ကောင်းရပ်၊ ကချင်ရွာနေ ဦးဇော်ငွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကိုကိုနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တာချီလိတ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲကျေးရွာ၊ အကွက်အမှတ်(OSS)၊ ဦးပိုင်အမှတ်(၁၄၂၂)၊ မြေဧရိယာ ၀ဒသမ ၄၂၉ဧကရှိ မြေကွက်အား ဒေါ်စုကလျာ၊ ဒေါ်သန္တာ၊ ဒေါ်သီဂီ အမည်မှ ဒေါ်ဝင်းစိန် ၁/ဗမန(နိုင်)၀၀၃၂၃၉ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်သစ်လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဒေါ်ဝင်းစိန်**
**ဟန်းတဲကျေးရွာအုပ်စု၊**
**ဗန်းမော်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ရွှေပြည်သာကျေးရွာ၊ အကွက်အမှတ်(OSS)၊ ဦးပိုင်အမှတ်(၈၃၂)၊ မြေဧရိယာ ၀ဒသမ ၁၈၄ဧကရှိ မြေကွက်အား ဦးခင်မောင်ဦးအမည်ဖြင့် ယာယီမြေပေးမိန့်ရရှိခဲ့ပြီး ဦးအောင်မိုးဝင်းအား ရောင်းချခဲ့ရာ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၅-၁၀-၂၀၁၅ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးခင်မောင်ဦး အမည်မှ ဦးအောင်မိုးဝင်း ၁/ဗမန(နိုင်)၀၇၉၁၀၇ အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်သစ်လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဦးအောင်မိုးဝင်း**
**ရွှေပြည်သာကျေးရွာ၊**
**ဟန်းတဲကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ကွင်းအမှတ် ၁၉၉၀၊ ချောင်းသာကွင်း၊ ဦးပိုင်အမှတ် ၆-၁၃၄၊ ဧရိယာ ၀ ဒသမ ၀၅၆ဧကရှိမြေကို ဦးတင်ထွန်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၅၄၈-ခ ကောင်းမှုတော်)ကွက်၊ ဦးပိုင် ၈/၁၀၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ မြေအား ဦးတင်ဦးအမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ရဟန်းဒါယိကာမကြီး

## ဒေါ်လှရွှေ(ခ)ဒေါ်ပိန်စိ

အသက်(၉၃)နှစ်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ခလော့ခနိုင်းရွာနေ (ဦးထွန်းအောင်-ဒေါ်ငွေညာ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၆)ရပ်ကွက်၊ စုပြည့်ရတနာလမ်း၊ အမှတ် ၁၇၄နေ [ဦးတင်မြင့် (မြန်မာ့မီးရထား၊ ငြိမ်း)]၏ဇနီး၊ ဦးကျော်ညွန့်(မီးရထား BCB-ငြိမ်း)-ဒေါ်ထားထားဝင့်(လဝက၊ ငြိမ်း)၊ ဦးမျိုးညွန့် (မီးရထား လ/ထတိုင်းမန်နေဂျာ၊ ငြိမ်း)-ဒေါ်မမစု(အထပြ၊ ငြိမ်း)၊ ဦးတင်ညွန့်(ရဲအုပ်၊ ငြိမ်း)-(ဒေါ်ခင်ထွေးမြင့်)၊ ဦးဝင်းညွန့်(ဦးစီးအရာရှိ၊ စစစ-ငြိမ်း)-ဒေါ်အုန်းအုန်းသန်း(ဌာနစုမှူး၊ စည်ပင်)၊ ဦးစိုးမင်း-ဒေါ်မာလာမြင့်(အလပြ၊ ငြိမ်း)၊ ဦးနိုင်တင်မောင်ညွန့်(ရှေ့နေ/စာရေးဆရာ)-ဒေါ်မြင့်မြင့်သန်း(အထပြ၊ ငြိမ်း)၊ ဦးခင်မောင်ညွန့်-ဒေါ်နန်းရွှေ၊ ဦးဌေးလွင်-ဒေါ်သဇင်မြင့်၊ ဦးမင်းဆွေ(ရန်ကုန်တိုင်းရဲတပ်ဖွဲ့)-ဒေါ်သီတာမြင့်(ခ)မခိုင်၊ ဦးစောအောင်ညွန့်-ဒေါ်သန်းသန်းဝင်းတို့၏မိခင်၊ ဒေါက်တာထွဋ်အောင်ကျော် (လက်ထောက်ကထိက)၊ ဒေါက်တာဝင်းပပခိုင်(အထက်တန်းပြ)၊ ကိုမင်းသုကျော်(ခေတ္တ-စင်ကာပူ)-မအိဖြူ၊ ကိုသန်းနိုင်-မဝင့်မာကျော်(ဗဟိုဘဏ်)၊ ဗိုလ်မှူးအောင်မြင့်မင်း(ဗထူး)၊ ကိုမြတ်သူထွန်း(Survey Manager)-မအိသဲခိုင်(မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီ၏အကြံပေးရှေ့နေ)၊ ဗိုလ်မှူးပြည့်ဖြိုးကျော်(တပ်မတော်-ရေ)-မလွင်ဇာမျိုး(နည်းပြ၊ သူနာပြုတက္ကသိုလ်)၊ (မမီးမီးလေး)၊ မဖြူသွယ်ဝင့်ကျော်(ဒီဇိုင်း)၊ ကိုဇော်မိုးထက် (မန်နေဂျာ၊ ထူးကုမ္ပဏီလီမိတက်)-မယဉ်သွယ်ဌေး(မန်နေဂျာ၊ UAB)၊ ဗိုလ်မှူး ကိုကိုမောင်(တပ်မှူး)-မမီမီဇင်၊ မဝင်းသွယ်ကျော်၊ ဗိုလ်ကြီးကျော်စွာလင်း(တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး) - မယုယုခိုင်(ဦးစီးအရာရှိ၊ ပြည်ထောင်စုအဖွဲ့ရုံး)၊ ဗိုလ်ကြီးလှိုင်ဝင်းဗိုလ်(တပ်မတော်-လေ)၊ ကိုတင်အောင်ကျော် (MPT) - မမိုးလေသွေး (MPT)၊ ကိုဖြိုးသင်း (Third Engineer)၊ မအေးချမ်းမြင့်(ပထမနှစ်၊ သမိုင်း)၊ ကိုဇင်လင်းထက်(ယဉ်ကျေးမှုတက္ကသိုလ်၊ရုပ်ရှင်နှင့်ပြဇာတ်ဌာန)၊ကိုညဏ်လင်းထက်(ခေတ္တ-ဂျပန်)၊ကိုကောင်းစည်သူ(Pizza Hut)၊ မရွှေယမင်းဦးတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၅း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)

စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)

အသက်(၈၅)နှစ်

ဗိုလ်မှူးချုပ် သက်ပုံ-ဒေါ်နှင်းနှင်းမြင့်နိုင်တို့၏ဖခင် ဗိုလ်မှူးကြီးအောင်နိုင် (ငြိမ်း) အသက်(၈၅)နှစ်သည် ၁၈-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သားတပည့် ဗိုလ်နေမျိုးဇော်-မစုနန္ဒာဝင်း
မချမ်းဘော့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဦးလင်း အသက်(၆၀)

IHC (Holland)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆(င)နေ ဒုတိယဗိုလ်မှူးကြီးလင်းသိန်းမောင်(ငြိမ်း၊ တပ်မတော်ရေ)-(ဒေါ်တင်တင်သော်)တို့၏တစ်ဦးတည်းသောသား၊ (ဦးတင်လှ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်စန္ဒာ၏ချစ်လှစွာသောခင်ပွန်း၊ Captain မြင့်ဇော်မင်း-ဒေါ်ခိုင်ခိုင်လင်းတို့၏ချစ်လှစွာသောအစ်ကို၊ ဗိုလ်ကြီးရန်လင်းမောင်-ဒေါ်မြတ်စန္ဒီလင်း၊ ဒေါ်ရတနာလင်းတို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာခိုင်သဉ္ဇာမောင်၊ ဦးလွင်မောင်မောင်၊ ဦးဇော်ဝင်းရှိန်-ဒေါ်ရွှေယင်းမာတို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဦးလင်း အသက်(၆၀)

IHC (Holland)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆(င)နေ ဒုတိယဗိုလ်မှူးကြီးလင်းသိန်းမောင်(ငြိမ်း၊ တပ်မတော်ရေ)-(ဒေါ်တင်တင်သော်)တို့၏တစ်ဦးတည်းသောသား၊ (ဦးတင်လှ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်စန္ဒာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှအောင်-ဒေါ်ရွှေကြည်၊ ဒေါ်အိုင်ရင်းတင်လှ၊ (ဦးတင်ဇော်အေး)-ဒေါ်နီလာဝင်းမြင့်၊ ဦးဆွေဝင်း-ဒေါ်ရှယ်လီ၊ ဒေါ်တင်မာလာတို့၏ညီ/မောင်၊ ဦးကိုလေး-ဒေါ်တင်သူဇာတို့၏အစ်ကို၊ ဗိုလ်ကြီးရန်လင်းမောင်-ဒေါ်မြတ်စန္ဒီလင်း၊ ဒေါ်ရတနာလင်းတို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေးသည် ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးချစ်ချစ်သွင်

(ဦးစီးအရာရှိ)

ရေဖြူမြို့နယ်

သမဝါယမဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီး

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ် ၃၄နေ (ဦးဘသွင်-ဒေါ်လှမြင့်)တို့၏သား၊ ရဲအုပ် ဦးဘုန်းသွင် (ငြိမ်း)၊ ဒေါ်ဝေဝေသွင် (သ/မ၊ ငြိမ်း)၊ ဒေါ်စီစီသွင် (ဦးစီးအရာရှိ၊ ငြိမ်း)တို့၏မောင်၊ ဦးချိုပြုံးသွင်-ဒေါ်လဲ့လဲ့ဝင်း (တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်နီနီသွင်တို့၏အစ်ကိုသည် ၂၂-၈-၂၀၁၇ရက် ည ၁၀း၄၅နာရီတွင် ရေဖြူမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ရေဖြူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သုံးဆယ်မြို့အသင်း(ရန်ကုန်)

ဂုဏ်ထူးဆောင်အသင်းဝင်

## ဒေါ်သန်းသန်းဝင်း

(ဝင်းမြန်မာ)

အထပြ(ငြိမ်း)

သုံးဆယ်မြို့

အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ လမ်းမတော်ခြံကြီးဝင်းနေ ဦးဘိုးမှင်-ဒေါ်ပုရွှေတို့၏သမီး ဒေါ်သန်းသန်းဝင်းသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပန်းယိုင် (စစ်တွေမြို့)

အသက်(၈၈)နှစ်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ (ဦးသာမောင်-ဒေါ်နန်းသူ)တို့၏သမီး၊ (ဦးဘအေး)၏ဇနီး၊ ဒေါ်အနု (ဒေါ်အဘူ)၊ (ဦးမောင်ဘသိန်း)၊ ဒေါ်ဖြူမ-ဦးဘမြိုင်၊ ဦးအောင်ဝေတို့၏အစ်မ၊ ဦးသာလူမောင်၊ ဒေါ်နုစောခင်၊ ဦးကျော်ရှိ-(ဒေါ်သာနုဖြူ)၊ ဦးမောင်ဌေးလှ၊ ဒေါ်ဖြူမချေ၊ ဦးသိန်းထွန်းအောင်-ဒေါ်ခင်အေးဖြူတို့၏မိခင်၊ မြေး ၁၉ယောက်တို့၏အဘောင်ရှင်၊ မြစ် ၁၀ယောက်တို့၏ အဖီးရှင်သည် ၂၂-၈-၂၀၁၇ရက် ည ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မြ (ပြင်စလူမြို့)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၈၂ (ပထမထပ်)နေ (ဦးအလန်း)၏ဇနီး၊ ဦးဘုန်းလွင်-ဒေါ်ဝင်းဝင်းမာ၊ ဦးစိန်လွင်-ဒေါ်ယုရင်၊ ဦးကျော်လှိုင်-ဒေါ်အေးအေးစိုး၊ ဦးစိုးလွင်-ဒေါ်နီနီမြင့်၊ ဦးမျိုးလွင်-ဒေါ်ဌေးဌေး၊ ဦးမောင်မောင်လွင်-ဒေါ်ယုယုမော်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ (ဖျာပုံ)

အသက်(၈၇)နှစ်

ဖျာပုံမြို့နေ (ဦးကြင်-ဒေါ်သိန်းရှင်)တို့၏သမီး၊ ဖျာပုံမြို့၊ ရွှေနတ်ကူဘုရားလမ်းနေ(ဦးတင်ရှိန်-ဒေါ်မြသန်း)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးအုန်း(ခ)ဦးတင်ကြည်-ဒေါ်တင်ရွှေတို့၏အစ်မ(ဦးအောင်စိုး-ဒေါ်လှမြင့်)ဦးကျော်တင့်-ဒေါက်တာဒေါ်လှလှ၊ (ဦးကျော်မြင့်)-ဒေါ်တင်ဝင်းတို့၏အစ်မ၊ ဖျာပုံမြို့၊ ခါတော်မှီဆန်စက်(ဦးကျင်မောင်)၏ချစ်လှစွာသောဇနီး၊ ဖျာပုံမြို့၊ သုရိန်လမ်း၊ အမှတ် ၈နေ ဒေါ်သန်းသန်းဝင်း၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၈၈၀နေ ဦးချိုအေး(Thanks & Grace Co.,Ltd.)-ဒေါက်တာခင်လှဝင်းတို့၏မိခင်၊ မသူသူဟန်(တတိယနှစ်၊ ဆေးဝါးတက္ကသိုလ်)၊ မောင်ညဏ်လင်းထွန်းတို့၏အဘွားသည် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှမေ (စစ်တွေ)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ တပင်ရွှေထီးလမ်း၊ နေဗလတိုက်၊ အမှတ် ၅-A၊ အခန်း E 1-2 နေ [ဦးမြထွန်းဦး (တွဲဖက်အတွင်းဝန်၊ ငြိမ်း)-ဒေါ်သာနု]တို့၏သမီး၊ [ဦးသာဖံအောင်(လက်ညွှန်မှူး၊ ဗဟိုစာရင်းရုံး၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ (ဒေါ်တင်တင်ညွန့်)-ဦးသာထွန်း၊ (ဒေါ်အေးအေးသန်း)-ဦးကျော်သာလှ၊ (ဦးသာမြ-ဒေါ်မြလှဖံ)တို့၏ညီမ၊ (ဦးမြသောင်း)-ဒေါ်မြမြအေး၊(ဒေါ်နုနုခင်-ဒေါက်တာစံထွန်း)တို့၏အစ်မ၊ဒေါက်တာညိုညိုအောင်-ဦးမင်းဖံ(ဒု-အင်ယာမှူးကြီး၊ ငြိမ်း)၊ ဦးကျော်ဇောအောင်(GM,AA Medical Produeds Ltd.)-ဒေါ်မြသန္တာ(အထပြ)၊ ဒေါက်တာကျော်ကျော်အောင် (အောင်ဆေးကုခန်း၊ တ/ဥ)-ဒေါ်မိမိခိုင်(လ/ထ သုတေသနအရာရှိ၊ DCPT-ငြိမ်း)၊ ဦးမြထွန်းအောင်တို့၏မိခင်၊ကိုမင်းစိုးဖံ(စင်ကာပူ)-မနှင်းပွင့်ဖြူ၊ ကိုအေးထွန်းဖံ(Site Eng)၊ မခိုင်စုစန္ဒီ(CMHL)၊ မမြစုဇာလီအောင်(စင်ကာပူ)တို့၏အဘောင်ရှင်သည် ၂၂-၈-၂၀၁၇ရက် ည ၁၁နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျားမင်းနိုင် (ရဲ-ဒုတပ်ကြပ်)

အသက်(၄၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကျောက်တန်းကျေးရွာနေ ဦးထွန်းကြည်-(ဒေါ်ဘုမ)တို့၏သား၊ ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ မအိသဉ္ဇာနိုင်၊ မောင်ဟိန်းထက်နိုင်၊ မောင်ထက်နိုင်တို့၏ဖခင်သည် ၁၉-၈-၂၀၁၇ရက် မွန်းလွဲ ၁၂း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကော့ကရိတ်မြို့ ခင်နမ်းမူသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဝင်း

(ဝင်းမြန်မာ)

အထပြ(ငြိမ်း)

သုံးဆယ်မြို့

အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ လမ်းမတော်ခြံကြီးဝင်းနေ ဦးဘိုးမှင်-ဒေါ်ပုရွှေတို့၏သမီး၊ မရီရီဝင်း၊ မလှလှဝင်း၊ဦးကျော်လွင်-ဒေါ်မြမြဝင်း၊ဦးတင်ထွန်း - ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်မ၊ ဦးမြင့်ကြည်-ဒေါ်စုမြတ်နှင်း၊ မောင်အောင်မြတ်သူ-မခင်မျိုးသက်၊ မောင်ငြိမ်းချမ်းသူ-မကြည်ဖြူတို့၏ အဘွားသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်သန်းတင့်

(Wendy Tun Pe)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ဈေးကုန်းအနောက် ၉/၈န္ဒာမာလမ်း၊ အမှတ် ၉ နေ(ဝဏ္ဏကျော်ထင် ဦးထွန်းဖေ-ဒေါ်ခင်လှ)တို့၏သမီး၊ ဦးသန်းစိုး(ခရိုင်အုပ်ချုပ်ရေးမှူး၊ထွေ/အုပ်၊ငြိမ်း)၏ဇနီး၊ ဦးအောင်ဖေဦး-ဒေါ်ပြုံးမြင့်သွယ်၊ ဦးနေမင်းစိုး-ဒေါ်ဝါဝါဝင်း(ခေတ္တ-စင်ကာပူ)၊ကိုထင်လင်းစိုး (ခေတ္တ-အင်္ဂလန်)တို့၏ မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်နှင်း (ကင်းရွာ)

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၅၂-A)၊ မြေညီထပ်နေ(ဦးဖိုးထင်-ဒေါ်ဝါး)တို့၏သမီး၊ (ဦးဝင်းဖေ - ဒေါ်စု)တို့၏သမီးချွေးမ၊ (ဦးစိန်)၏ဇနီး၊ ဒေါ်စန်းစန်း၊ ဦးစိန်ဝင်း၊ ဒေါ်သန်းသန်း၊ ဦးစိန်လွင်-(ဒေါ်တင်မြထွေး၊ ကစလ)၊ဦးစိန်ဌေးအောင်-ဒေါ်ညွန့်ညွန့်ဝေ၊ ဗိုလ်ကြီးမျိုးအောင် (ငြိမ်း)-ဒေါ်မြကြည်၊ ဒေါ်ရင်ရင်မြတို့၏ မိခင်သည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

## ဒေါ်ကျင်အေး(ခ) တင်ကျင်တီ (သန်လျင်မြို့)

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ ဈေးချိုလမ်း၊ အမှတ် ၁၈နေ (ဦးဖဲယား-ဒေါ်မြညွန့်)တို့၏သမီး၊ (ကွာပို့ကြဲ)၏ဇနီး၊ ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်ဗြဟ္မစာရီ၊ ကွာစွန်ဟိုင်း(ခ)ဦးကျော်ကျော်ထွန်း - ဒေါ်ဝါဝါနီတို့၏မိခင်၊ မကေဇင်ကျော်ကျော်ထွန်း၊ မောင်ဟိန်းမင်းထက် - မဇင်သီကျော်ကျော်ထွန်းတို့၏အဘွား၊ မောင်အာကာကျော်၏ ဘွားဘွားကြီးသည် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၀၉နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

## ဦးစိန်အောင်

မန်နေဂျာ(ငြိမ်း)

စိုက်ပျိုးရေးရုံးချုပ်(တိုးချဲ့)

အသင်းဝင်(၀၅၁၉)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊ ကြေးတိုင်စုလမ်းနေ ဦးစိန်အောင်သည် ၂၂-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအင်စိန်

အလုပ်အမှုဆောင်၊ မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(အနောက်) ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၇၃-A) သုံးလွှာနေ(ဦးစိုက်ချမ်း-ဒေါ်ရှုတင်)တို့၏သား၊ ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## Abraham Van Bawi Mang

(ပဉ္စမတန်း၊ အထက-၂၊ မရမ်းကုန်း)

အသက်(၁၂)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဓဲဖိုင်ရွာနေ (Rev.John Mang)-Pi Thla Iang တို့၏သား၊ Danny Lian Hu Mang (Civil Engineering 3rd Yr., Rangsit International University, Thailand)၊ Bawi Lian Mang (IC 2nd Yr.,Dagon University, Yangon) တို့၏ညီ၊ Ca Hnem Par ၏ တူသည် ၂၃-၈-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ရန်ကုန်မြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[(၁)အမှတ် ၁၆-က၊ ဒေါ်လှခင်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း၊ (၂) ဘီအိုစီ၊ အင်းစိန်၊ (၃) လှိုင်သီရိအိမ်ရာ၊ လှိုင်၊ (၄) မန္တလေးမှတ်တိုင်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်တို့မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးချစ်ဆွေ (ဥက္ကံ)

(နန်းသိင်္ဂီ စိန်ရွှေရတနာလုပ်ငန်း)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်ခို-ဒေါ်ငွေခဲ)တို့၏သား၊ ဥက္ကံမြို့နေ (ဦးကျော်ရင်-ဒေါ်ရွှေမြိုင်)တို့၏သားသမက်၊ (ဦးချစ်-ဒေါ်တင်)၊ (ဦးပြည့်စုံ)-ဒေါ်တင်အေး၊ (ဦးချစ်တင်-ဒေါ်သန်းကြွေ)၊ (ဦးချစ်ခင်)၊ (ဦးမောင်မောင်လှ)-ဒေါ်တင်လှ၊ ဦးခင်စိန်-ဒေါ်တင်မြတို့၏ညီ/မောင်/အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၈၁၂နေ ဒေါ်စိန်အေး၏ခင်ပွန်း၊ ဦးငွေဇင်-ဒေါ်ခင်ဆွေဦး၊ ဦးဝင်းဦး-ဒေါ်ခင်မေဦး၊ [ကိုခင်မိုး(ခ)အတူး]၊ (ကိုတင်ထူး)၊ (ကိုဌေးလွင်)-မသိမ့်သိမ့်စံ၊ (ဦးသန်းထွဋ်)-မမေမေသွင်၊ မစုထွေးနိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦးဒါယကာကြီး

## ဦးလှစိုး (စိုးရတနာ-မှန်လုံယာဉ်)

အသက်(၇၇)နှစ်

သထုံမြို့နယ်၊ နောင်ဘိုကျေးရွာနေ(ဦးမောင်သွင်-ဒေါ်ငြိမ်းလှ)တို့၏သား၊ ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ဘူတာလမ်းနေ(ဦးအံ့ထွန်း-ဒေါ်ကြည်)တို့၏သားသမက်၊ သထုံမြို့နေ (ဦးအောင်ရွှေ)-ဒေါ်အမာ၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာနေ (ဦးစိန်ထွန်း)-ဒေါ်ကြည်၊ ရပ်စောက်မြို့နေ ဒေါ်စိန်ဝိုင်းတို့၏ညီ/မောင်၊ ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ နှင်းဆီ ၁လမ်းနေ (ဦးစောသာအောင်)-ဒေါ်ခင်အေးလွင်တို့၏အစ်ကို၊ ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ ဘူတာလမ်းနေ ဦးခင်မောင်စိုး-ဒေါ်ဝင်းဝင်းစိုး၊ မြိတ်မြို့၊ ကမ်းရိုးတန်းဒေသ၊ တိုင်းစစ်ဌာနချုပ်နေ ဒုတိယဗိုလ်မှူးကြီးအောင်လွင်-ဒေါ်ခင်စန္ဒာစိုး၊ ဦးမျိုးမြင့်-ဒေါ်ခင်သူဇာစိုး(မြသော်တာ ရွှေဆိုင်)၊ကိုဝင်းထိုက်ထွန်း-မခင်ဥမ္မာစိုး(စိုးရတနာရွှေဆိုင်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ခင်မြင့်(စိုးရတနာ-ရွှေဆိုင်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ ဘူတာလမ်းသွယ်(၁)နေ (ဦးလှစိုး)-ဒေါ်ခင်မြင့်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နေကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်ထွန်း

ရဲအရာခံယာဉ်ထိန်းတပ်ဖွဲ့

အသက်(၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လက်ခုပ်ပင်ရွာသာကျေးရွာအုပ်စုနေ (ဦးတင်မြင့်)-ဒေါ်အုံးတင်တို့၏သား၊ (ဦးအေးမောင်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ မောင်နေမင်းနိုင်-မနှင်းဇာခြည်ဝင်း၊ မခိုင်စန္ဒာဝင်း၊ ဝဏ္ဏမျိုးအောင်တို့၏ဖခင်၊ ဒေါ်ခင်ဌေးရီ(ခ)ဒေါ်ခင်အုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းနိုင်ထွန်း-မအေးသန်း၊ ကိုဇော်ဦး-မပြုံး၊ ကိုမြသန်း-မခင်လေးရီ၊ ကိုခင်မောင်ဆွေ-မမိုးစီနိုင်၊ မောင်ကျော်သူရထွန်းတို့၏အစ်ကိုသည် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိနောက်(၄)လမ်း၊ အမှတ် ၁၄၀ နေအိမ်မှ ကားများထွက်ခွာပြီး ကျိုစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဖိုးလမင်း

M.O.G.E (CNG) အလုံ-၂

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၆၆-A)နေ (ဦးဟုတ်ကြည်၊ အုပ်ချုပ်ရေးအရာရှိ M.O.G.E-ငြိမ်း)-ဒေါ်စောလှိုင်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် ၂၆နေ ဦးကောက်ကြီး(ဘဏ္ဍာရေးဌာန M.O.G.E-ငြိမ်း)-ဒေါ်ခင်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၀၃နေ ဒေါ်မိုးနီလာ(နီလာအလှပြင်ဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်သူရိန်၊ မောင်ထက်ဇော်လင်းတို့၏ ချစ်လှစွာသောဖခင်သည် ၂၃-၈-၂၀၁၇ရက် နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဖိုးလမင်း အသက်(၄၅)နှစ်

M.O.G.E (CNG) အလုံ-၂

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၆၆-A)နေ (ဦးဟုတ်ကြည်၊ အုပ်ချုပ်ရေးအရာရှိ၊ ငြိမ်း)-ဒေါ်စောလှိုင်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် ၂၆နေ ဦးကောက်ကြီး(ဘဏ္ဍာရေးဌာန၊ M.O.G.E-ငြိမ်း)-ဒေါ်ခင်ရီတို့၏သားသမက်၊ ဦးယုလှိုင်-ဒေါ်သူဇာဝင်း(USA)၊ ဦးမိုးဆွေ(M.O.G.E - CNG)-ဒေါ်စန်းစန်းဦး၊ ဦးမောင်မောင်သန်း(M.O.G.E - CNG)-ဒေါ်ခင်ခင်ချိုတို့၏ညီ၊ ဦးထက်လင်းမောင်-ဒေါ်မြသန္တာ(USA)၊ ဦးမျိုးမင်းသန်းတို့၏အစ်ကို၊ ဒေါ်မိုးသီတာဦး၏မောင်၊ ဒေါ်မိုးနီမာ၊ ဦးစိုင်းလေး-ဒေါ်နှင်းသီတာဖွေးတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၀၃နေ ဒေါ်မိုးနီလာ(နီလာအလှပြင်ဆိုင်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်သူရိန်၊ မောင်ထက်ဇော်လင်း(အထက-၂ ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း-D)တို့၏ ချစ်လှစွာသောဖခင်သည် ၂၃-၈-၂၀၁၇ရက် နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ကျော်ကိုကိုဦး

INC Professional ICT Solutions Co.,Ltd
Sale & Marketing Departement

အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း/ကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၂/D နေ ဦးကျော်သောင်း(ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါ်ခင်အေး၊ ဦးလှမြင့်-ဒေါ်လှမြိုင်တို့၏မြေး၊ ဦးတင်ထွန်း-ဒေါ်ခင်သောင်းမြင့်တို့၏သား၊ မထက်ထက်ထွန်း၏အစ်ကို၊ မဆုမြတ်အောင်၏ခင်ပွန်းသည် ၂၂-၈-၂၀၁၇ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## တောင်တရုတ်ပင်လယ်ပြင်မှ ဟာတိုတိုင်ဖွန်းမုန်တိုင်းကြောင့် မိုးကြီးခြင်း၊ လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဟာတို"(Hato)သည် တရုတ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း "ဟာတို" (Hato)၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ယနေ့ညနေမှနောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ကုန်းမြင့်အနီးတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## စက်ရုံအလုပ်သမားများ အလုပ်သမားဥပဒေများ သိရှိထားပါက လုပ်ငန်းခွင် ပိုမိုအဆင်ပြေနိုင်

စာမျက်နှာ - ၉

# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

# အကြမ်းဖက်မှုတိုက်ဖျက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



မြန်မာနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက သဘာပတိအဖြစ် ကြီးမှူးဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် ဒေသတွင်း၌ ဘာသာရေးအစွန်းရောက်မှုနှင့် အကြမ်းဖက်မှုအန္တရာယ်မြင့်မားလာသည့်အခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအစိုးရဘက်မှ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး His Excellency Dr. Ito Sumardi၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားအကြမ်းဖက်မှုတိုက်ဖျက်ရေးအေဂျင်စီနှင့် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံရုံးတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဘိလိယက်နှင့်စနူကာပြိုင်ပွဲမှ ငွေတစ်ခု၊ ကြေးတစ်ခုဆွတ်ခူး

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်(ခေတ္တမလေးရှား)**

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

ဆီးဂိမ်းဘိလိယက်ပြိုင်ပွဲ၏ နှစ်ယောက်တွဲပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ကွာလာလမ်ပူ ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ မြန်မာမှ အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲမှာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာမှ အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲသည် ထိုင်းနိုင်ငံမှ ပရာပွတ်နှင့် သာဝပ်အတွဲနှင့် ယှဉ်ပြိုင်ခဲ့ရပြီး



ငွေတံဆိပ်ရခဲ့သည့် မြန်မာမှ အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲ

သုံးပွဲ-နှစ်ပွဲဖြင့် အရေးနိမ့်ခဲ့ရသည်။ ပရာပွတ်ဦးဆောင်သည့် ထိုင်းအတွဲသည် ပထမပွဲတွင် ၁၀၀-၀ မှတ်၊ ဒုတိယပွဲတွင် ၁၀၀-၇၀ မှတ်ဖြင့် အနိုင်ရခဲ့သည်။

ပထမနှစ်ပွဲတွင် ပုံမှန်လက်စွမ်းမရဖြစ်နေသည့် အောင်ဌေးနှင့်

စာမျက်နှာ ၁၃ ကော်လံ ၁ ❖

## (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ထွန်းမင်းနှင့် ထွန်းထွန်းအောင် ရွှေတံဆိပ်တစ်ခုစီရရှိ

**သတင်း - အေကေလင်း**

**ရန်ကုန် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိကျင်းပနေသော ၂၀၁၇ ခုနှစ် (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ယနေ့ပြိုင်ပွဲတွင် မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားသမား ထွန်းမင်းနှင့် ထွန်းထွန်းအောင်တို့ ရွှေတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ၆၅ ကီလိုတန်းတွင် ထွန်းမင်းက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အိန္ဒိယက တတိယဖြင့်လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် မြန်မာမှ ထွန်းထွန်းအောင်က ပထမ၊ ထိုင်းက ဒုတိယ၊ မလေးရှားက တတိယဖြင့်လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကာယဗလ ၆၀ ကီလိုတန်းတွင် ထွန်းထွန်းအောင်၊ ၆၅ ကီလိုတန်းတွင် ထွန်းမင်း၊ ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်၊ Model Physique ၁၆၀ စင်တီမီတာအောက်တွင် နန်းလောင်ခမ်းနှင့် Athetetic Physique တွင် နှင်းနှင်းအေးတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကာ နိုင်ငံပေါင်း ၂၀ ပါဝင်လျက်ရှိကြောင်း သိရသည်။

